# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 1 January 2023 ၁၀၉၆၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်ကြမည့် ခေတ်အဆက်ဆက်နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ကြသော နိုင်ငံတော်အကြီးအကဲများနှင့် တပ်မတော်အရာရှိကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်မည့် ဦးနေဝင်း၏သမီး ဒေါက်တာခင်စန္ဒာဝင်းအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၁**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည့် ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများနှင့် တပ်မတော်အရာရှိကြီးများ၏ မိသားစုဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့နံနက်ပိုင်းတွင် ၎င်းတို့ခေတ္တတည်းခိုနေထိုင်သည့် နေပြည်တော်ရှိ ဘုရင့်နောင်ဧည့်ရိပ်သာ၌ သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ထိုသို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်ရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ခေတ်အဆက်ဆက်


စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆


## ယနေ့ ဖတ်စရာ


**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်**

စာမျက်နှာ » ၉

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

**ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ**

စာမျက်နှာ » ၁၀



**ပြောင်းလဲတိုးတက်နိုင်သူတို့အတွက် အချိန်တိုင်းသည် နှစ်သစ်**

ဆောင်းပါး စာမျက်နှာ » ၁၈

# နှစ်သစ်တွင် နိုင်ငံတိုးတက်ရေးပါဝင်ကြိုးပမ်း

ခရစ်သက္ကရာဇ် ၂၀၂၂ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၃ ခုနှစ် နှစ်သစ်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ ၂၀၂၃ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယတွင် နှစ်ဟောင်းမှ မကောင်းသောအမှုများကို ချေဖျက်ပြီး နှစ်သစ်တွင် စိတ်သစ်၊ ကိုယ်သစ်ဖြင့် ကောင်းခြင်းမင်္ဂလာများနှင့်ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် အေးချမ်းသာယာဝပြောသော လူ့ဘောင်လောကသစ်ကို တည်ဆောက်နိုင်ရန် နိုင်ငံတော်၏ ရည်မှန်းချက်များအောင်မြင်အောင် ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဒီမိုကရေစီစနစ်တည့်မတ်ခိုင်မာစွာ ဖြစ်ပေါ်လာရေးနှင့် ငြိမ်းချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်ပေါ်လာစေရန်အတွက် နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရှေ့လုပ်ငန်းစဉ်၊ ဦးတည်ချက်နှင့် ရည်မှန်းချက်များသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ဦးတည်ဖော်ဆောင်နေခြင်းဖြစ်၍ ရည်မှန်းချက်များအောင်မြင်အောင် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခြင်းဖြင့် တိုင်းပြည်သာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ကျွဲကူးရေပါ လိုက်ပါဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိတို့ဘဝများ တိုးတက်ကောင်းမွန်လာအောင် အစဉ်ကြိုးပမ်းနေကြသူချည်းဖြစ်သည်။ ဘဝများ ကိုယ်စီတိုးတက်ကောင်းမွန်ရန်အတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုများ ကောင်းမွန်နေရန် လိုအပ်သည်။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရင်း မိမိတို့ဘဝများတိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လူ့အသိုက်အဝန်းတစ်ခုတွင် အတ္တနှင့်ပရ မျှတစွာကျင့်သုံးနိုင်မှ တိုးတက်ကောင်းမွန်ပြီး သာယာဝပြောသည့် အသိုက်အမြုံတစ်ခု ဖြစ်ပေါ်လာနိုင်သည်ဖြစ်၍ အတ္တနှင့်ပရ မျှတစွာကျင့်သုံးနိုင်ရေးလိုအပ်သည်။ လူ့သဘောသဘာဝမှာ အတ္တကို ဦးစားပေးတတ်သည်ဖြစ်၍ မိမိတို့လိုအင်ဆန္ဒများကိုသာ မျှော်မှန်းနေ၍မဖြစ်ပေ။ မိမိနှင့် မိမိမိသားစုကောင်းကျိုးတစ်ခုတည်းကိုသာ ရှေးရှုခြင်းမပြုဘဲ မိမိပတ်ဝန်းကျင်၊ မိမိရပ်ရွာ၊ မိမိနိုင်ငံတော်၏ ကောင်းကျိုးများတွင်လည်း တတ်နိုင်သည့်ဘက်မှ တတ်နိုင်သမျှ ပါဝင်ထမ်းရွက်ကြရန် လိုအပ်ပေသည်။

ကုန်လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်းကို ပြန်ကြည့်မည်ဆိုလျှင် နိုင်ငံတော်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နောက်ဆက်တွဲ လူမှုစီးပွားဘဝများ ထိခိုက်မှုများရှိခဲ့ခြင်းနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးမှအစ အဘက်ဘက်၌ ချို့ယွင်းအားနည်းချက်များဖြစ်ပေါ်ခဲ့ပြီး ၂၀၂၀ ရွေးကောက်ပွဲကာလတွင် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၏ မရိုးမသားဆောင်ရွက်ခဲ့မှုများကြောင့် ဒီမိုကရေစီစနစ် ပြန်လည်တည့်မတ်ခိုင်မာလာအောင် လုပ်ဆောင်ပေးလျက်ရှိသည်။ ယင်းကို အကြောင်းပြု၍ တိုင်းပြည်ပြိုကွဲပျက်စီးစေရန် လုပ်ကြံဖန်တီးမှုများ ဖြစ်ပေါ်လာသည်။ ထိုအခါ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ထိခိုက်မှုဖြစ်လာပြီး နိုင်ငံတော်နှင့် ပြည်သူများ နစ်နာဆုံးရှုံးမှုများရှိလာခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကို ရှေးရှု၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အားသွန်ခွန်စိုက်ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ရာတွင် ရှေ့လုပ်ငန်းစဉ်၊ ဦးတည်ချက်နှင့် ရည်မှန်းချက်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအလိုက် တိုးတက်မှုများရရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် နိုင်ငံတော်၏ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပြည်သူများအားမှာ အဓိကကျသဖြင့် နိုင်ငံတော် ငြိမ်းချမ်းသာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအား လိုအပ်လျက်ရှိသည်။

သို့ဖြစ်ရာ ၂၀၂၃ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသည့်ကာလမှစ၍ တိုင်းရင်းသားပြည်သူလူထုများအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲကာ နိုင်ငံတော်ငြိမ်းချမ်းသာယာဝပြောရေး၊ ဒီမိုကရေစီစနစ် တည့်မတ်ခိုင်မာစွာ ဖြစ်ပေါ်လာရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လက်တွဲပါဝင်ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝများ ကိုယ်စီကိုယ်စီ မြင့်မားတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး“ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် “ရဋ္ဌနန္ဒက” ဆင်ဖြူတော်ပုံဖြင့် ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့




ကို ဂုဏ်ပြုသောအားဖြင့် “ရဋ္ဌနန္ဒက” ဆင်ဖြူတော်ပုံဖြင့် ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ (၄) ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်သည်။ **သတင်းစဉ်**

## နှစ်သစ်ဆုတောင်းကောင်းခြင်းမင်္ဂလာ

ယနေ့သည် ကောင်းခြင်းမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့တစ်နေ့အဖြစ် ၂၀၂၃ ခုနှစ်၏ ပထမဆုံးနေ့သစ်သို့ စတင်ရောက်ရှိလာပြီ ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်ကာလများလည်း ကုန်ဆုံးခဲ့ပြီး ကောင်းခြင်းမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နှစ်သစ်ကို နွေးထွေးစွာကြိုဆိုလိုက်ပါသည်။ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိလာသည့် မင်္ဂလာရှိသောအခါသမယတွင် နှစ်ဟောင်းမှ အတွေးအမြင်၊ အယူအဆဟောင်းများ၊ ခံယူချက်၊ စိတ်ကူးနှင့် အကြံဉာဏ်ဟောင်းများကို စွန့်ပစ်၍ သစ်လွင်တောက်ပပြီး မွန်မြတ်လှပသည့် ခံယူချက်ကောင်းများ၊ အယူအဆကောင်းများ၊ အတွေးအမြင်ကောင်းများ၊ အကြံဉာဏ်ကောင်းများဖြင့် ကောင်းခြင်းမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နှစ်သစ်ဖြစ်ပါစေ။

နိုင်ငံတစ်ဝန်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားမိဘပြည်သူ၊ ညီအစ်ကိုမောင်နှမသွေးချင်းများအားလုံး သက်ရှည်ကျန်းမာစွာဖြင့် လိုအင်ဆန္ဒများပြည့်ဝပြီး စိတ်ရောကိုယ်ပါ ချမ်းသာသုခရရှိကြပါစေကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါအပါအဝင် ဆက်စပ်ရောဂါများ၊ အခြားသောရောဂါဘယများနှင့် ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးကြပါစေကြောင်း ကြေးမုံက နှစ်သစ်ဆုတောင်းကောင်းခြင်းမင်္ဂလာ ပို့သလိုက်ပါသည်။ **ကြေးမုံသတင်းစာတိုက်မိသားစု**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - **ဦးကျော်သူရနှင့်အဖွဲ့** |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |




ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ နှစ်သစ်ကူး သြဝါဒကထာ



ဘုန်းဘုန်းအနေဖြင့် နှစ်သစ်ကူးမင်္ဂလာရှိ၍ ရောဂါတို့မှ ပျောက်ကင်းစေရန် အလို့ငှာ သိဒ္ဓိပေါက် ဘုရားဂုဏ်တော် ၁၃ ပါး ဂါထာတော်ကို သြဝါဒ ကထာအဖြစ် မိန့်ကြားလိုပါသည်-

**သိဒ္ဓိပေါက် ဘုရားဂုဏ်တော် ၁၃ ပါး**

အရဟံ ဗုဟိအန္တဇယံ သုဂတံ<br>
အမိတံ ဝိရဇံ လလိတံ အတုလံ။<br>
စရဏံ တိဘဝူပသမံ ယမကံ၊<br>
သုခဒံ သရဏံ ပဏာမာမိ ဇိနံ။

(၁) **အရဟံ** - ပူဇော်အထူးကိုခံယူတော်မူထိုက်သောမြတ်စွာဘုရားကို၊ အဟံ - တပည့်တော်သည်၊ ပဏာမာမိ-ရှိခိုးပါ၏။

(၂) **ဗုဟိအန္တဇယံ** - အတွင်းအပရန်ကို အောင်မြင်သော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

(၃) **သုဂတံ** - ကောင်းသောစကားကိုဆိုတော်မူသောမြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

(၄) **အမိတံ** - မနှိုင်းယှဉ်နိုင်သော တန်ခိုးရှိတော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

(၅) **ဝိရဇံ** - ကိလေသာမြူ ကင်းတော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

(၆) **လလိတံ** - တင့်တယ်သပ္ပာယ်တော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ- ရှိခိုးပါ၏။

(၇) **အတုလံ** - အတုမရှိသော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

(၈) **စရဏံ** - အကျင့်စရဏနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

(၉) **တိဘဝူပသမံ** - ဘုံသုံးပါး၌ ကိလေသာမြူငြိမ်းအေးတော်မူသောမြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

(၁၀) **ယမကံ** - ရေမီးအစုံ တန်ခိုးပြာဋိဟာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

(၁၁) **သုခဒံ** - ချမ်းသာအဝဝကို ပေးစွမ်းနိုင်သော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

(၁၂) **သရဏံ** - ကိုးကွယ်အားထားရာဖြစ်သော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

(၁၃) **ဇိနံ** - မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

ဘုရားဂုဏ်တော် ပွားများသောသူသည် အစစဆောင်ရွက်သမျှကိစ္စတွေ ပြီးမြောက်သည်။ သိဒ္ဓိပေါက်တန်ခိုးရရှိပေသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူအားလုံးနီးပါး ဘုရားရှင်၏ တန်ခိုးတော်ကြောင့် (ကိုဗစ်-၁၉) ရောဂါ ကမ္ဘာမှာ အနည်းဆုံးလောက် ကင်းရှင်းကြပေသည်။ လူတိုင်းရွတ်ဖတ်ပွားများကြလျှင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ လုံးဝပျောက်ကွယ်သွားမည်ဟု ယုံကြည်ပါသည်။ သို့အတွက် နှစ်သစ်ကူးမင်္ဂလာရှိ၍ ရောဂါဆိုးတို့မှ ပျောက်ကင်းသွားအောင် လူတိုင်း လူတိုင်း ဤသိဒ္ဓိပေါက်ဂါထာကို ရွတ်ဖတ်ကြပါဟု ဘုန်းဘုန်း တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ နှစ်သစ်ကူးသြဝါဒကထာ



**လေးဖြာသင်္ဂဟ<br>
မြတ်ဓမ္မ နိစ္စအမြဲ စိတ်ဝယ်စွဲ**

ယနေ့သည် ခရစ်နှစ် ၂၀၂၂ ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ဆုံး၍ ၂၀၂၃ ခုနှစ်သို့ ရောက်ရှိသည့် ကမ္ဘာ့နှစ်သစ်ဦးမင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ယခုလို ကမ္ဘာ့နှစ်သစ်မင်္ဂလာကို နေ့ထူးနေ့မြတ်မှစ၍ နိုင်ငံသူ နိုင်ငံသားများနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံး ဘေးဥပါဒ်အန္တရာယ် ရန်စွယ်ဟူသမျှ၊ အနှောင့်အယှက်ဟူသမျှ ကင်းစင်ပပျောက်၍ လိုရာဆန္ဒအဝဝတို့ ပြည့်စုံကြစေရန်-


**သင်္ဂြိုဟ်ဓမ္မ၊ သင်္ဂဟကား၊ ဒိဋ္ဌတမလွန်၊ နှစ်တိုင်ခိုင်ပြီး၊ အကျိုးကြီး၏။**

**ထီးလိုမင်းလို၊ များကြည်ညိုသည့်၊ လူဗိုလ်မြတ်လေး၊ ရှိနတ်ဆေးတည့်...** ဟူသော မဃဒေဝလင်္ကာသစ်၌ မိန့်ဆိုထားသည်နှင့်အညီ ယခုပစ္စုပ္ပန်ဘဝမှာရော နောင်တမလွန်ဘဝမှာပါ အကျိုးကျေးဇူးများ၍ အများ၏ကြည်ညိုခြင်းကို ခံရနိုင်ခြင်း၊ အတွေ့အကြုံရသမျှသော လူ၊ ဗိုလ်ပရိသတ်တို့၏ ချစ်မြတ်နိုးမှုကိုခံရခြင်း စသော အကျိုးတရားများကို ဖြစ်ပေါ်စေနိုင်သဖြင့် နတ်ဆေးသဖွယ် အစွမ်းထက်လှသော-

- **တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် ပေးကမ်းစွန့်ကြဲခြင်း**
- **ယဉ်ကျေးသိမ်မွေ့ ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း**
- **သူတစ်ပါးတို့၏ ဆောင်ရွက်ဖွယ်ကိစ္စများကို ကူညီဆောင်ရွက်ပေးခြင်း**
- **ကိုယ်နှင့်တန်းတူထား၍ အခြားသူများကို ပေါင်းသင်းဆက်ဆံခြင်း ဟူသော -**

လေးဖြာသင်္ဂဟ မြတ်ဓမ္မကို နိစ္စအမြဲ စိတ်ဝယ်စွဲ၍ နိုင်ငံသူ နိုင်ငံသားတိုင်း၊ ကမ္ဘာသူ ကမ္ဘာသားတိုင်း လိုက်နာဆောင်ရွက်နိုင်ကြပါစေကြောင်း မေတ္တာရေလောင်းလျက် နှစ်သစ်မင်္ဂလာဆုတောင်းပတ္ထနာ ပြုအပ်ပါသတည်း။

# အောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ၏ နှစ်သစ်ကူး သြဝါဒကထာ



၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်သို့ နှစ်ကူးတဲ့အခါမှာ နှစ်ဟောင်းက မကောင်းမှုတွေပျောက်ပြီး နှစ်သစ်မှာ ကောင်းမှုတွေရောက်ရှိအောင် နှစ်ဦး၊ နှစ်သစ်မင်္ဂလာအတွက် ကမ္ဘာသူ ကမ္ဘာသား၊ တိုင်းသူပြည်သားအပေါင်းတို့ကို မေတ္တာခတ်များ မျှဝေပြီး မေတ္တာပို့ပေးပါ့မယ်။

ကိုယ်စီကိုယ်ငှ ကိုယ့်ဒေသ၌ ပျော်စံရာသတ္တဝါတို့သည် အိပ်မက်ရာမက်ကောင်းစွာမက်၍ နှစ်သစ်ကြည်သာ အိပ်စက်နိုင်ကြပါစေကုန်သတည်း။ မင်္ဂလာကျက်သရေ ယှက်ဝေလန်းသဖြင့် ဆန်းပွင့်ကြကုန်သည်ဖြစ်၍ ကောင်းစွာမိုးသောက် အလင်းရောက်လျက် ထမြောက်နိုးကြားနိုင်ကြပါစေကုန်သတည်း။ အပယ်ဒုက္ခတိရောက်မည့်အကြောင်း မကောင်းမှုဒုစရိုက်မျိုးကို သူတော်လက်နက်တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေကုန်သတည်း။ အလောင်းအလျာအဖြစ် ကောင်းရာသိ သုံးဖြာဆယ့်လေးပါရမီအပေါင်း အကျင့်ကောင်းကို တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက်ရင့်၍ မလွဲပုံသေ ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

၂၀၂၂ ခုနှစ်ကနေ ၂၀၂၃ ခုနှစ်ကို နှစ်သစ်ကူးပြောင်းသွားတဲ့အခါမှာ နှစ်ဦးမင်္ဂလာအနေနဲ့ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ခုနစ်ရက်သားသမီးများနဲ့ ကမ္ဘာသူ ကမ္ဘာသားအပေါင်း ကျန်းမာချမ်းသာ ကြည်ကြည်လွင်လွင် ရွှင်ရွှင်ပျပျဖြင့် အမျိုးဘာသာသာသနာကို စောင့်ရှောက်နိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များဖြစ်စေပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နိဗ္ဗာန်ကို ကောင်းကျိုးချမ်းသာများ ရရှိခံစား စံစားနိုင်ကြပါစေ။ နံနက်မိုးသောက် အလင်းရောက်တဲ့အခါ ကောင်းသောစိတ်၊ ကောင်းသောစကား၊ ကောင်းသောအမူအကျင့်ရှိနိုင်ကြပါစေ။ မြတ်ဗုဒ္ဓဟောကြားတော်မူသည့်အတိုင်း လူတိုင်းကျင့်သုံးသွားကြမယ်ဆိုရင် ကောင်းတာလုပ် ကောင်းတာဖြစ်တဲ့ အကျိုးတရားကိုရရှိစေပါတယ်။ နံနက်ခင်းမှ မိုးချုပ်သည်အထိ ကောင်းသောစကား၊ မေတ္တာ/ကရုဏာ/မုဒိတာနှင့် ယှဉ်သောစကားများကို ပြောဆိုခြင်းဖြင့် ဘဝတစ်ခုတွင် ချမ်းချမ်းသာသာဖြင့် ကောင်းမွန်စွာနေထိုင်နိုင်ကြပါတယ်။

အားလုံးသော နိုင်ငံသူ နိုင်ငံသားများအားလုံး ကောင်းသောကာယကံ၊ ဝစီကံ၊ မနောကံတို့ကို စောင့်ရှောက်ထိန်းသိမ်းကျင့်သုံးခြင်းအားဖြင့် ဘဝတွင် အရှုံးမထွက်ဘဲ အမြတ်ထွက်စေပြီး ကောင်းကျိုးချမ်းသာများ ရရှိခံစား စံစားနိုင်ကြပါစေ။ နှစ်ဦးအချိန်အခါမှစပြီး ဒါန၊ သီလ၊ ဘာဝနာများ ပွားများခြင်းဖြင့် နိုင်ငံသူ နိုင်ငံသားအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်းပြီး နိုင်ငံတော်ကြီး စည်ကားတိုးတက်ပါစေကြောင်း မေတ္တာများပို့သပါတယ်။



# နန္ဒာအောင်မြေကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တနိမလ၏ နှစ်သစ်မင်္ဂလာဆုတောင်းပတ္ထနာ

၂၀၂၂ ကုန်ဆုံး၍ ၂၀၂၃ ခုနှစ် နှစ်သစ်မင်္ဂလာနှစ်ဦး အခါသမယမှာ မြန်မာပြည်သူ ပြည်သားအားလုံး/ကမ္ဘာသူ ကမ္ဘာသားအားလုံး ချမ်းမြေ့သာယာဝဖြိုးသော သုခမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

**သဗ္ဗပါပဿ အကရဏံ<br>
ကုသလဿ ဥပသမ္ပဒါ<br>
သစိတ္တပရိယောဒပနံ<br>
ဧတံ ဗုဒ္ဓါနသာသနံ**

၁။ **သဗ္ဗပါပဿ အကရဏံ-** မကောင်းသော အကုသိုလ်တရားတို့မှ ကင်းစင်သော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများ၊ ကမ္ဘာသူ ကမ္ဘာသားများ ဖြစ်ကြပါစေ။

၂။ **ကုသလဿ ဥပသမ္ပဒါ-** ကောင်းသောကုသိုလ်တရားတို့နှင့် ပြည့်စုံသော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများ/ကမ္ဘာသူ ကမ္ဘာသားများဖြစ်ကြပါစေ။

၃။ **သစိတ္တပရိယောဒပနံ-** ဖြူစင်မြင့်မြတ်သော စိတ်ထားတို့နှင့် ပြည့်စုံသော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများ/ကမ္ဘာသူ ကမ္ဘာသားများဖြစ်ကြပါစေ။

၄။ **ဧတံ ဗုဒ္ဓါနသာသနံ-** လောက၌ အတုမရှိသော အသန့်ရှင်းဆုံးသော မြတ်ဗုဒ္ဓ၏ ဓမ္မသြဝါဒ အဆုံးအမ အောက်၌ ကောင်းကျိုးများ ထွန်းတောက်သော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများ/ကမ္ဘာသူ ကမ္ဘာသားများ ဖြစ်ကြပါစေ။

**မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊<br>
ဖြူအောင်စိတ်ကိုထား။**

**ပြောပြုတွေးလျှင် သတိယှဉ်၊ ဆင်ခြင်ဉာဏ်ရှေ့သွား။ အရာရာတွင် အသုံးဝင် အောင်မြင်ကြောင်းတရား** ဟူ၍ မြတ်ဗုဒ္ဓ၏ တရားတော်အတိုင်း ပွားများအားထုတ်နိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

# အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် သီတဂူအဓိပတိဆရာတော်ဘုရားကြီး၏ နှစ်သစ်ဆုတောင်း

တရားချစ်ခင်သူတော်စင်အပေါင်းတို့ ၂၀၂၂ ဆိုတဲ့ နှစ်ဟောင်းတစ်ခုတော့ကုန်သွားပြန်ပြီ၊ ၂၀၂၃ ဆိုတဲ့ နှစ်သစ်တစ်ခုကိုကူးပြောင်းလာပါပြီ၊ အဟောင်းတွေကုန်ကုန်သွားပြီးတော့ အသစ်တွေပြောင်းပြောင်းလာတဲ့အခါ အဲဒီနှစ်ဟောင်းက ကိုယ်ပြုခဲ့တဲ့ ကောင်းမှုနဲ့မကောင်းမှု ဒီနှစ်ခုစာရင်းချုပ်ကြည့်ကြရမယ်။ မကောင်းမှုကများတယ်။ ကောင်းမှုက နည်းရင် ထိုနှစ်ထိုပုဂ္ဂိုလ်ဟာ အရှုံးထွက်တယ်။ ကောင်းမှုကများပြီးတော့ မကောင်းမှုနည်းရင်တော့ ထိုနှစ်ဟောင်းမှာ ထိုပုဂ္ဂိုလ်ဟာ အမြတ်ထွက်တယ်။ အဲဒါကြောင့် နှစ်ဟောင်းနှစ်သစ်အတွက် ကောင်းမှုတွေများများပြုနိုင်ဖို့ မကောင်းမှုတွေကို နည်းနိုင်သမျှနည်းအောင် ပြုလုပ်ကြဖို့ ရှေးဦးစွာတိုက်တွန်းပါတယ်။

နှစ်ဟောင်းတွေကုန်လို့ နှစ်သစ်ပြောင်းဆိုတာ အနိစ္စလက္ခဏာရဲ့ ထင်ရှားပြသချက်ဖြစ်ပါတယ်။ အဲတော့ တရားချစ်ခင်သူတော်စင်အပေါင်းတို့ မြတ်စွာဘုရားကိုယ်တော်မြတ်က စက္ကဝတ္တိသုတ်တော်မှာ ဟောတော်မူတဲ့ အချက်ကလေးသုံးချက်ကို ရှေးဦးစွာပြောပါရစေ၊ **လောဘုတ်သဒ္ဒါရဘဇာရ သုဘိခံသရာကတ်ပေါဟောတိ** လောဘထူပြောတဲ့ ကမ္ဘာမှာ လောကကို မထိန်းသိမ်းနိုင်တဲ့ကမ္ဘာမှာ စီးပွားရေးတွေကျပ်တည်းပြီးတော့ အငတ်ဘေးတွေ ကြုံရတတ်တယ်။ အဲဒါကြောင့် နှစ်ဟောင်းမှာ ဒီလောဘတွေကို ထိန်းချုပ်နိုင်ခဲ့သလား မထိန်းချုပ်နိုင်ခဲ့သလား၊ မိမိတို့ရဲ့ဘဝ ဒါစာရင်းတွက်ပြီးတော့ စာရင်းစစ်ဖို့လိုပါတယ်။ ဒီတော့လာမယ့်နှစ်သစ်အတွက် အားလုံးကို တိုက်တွန်းချင်တာက လောဘထူပြောတဲ့ကမ္ဘာမှာ အငတ်ဘေးကြုံရတတ်တယ်လို့ မြတ်စွာဘုရား ဟောတော်မူတဲ့အတွက်ကြောင့် အားလုံးလာမယ့်နှစ်သစ်မှာ လောဘကို ထိန်းချုပ်နိုင်ကြပါစေ၊ လောဘကို ရုပ်သိမ်းနိုင်ကြပါစေ၊ လောဘကို စည်းကမ်းသပ်နိုင်ကြပါစေဆိုတာ ရှေးဦးစွာ မေတ္တာပို့ဆုတောင်းပါတယ်။

မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေ လောဘတရားကိုထိန်းချုပ်နိုင်ကြပါစေ၊ ကမ္ဘာသူ ကမ္ဘာသားတွေ လောဘတရားကို ထိန်းချုပ်နိုင်ကြပါစေ၊ စီးပွားရေးကျပ်တည်း အငတ်ဘေးမှ လွတ်မြောက်နိုင်ကြပါစေလို့ လောဘနဲ့ပတ်သက်လို့ ဤမျှလောက် မေတ္တာပို့ပါတယ်။ ဆုတောင်းပါတယ်။ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံး ကမ္ဘာသူကမ္ဘာသား အားလုံး ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ၊ နောက် ဒုတိယ မြတ်စွာဘုရားဟောတော်မူတဲ့အချက်ကတော့ **ဒေါသုသဒ္ဒါရဘဇာရ သတ္ထန္တရာ ကပ်ပေါဟောတိ** ဒီလိုဟောပါတယ်။ အဓိပ္ပာယ်ကဒေါသတွေလွန်ကဲတဲ့ကမ္ဘာမှာ ဒေါသထူပြောတဲ့ကမ္ဘာမှာ လက်နက်အမျိုးမျိုးဘေးနဲ့ လူသားတွေဟာ သေကြရတယ်လို့ ဒီလိုဟောပါတယ်။ **သတ္ထန္တရကပ်**ဆိုက်တယ်လို့ ဒီလိုပြောပါတယ်။ အဲဒါကြောင့် လွန်လေပြီးသော နှစ်ဟောင်းမှာ ဒေါသကိုတို့ဘယ်လောက်များ ထိန်းချုပ်နိုင်ခဲ့သလဲ၊ ဘယ်လောက်တောင် စည်းမဲ့ကမ်းမဲ့ လွှတ်ပေးခဲ့သလဲ၊ အဲဒါပြန်တွက်ပြီးတော့ အရှုံးအမြတ် တွက်ကြည့်ပြီးတဲ့အခါမှာ လာမယ့်



နှစ်သစ်အတွက်လည်းပဲ ဒီဒေါသကိုထိန်းချုပ်ပြီးတော့ အေးချမ်းစွာနေနိုင်ဖို့ ရှေးဦးစွာဆုတောင်းပါတယ်။ ဒုတိယဆုတောင်းပါတယ်။ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေ ဒေါသတရားကို ထိန်းချုပ်နိုင်ကြပါစေ၊ မင်းကွန်းဆရာတော်ကြီးမိန့်သလို ဆိုရင်တော့ ဒေါသခပ်သိမ်းငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်းငြိမ်းချမ်းကြပါစေ၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေ ဒေါသခပ်သိမ်းငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ၊ ကမ္ဘာသူကမ္ဘာသားတွေ ဒေါသခပ်သိမ်းထိန်းချုပ်နိုင်ကြပါစေ၊ ဘေးရန်ခပ်သိမ်း ငြိမ်းချမ်းကြပါစေလို့ ဒုတိယ ဒေါသနဲ့ ပတ်သက်လို့ **စက္ကဝတ္တိသုတ်**တော်အရ ဆုတောင်းမေတ္တာပို့ပါတယ်။ နောက်တတိယ **မေဟုတ်ဘဇာရ ရောဂန္တရကပ်ပေါ်**လို့ **စက္ကဝတ္တိသုတ်**မှာ ဟောထားတာ ရှိပါတယ်။ မောဟထူပြောတဲ့ကမ္ဘာမှာ ရောဂါထူပြောတယ်လို့ **စက္ကဝတ္တိသုတ်**မှာဘုရားဟောပါတယ်။ ဒါကြောင့် လက်တွေ့မိမိတို့ခံစားနေရတဲ့ အခြေအနေနဲ့ မိမိတို့ရဲ့ နှစ်ဟောင်းကမောဟတရားတွေ မိမိတို့တစ်တွေ ဘယ်လောက်ထိန်းချုပ်နိုင်ခဲ့သလဲဆိုတာ ပြန်လည်ဆန်းစစ်ပြီးတော့ အရှုံးအမြတ်တွက်နိုင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် လာလတ္တံ့နှစ်သစ်အတွက် မြန်မာနိုင်ငံသူ နိုင်ငံသားတွေ ရောဂါထူပြောခြင်းအကြောင်းဖြစ်တဲ့ မောဟတရားကို ထိန်းချုပ်နိုင်ကြပါစေ၊ ရောဂါထူပြောခြင်းရဲ့ အကြောင်းဖြစ်တဲ့ မောဟတရားကို ပယ်သတ်နိုင်ကြပါစေ၊ ကမ္ဘာသူကမ္ဘာသားတွေ မောဟကို ထိန်းချုပ်နိုင်ကြပါစေ၊ မောဟတရားကို ပယ်သတ်နိုင်ကြပါစေ၊ လောဘကိုလည်းထိန်းချုပ် မောဟကိုလည်းထိန်းချုပ်၊ ဒေါသကိုလည်းထိန်းချုပ် မောဟကိုလည်း ထိန်းချုပ်လို့ ကမ္ဘာသူကမ္ဘာသားတွေ ငြိမ်းချမ်းသာယာရှိပါစေ၊ အငတ်ဘေးမှလည်း လွတ်မြောက်ပါစေ၊ စီးပွားရေးအကျပ်အတည်းဘေးမှလည်း လွတ်မြောက်ကြပါစေ၊ လက်နက်အမျိုးမျိုးနဲ့ သေကျေပျက်စီးတဲ့ ဘေးဒုက္ခအပေါင်းမှလည်း လွတ်မြောက်ကြပါစေ၊ နှိပ်စက်လာတဲ့ ရောဂါအမျိုးမျိုးရဲ့ဘေးမှ လွတ်မြောက်နိုင်ကြပါစေလို့ဆုတောင်းပါတယ်။ မင်းကွန်းဆရာတော်ကြီး ဆုတောင်းသလို ပြောရမယ်ဆိုရင်တော့ လောဘ

ခပ်သိမ်းငြိမ်းကြပါစေ။ ဒေါသခပ်သိမ်းငြိမ်းကြပါစေ၊ မောဟခပ်သိမ်းငြိမ်းချမ်းကြပါစေ၊ နိုင်ငံသူနိုင်ငံသားတွေ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေလို့ **စက္ကဝတ္တိသုတ်**တော်အရ နှစ်သစ်ဆုတောင်းကို ဤသို့ပြုပါတယ်။ နိဂုံးအနေနဲ့တော့ **မေတ္တာသုတ္တန်**က လာတဲ့ အံ့ဩဖွယ်ကောင်းတဲ့ မေတ္တာပို့စာပိုဒ်ကလေးကိုရွတ်ပြီးတော့ ဘုန်းကြီးတို့နှစ်ဦးကိုဆုတောင်းပါမယ်။ နှစ်ဦးကို မေတ္တာပို့ပါမယ်။ **မေတ္တာသုတ္တန်**မှာ **န ပရောပရံ နိကုဗ္ဗေထ နာတိမညေထ ကတ္ထစိ နကဉ္စိ ဗျာရောသနာ ပဋိဃသညာ နာညမညဿ ဒုက္ခ မိစ္ဆေယျ** မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ဗုဒ္ဓဘာသာလောကတစ်ခုလုံးမှာ အလွန်ခေတ်စားတဲ့ မေတ္တာသုတ္တန်ဖြစ်ပါတယ်။ မပါမပြီးတဲ့မေတ္တာသုတ် အဲဒီမေတ္တာသုတ်ထဲက ဒီဂါထာတစ်ပိုဒ်ဟာ အလွန်အံ့ဩဖွယ်ကောင်းတယ်။ ထိရောက်တဲ့မေတ္တာပို့တစ်ခုဖြစ်ပါတယ်။ တစ်ပါးသောသူသည် တစ်ပါးသောသူကို **နနိကုဗ္ဗေထ** အမျက်မထွက်ပါစေနဲ့ တစ်ယောက်သောသူသည် တစ်ယောက်သောသူကို အမျက်မထွက်ပါစေနဲ့ ဒါဟာမေတ္တာပို့ပဲ၊ ဒေါသကင်းခြင်းဟာမေတ္တာပဲ၊ ဒေါသနဲ့မေတ္တာက ဆန့်ကျင်ဘက် မေတ္တာဆိုတာ ဒေါသကိုဖယ်ရှားတာဖြစ်ပါတယ်။ ဒါကြောင့် **န ပရောပရံ နိကုဗ္ဗေထ** အမျက်ထွက်ခြင်း အချင်းချင်းကင်းရှင်းကြပါစေ၊ နှစ်သစ်အတွက် အထူးပဲ ဒီမေတ္တာပို့ကို ဘုန်းကြီးတို့ပို့လွှတ်ပါရစေ၊ **န ပရော ပရံ နိကုဗ္ဗေထ** အမျက်ထွက်ခြင်းအချင်းချင်းကင်းရှင်းကြပါစေ၊ နောက် **နာတိမညေထ ကတ္ထစိ န ကဉ္စိ** ဘယ်အရပ်မှာဖြစ်ဖြစ် ဘယ်သူကဖြစ်ဖြစ် ဘယ်သူကိုမဆို **နာတိမညေထ** အထင်သေးခြင်း၊ မထီလေးစားပြုခြင်းမရှိကြပါစေနဲ့ ဒီလိုလည်း မေတ္တာပို့ထားတာ အံ့ဩဖွယ်ကောင်းပါတယ်။ ပဋိပက္ခဖြစ်ခြင်းတွေဟာ အထင်သေးတာတွေ မထီလေးစားလုပ်တာတွေဟာလည်း အကြောင်းအရင်းတစ်ခုအနေနဲ့ပါတယ်။ အဲဒါကြောင့် **နာတိမညေထ ကတ္ထစိ န ကဉ္စိ** အထင်သေးခြင်းအချင်းချင်း ကင်းရှင်းကြပါစေ၊ နှစ်ဟောင်းအတွက်ရော နှစ်သစ်အတွက်ရော မေတ္တာသုတ္တန်ရဲ့ဆုတောင်းကို အထူးပဲ ရွတ်ဆိုပြီးတော့ နှစ်သစ်ကိုကြိုဆိုပါတယ်။ နောက် **ဗျာရောသနာ**ဆိုတာက စောင်းမြောင်းတာ၊ ပုတ်ခတ်တာ၊ အတင်းအဖျင်းပြောတာ၊ တစ်ပါးသောသူသည် တစ်ပါးသောသူကို မည်သူကပဲဖြစ်ဖြစ် မည်သည့်အရပ်မှာမဆို စောင်းမြောင်းလိုသော၊ ပုတ်ခတ်လိုသော၊ ချုပ်ချယ်လိုသောစိတ်ဓာတ်ဖြင့် နှိပ်စက်ပင်ပန်းအောင်မလုပ်ကြပါစေနဲ့ ဒါကြောင့်ဒီစာပိုဒ်ကိုလည်းပဲ လင်္ကာလေးပေးပြီးတော့ နှစ်ဦးအတွက် ဆုတောင်းရမယ်ဆိုလို့ရှိရင် ပုတ်ခတ်လိုခြင်းအချင်းချင်းကင်းရှင်းကြပါစေ၊ စောင်းမြောင်းလိုခြင်း အချင်းချင်းကင်းရှင်းကြပါစေ၊ ချုပ်ချယ်လိုခြင်းအချင်းချင်းကင်းရှင်းကြပါစေ၊ နောက်တစ်ခုက **ပဋိဃသညာ** ဆိုတာရန်ငြိုးပဲ ဆဲသွားတဲ့လူ တစ်ယောက်ကိုပြန်ဆဲနေမယ်ဆိုရင် အပြန်အလှန်ဆဲနေတဲ့ဆဲပွဲကြီးပြီးမှာမဟုတ်ဘူး၊ ကိုယ့်ကိုပုတ်ခတ်သွားတဲ့သူကို ပြန်ပုတ်ခတ်နေမယ်ဆိုလို့ရှိရင် ပုတ်ခတ်နှိပ်စက်တဲ့ဒီပွဲကြီး ဘယ်တော့မှပြီးမှာမဟုတ်ဘူး၊ အနိုင်ကျင့်သွားတဲ့သူကို အနိုင်ယူဖို့ ပြန်ကြိုးစားနေသရွေ့ကာလပတ်လုံး အပြန်အလှန်အနိုင်ကျင့်တဲ့ ဒီပွဲကြီးဟာလည်း ဘယ်တော့မှ ငြိမ်းချမ်းမှာမဟုတ်ဘူး၊ **ပဋိဃသညာ** ရန်ငြိုးဖွဲ့တာ ရန်ပြုတဲ့သူကို ပြန်ပြီးတုံ့ပြန်ခြင်းသည် ဒီရန်ပွဲဟာဘယ် တော့မှမပြီးဘူး၊ မငြိမ်းဘူးလို့ မြတ်စွာဘုရားဟောပါတယ်။ အဲဒါကြောင့် ရန်ငြိုးဖွဲ့ခြင်းအချင်းချင်း ကင်းရှင်းကြပါစေ၊ ရန်ငြိုးဖွဲ့ခြင်း အချင်းချင်း ကင်းရှင်းကြပါစေလို့ ဒီလိုနှစ်သစ်ကို မေတ္တာဆုတောင်းနဲ့ကြိုဆိုပါတယ်။ နောက်တစ်ခုက **နာညမညဿ ဒုက္ခ မိစ္ဆေယျ** အဓိပ္ပာယ်က တစ်ယောက်သည် တစ်ယောက်ဒုက္ခရောက်တာကို မလိုလားကြပါစေနဲ့ အများအားဖြင့် ကမ္ဘာမှာ ဒီဥစ္စာကလည်းပဲ ဖြစ်နေကျတစ်ယောက်က တစ်ယောက်ရဲ့ချမ်းသာသုခကို မလိုလားဘဲနဲ့ တစ်ယောက်ယောက်ဒုက္ခရောက်တာကို လိုလားတဲ့စိတ်တွေဟာ ပြန့်ပွားနေတယ်။ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့မေတ္တာပို့မှာ ဒီအပိုဒ်ကိုအကျယ်တဝင့်မိန့်ပါတယ်။ အဲဒါကြောင့်သူတစ်ပါးတို့အပေါ်မှာ ရန်လိုတဲ့စိတ် ဆင်းရဲစေလိုတဲ့စိတ် ဒုက္ခဖြစ်စေချင်တဲ့စိတ်သည် ဘယ်သူကမှဘယ်သူကိုမှ မမွေးကြပါစေနဲ့လို့ ဒီမေတ္တာပို့ဆုတောင်းကလည်း ဆိုထိုက်တဲ့ မေတ္တာပို့ဆုတောင်းပို့ထိုက်တဲ့ မေတ္တာပို့ဆုတောင်းတစ်ခုဖြစ်ပါတယ်။ **နာညမညဿ ဒုက္ခ မိစ္ဆေယျ** ဆင်းရဲလိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေ၊ ဆင်းရဲလိုခြင်းအချင်းချင်းကင်းရှင်းကြပါစေ၊ နှိပ်စက်လိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေ၊ ရန်ငြိုးဖွဲ့ခြင်းအချင်းချင်းကင်းရှင်းကြပါစေ၊ ပုတ်ခတ်လိုခြင်းအချင်းချင်းကင်းရှင်းကြပါစေ၊ အထင်သေးခြင်းအချင်းချင်းကင်းရှင်းကြပါစေ၊ အမျက်ထွက်ခြင်းအချင်းချင်းကင်းရှင်းကြပါစေလို့ မေတ္တာသုတ္တန်လာတဲ့ **န ပရော ပရံ နိကုဗ္ဗေထ** ဂါထာရဲ့အဓိပ္ပာယ်များကို **အနုလုံ ပဋိလုံ** ဘုန်းကြီးတို့ မေတ္တာပို့၍ နှစ်သစ်ကိုအေးချမ်းစွာနေနိုင်ကြဖို့ကြိုဆိုပါတယ်။ နိဂုံးမှာကတော့ မေတ္တာနှလုံးကိုယ်စီ သုံးရွှင်ပြုံးကြပါစေ၊ ကရုဏာနှလုံးကိုယ်စီသုံး ရွှင်ပြုံးကြပါစေ၊ တို့မေတ္တာစွမ်းကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ၊ နှစ်သစ်မှာ တိုင်းသူပြည်သားလူရှင်အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ နှစ်သစ်မှာ ကမ္ဘာသူကမ္ဘာသားအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ သီတဂူစမ်းလပမာ ချမ်းမြသာယာရှိတော်မူကြပါစေ။

## မတ္တရာမြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး စာရင်းကောက်သင်တန်းဖွင့်

မတ္တရာ ဒီဇင်ဘာ ၃၁

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး သင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လင်းထိန်က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစန်းနောင်က သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် မြို့နယ်အဆင့် သင်တန်းနည်းပြများက ရပ်ကွက်နှင့် ကျေးရွာများအလိုက် လူဦးရေစာရင်းမှန်ကန်စေရန် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး (Working Group)များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ စသည့်အကြောင်းအရာများကို ဆွေးနွေးပို့ချခဲ့ကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ အမှုထမ်းများ၊ ရပ်/ကျေးစာရေးဝန်ထမ်းများနှင့် အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၃၉၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

ယနေ့ကျရောက်တဲ့ ၂၀၂၃ ခုနှစ်၊ နှစ်သစ်ကူးအခါသမယမှာ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပြီး ဘေးဘယာများ ဝေးကွာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သလိုက်ရပါတယ်။



၂၀၂၂ ခုနှစ်မှာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အခက်အခဲများစွာနဲ့ စိန်ခေါ်မှုပေါင်းစုံကြားကနေ ကျွန်တော်တို့အားလုံးရဲ့ စည်းလုံးညီညွတ်မှု၊ စိတ်ရှည်သည်းခံမှုနဲ့ သဘောထားပြည့်ဝမှုတွေနဲ့ပဲ အကောင်းဆုံးဖြတ်ကျော်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်မှာ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများအားလုံးရဲ့ စုစည်းညီညွတ်အားနဲ့ စိန်ရတုပြည်ထောင်စုနေ့ အခါသမယကိုလည်း ခမ်းနားထည်ဝါစွာဖြင့် ဂုဏ်ယူဖွယ်ကျော်ဖြတ်ခဲ့ပြီ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရတာ ၇၅ နှစ် ပြည့်မြောက်တော့မှာဖြစ်ပါတယ်။ ဒီကာလအတွင်း လွတ်လပ်ရေးရဲ့အရသာကို ကျွန်တော်တို့ ညီအစ်ကိုတွေ အပြည့်အဝမခံစားရသေးပါဘူး။ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို တတ်နိုင်သမျှချုပ်ငြိမ်းအောင် ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးကို ကျွန်တော်ကိုယ်တိုင် ဖိတ်ခေါ်ပြီး ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပြီးသမျှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုများအပေါ်မှာ အလားအလာကောင်းတဲ့ သဘောတူညီမှုများ ရရှိခဲ့ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးရဲ့ကောင်းကျိုးကို တကယ့်ရင်ထဲက စစ်မှန်တဲ့စေတနာ၊ မေတ္တာအမှန်တရားနဲ့ လိုလားဖို့ပဲ အရေးကြီးပါတယ်။ ကျွန်တော်တို့ လက်နက်ကိုင်ပဋိပက္ခတွေဖြေရှင်းနိုင်ရင် တိုင်းရင်းသားတွေနဲ့ တိုင်းရင်းသားဒေသတွေရဲ့ အခွင့်အရေး ပိုမိုဆောင်ရွက်ပေးနိုင်မှာပဲဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ဒီမိုကရေစီအခွင့်အရေးတွေ မဆုံးရှုံးစေဖို့ တိုင်းရင်းသားဒေသတွေအပါအဝင် တစ်နိုင်ငံလုံးနေရာအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။တိုင်းပြည်ကိုမူလအခြေအနေအတိုင်း အေးချမ်းစေဖို့ ဆောင်ရွက်နေပါတယ်။

၂၀၂၃ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရတာ ၇၅ နှစ်ပြည့် စိန်ရတုတိုင်ခဲ့ပြီဖြစ်သလို တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်တွေကို ခံစားဖို့အစပျိုးတဲ့နှစ်တစ်နှစ်ပဲဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေး အချိုးအကွေ့တစ်ခုမှာ သမိုင်းကောင်းတစ်ခုကို ဖန်တီးနိုင်မယ့် အခွင့်အရေးကောင်းတစ်ခုကို တိုင်းရင်းသားပြည်သူတွေ ပိုင်ဆိုင်ခွင့်ရတဲ့ နှစ်တစ်နှစ်ဖြစ်တာကြောင့် ဒီအခွင့်အရေးကိုအရယူနိုင်ဖို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အားလုံး အတူတကွ လျှောက်လှမ်းချင်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ် ခိုင်မာစေရန်နဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ယခုရှိပြီးသားထက်ပိုမိုတဲ့ ပေါင်းစည်းညီညွတ်မှုများနဲ့ ရှေ့ကိုခရီးဆက်ရမှာပဲ ဖြစ်ပါတယ်။ အဲဒီလို ခရီးဆက်နိုင်အောင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ဘက်ပေါင်းစုံကနေ ရှိသမျှတံခါးများအားလုံးဖွင့်လျက် လက်ကမ်းကြိုလျက်ရှိနေပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်ကာလမှာ ကမ္ဘာမှာဘာတွေဖြစ်ခဲ့သလဲဆိုတဲ့ နိုင်ငံတကာအရေးအခင်းအချို့ကို ကျွန်တော်တို့ ကြည့်ဖို့လိုအပ်မှာဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်မှာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုအားလုံး ပိုမိုသတိရှိရမယ်။ ပိုမိုအသိရှိရမှာ ဖြစ်ပါတယ်။ ဒါတွေကိုကျော်လွှားနိုင်ဖို့ဆိုရင် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသလို ကျွန်တော်တို့အားလုံး စည်းလုံးစွာနဲ့ ကျော်ဖြတ်ဖို့ပဲလိုပါမယ်။

ကုန်လွန်ခဲ့ပြီဖြစ်တဲ့ ၇၅ နှစ်တာကာလအတွင်း နိုင်ငံနဲ့လူမျိုးအတွက် အကျိုးမပြုစေခဲ့တဲ့ အတွေးအခေါ်များနဲ့ လုပ်ဆောင်ချက်များကို ချန်ရစ်ခဲ့ပြီး နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမယ့် အပြုသဘောဆောင်ရွက်ချက်များကို "မြန်မာစိတ်" မွေးပြီးတော့ စည်းစည်းလုံးလုံး လုပ်ကိုင်သွားကြမယ်ဆိုရင် ကျွန်တော်တို့သွားချင်တဲ့ "ပန်းတိုင်"ကို မလွဲမသွေရောက်ရှိမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝတွေကို မျိုးဆက်သစ်လူငယ်တွေအတွက် တည်ဆောက်ပေးသွားကြပါမယ်။ မျိုးဆက်သစ်လူငယ်တွေဆီကနေ တိုင်းပြည်အတွက် အဖိုးတန်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို အကျိုးရှိရှိအသုံးချနိုင်စေဖို့ ကျွန်တော်တို့ တာဝန်ရှိသူများအားလုံး ညီညွတ်စွာဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး ယနေ့ကျရောက်တဲ့ နှစ်သစ်အခါသမယမှသည် နောင်နှစ်ပေါင်းများစွာတိုင် မိမိတို့တစ်ဦးတစ်ယောက်ချင်းအတွက် သာမက နိုင်ငံတော်အတွက်ပါ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာနဲ့ ကောင်းကျိုးလိုရာအဖြာဖြာ ဖန်တီးနိုင်သူများ ဖြစ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်ခင်ဗျာ။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**☆ ၂၀၂၃ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရတာ ၇၅ နှစ်ပြည့် စိန်ရတုတိုင်ခဲ့ပြီဖြစ်သလို တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်တွေကို ခံစားဖို့အစပျိုးတဲ့ နှစ်တစ်နှစ်ပဲဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေး အချိုးအကွေ့တစ်ခုမှာ သမိုင်းကောင်းတစ်ခုကို ဖန်တီးနိုင်မယ့် အခွင့်အရေးကောင်းတစ်ခုကို တိုင်းရင်းသားပြည်သူတွေ ပိုင်ဆိုင်ခွင့်ရတဲ့ နှစ်တစ်နှစ်ဖြစ်တာကြောင့် ဒီအခွင့်အရေးကို အရယူနိုင်ဖို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အားလုံး အတူတကွ လျှောက်လှမ်းချင်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ် ခိုင်မာစေရန်နဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ယခုရှိပြီးသားထက် ပိုမိုတဲ့ ပေါင်းစည်းညီညွတ်မှုများနဲ့ ရှေ့ကိုခရီးဆက်ရမှာပဲ ဖြစ်ပါတယ်။**

## နှစ်သစ်ဝန်တာ

❖ မင်္ဂလာစကား၊ တောင်းဆုများဖြင့်
ပေါက်ဖွားထွန်းသစ်
နှစ်သစ်တစ်ဖန်၊ ရောက်ခဲ့ပြန်ပြီ။

❖ ဒီနှစ်အသစ်၊ တို့နှစ်သစ်လေ
သစ်လွင်တောက်ပ၊ တို့ပိုင်ရမည်..။

❖ လက်ရုံးများမြောင်၊ ဉာဏ်များမြောင်ဖြင့်
စွမ်းဆောင်ဖွင့်လှစ်၊ တို့နှစ်သစ်ကို
ထုဆစ်ပုံဖော် ကြရမည်..။

❖ ဒီနှစ်သစ်မှာ..
ပြည်ရွာစိမ်းလန်း၊ ငြိမ်းချမ်းရမည်
သင့်မြတ်ချစ်ကြည်၊ ညီညွတ်ရမည်
ဘက်စုံဖွံ့ဖြိုး၊ တိုးတက်ရမည်
နိုင်ငံ့ဂုဏ်ဒြပ်၊ ထူမတ်ရမည်
တို့အနာဂတ်လမ်း၊ ဖြောင့်တန်းရမည်..။

❖ ရင်ထဲတောင့်တ၊ ဟူသမျှတို့
ပြည့်ဝပိုင်ပိုင်၊ ရယူနိုင်စေ
ခိုင်ကျည်ဝံ့စား၊ စိတ်ဓာတ်များဖြင့်
အားမာန်ဆပွား၊ တွဲလက်များဖြင့်
တက်ကြွလှုပ်ရှား၊ ခြေလှမ်းများဖြင့်
နိုးကြားကြစို့ နောင်ညီတို့..။
ဆောက်တည်ကြစို့ ပြည်သူတို့..။

❖ နှစ်သစ်အတွက်
ခန်းဆက်ဝန်တာ၊ တို့ကြမ္မာလျှင်
တို့သာပိုင်ထား၊ တို့ကြိုးစားမည်
အားလုံးကိုယ်စီ တာဝန်ရှိ။
ပြည်သူ့မျက်နှာ သချာကြည့်။
နိုင်ငံ့သိက္ခာ ရင်မှာသိ။
ထမ်းကြပါဘိ ကျေပါဘိ။ ။

**ဇော်မင်းမင်းဦး**

**“နိုင်ငံအရေးမှာ ကိုယ့်ပြည်တွင်းအရေးမှာ ပြည်ပက ပါဝင်နေသမျှကာလပတ်လုံး တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ ဖြစ်ပါတယ်။ တခြားပြည်ပနိုင်ငံတွေကနေပြီးတော့ ဝင်ရောက်စွက်ဖက်ပြီး ဆုံးဖြတ်ရအောင် ဆောင်ရွက်ပေးလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်မယ်။”**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၂-၅-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်]



ပြည်ထောင်စုတိုင်းရင်းသားများ
ဓာတ်ပုံ - စိုင်းထွန်းနေလှိုင်

☆ ရှေ့ဖုံးမှ

နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများနှင့် တပ်မတော်အရာရှိကြီးများ၏ မိသားစုဝင်များက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများနှင့် တပ်မတော်အရာရှိကြီးများ၏ မိသားစုဝင်များဖြစ်ကြသည့် ဦးနု၏သမီး ဒေါ်သန်းသန်းနု၊ ဦးစန်းယု၏သမီး ဒေါ်လဲ့လဲ့ယု၊ ဗိုလ်ချုပ်မှူးကြီး စောမောင်၏သား ဦးသီဟစော၊ ဦးနေဝင်း၏သမီး ဒေါက်တာခင်စန္ဒာဝင်း၊ ဦးဗဆွေ၏သမီး ဒေါ်နေရည်ဗဆွေ၊ ဦးကျော်ငြိမ်း၏သမီး ဒေါ်ချိုချိုကျော်ငြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ၏သား ဦးဇော်ထွန်းနှင့် ဦးစိန်လွင်၏သမီး ဒေါက်တာချိုလွင်ဦးတို့အား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ နေထိုင်စားသောက်မှု အခြေအနေများ၊ တစ်ဦးချင်းစီ၏ ကျန်းမာရေးအခြေအနေများနှင့် အခြားလိုအပ်ချက်များကို မေးမြန်းအားပေးစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်မည့် ဦးဗဆွေ၏သမီး ဒေါ်နေရည်ဗဆွေအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

❒ ကျောဖုံးမှ

ထိုသို့လေ့ကျင့်ဆောင်ရွက်နေမှုများကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ လိုက်ပါကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒

# ချောင်းသာကမ်းခြေ၌ လာရောက်အပန်းဖြေသူများ စည်ကားများပြား

**ချောင်းသာ ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်း ဒေသကြီး ချောင်းသာမြို့သို့ နှစ်သစ်ကိုကြိုဆိုသောအားဖြင့် ယနေ့နံနက်ပိုင်းက အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်ဝင်ရောက်မှု အထူးများပြားလျက်ရှိပြီး ချောင်းသာကမ်းခြေတွင် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

လာရောက်လည်ပတ်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူနိုင်ရန်၊ လုံခြုံမှုရှိစေရန်၊ ကမ်းခြေသန့်ရှင်းသာယာလှပရန်၊ ကမ်းခြေတွင် ဈေးရောင်းချသည့် ဈေးသည်များ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချစေရန်၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရန်တို့အတွက် မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်၍ တာဝန်ရှိသူများအဖွဲ့က ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။



ချောင်းသာမြို့သို့ ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များသည် ချောင်းသာကမ်းခြေအပြင် ဖိုးကလားကျွန်း၊ သဲဖြူကျွန်းတို့သို့ စက်လှေ၊ မော်တော်ဘုတ်များ၊ ကျောက်မောင်နှမသို့ ကား၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များဖြင့် သွားရောက်လည်ပတ်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဗဟန်းမြို့နယ်၌ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိုးဦးပန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ကမာရွတ်ခရိုင်(Working Group) လူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဝင်းမောင်သန်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဗဟန်းမြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလင်းအောင်၊ ပညာရေးဝန်ကြီးဌာန လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမျိုးနိုင်နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးမြင့်စိုးတို့က နည်းပြအဖြစ်ဆောင်ရွက်ပြီး ဗဟန်းမြို့နယ်အတွင်းရှိ (၂၂)ရပ်ကွက်မှ သင်တန်းသား သင်တန်းသူ ၁၇၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားသံများ

**ဦးသိန်းညွန့်**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်)**

ပြည်သူများခင်ဗျား၊ ၂၀၂၂ ခုနှစ်ဟာ မြန်မာနိုင်ငံမှာ အလုံးစုံပျက်သုဉ်းရေးဝါဒီတွေ လူသတ်ဓားပြတိုက်အကြမ်းဖက်(CRPH–NUG–PDF)တို့နဲ့ သူတို့ကိုထောက်ခံတဲ့ ရောင်စုံသောင်းကြမ်းသူတွေရဲ့ အဖျက်လုပ်ငန်းများကို တွေ့မြင်ခဲ့ရပါတယ်။ သူတို့နောက်မှာ မြန်မာ့အချုပ်အခြာအာဏာကို ထိပါးစော်ကားလိုတဲ့ ခေတ်သစ်ခေတ်ဟောင်း နယ်ချဲ့အုပ်စုနဲ့ ဗိုလ်ကျစိုးမိုးလိုတဲ့ သူတို့အပေါင်းအပါ အင်အားစုတွေက နိုင်ငံရေး၊ စစ်ရေးအကူအညီများ ပေးနေတယ်။

အခုလာမယ့် ၂၀၂၃ ခုနှစ်မှာတော့ မြန်မာ့စီးပွားရေးပျက်ကပ်သို့ ဦးတည်စေမယ့် စီးပွားရေးကဏ္ဍကို ဖိအားပေးမယ့် အလားအလာကိုတွေ့မြင်ရတယ်။ သူတို့ရဲ့အန္တရာယ်ကို လျှော့တွက်လို့မရဘူး။ ဒါပေမဲ့ သမိုင်းအစဉ်အလာအရ (၇၅)နှစ်တိုင်တိုင် လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ခဲ့တဲ့ မြန်မာနိုင်ငံမှာ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေ မုချရှုံးနိမ့်ပျက်ပြားရမယ်။

ယနေ့ ဘယ်လိုအခက်အခဲတွေ ရင်ဆိုင်ရလင့်ကစား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ခေါင်းဆောင်မှုအောက်မှာ တပ်မတော်၊ နိုင်ငံရေးအင်အားစုများနဲ့ တိုင်းရင်းသားတွေ စုစည်းညီညွတ်ပြီး ဘယ်ရန်သူကိုမဆို ချေမှုန်းကြရပါမယ်။

မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ တရားတဲ့ဘက်က ရပ်တည်နေတဲ့ အမျိုးသားအင်အားစုတွေ အောင်မြင်မှုမုချရပါလိမ့်မယ်လို့ ပြောကြားရင်း ၂၀၂၃ ခု နှစ်သစ်ကို ကြိုဆိုပါတယ်။



ဦးသိန်းညွန့်



ဦးခင်မောင်ဆွေ

**ဦးခင်မောင်ဆွေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်)**

လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား။ အခုလို လွတ်လပ်ရေး စိန်ရတုအခါသမယကြီးမှာ မြန်မာပြည်သူလူထုအပေါင်း စိတ်နှလုံးရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ နှစ်သစ်ကူးအချိန်အခါသမယမှာ မြန်မာပြည်သူတွေဟာ နိုင်ငံတော်ကြီး အေးချမ်းသာယာစေဖို့ မျှော်လင့်စောင့်စားလျက် ရှိကြပါတယ်။ အဲဒီလို မျှော်လင့်မှုတွေကို အောင်မြင်ဖို့ဆိုရင် ကျွန်တော်တို့အားလုံးဟာ ဒီမိုကရေစီခေတ်ကို ရောက်အောင်သွားဖို့ လိုအပ်ပါတယ်။

ဒီမိုကရေစီဆိုတာ ရွေးကောက်ပွဲနဲ့သာလျှင် ထူထောင်လို့ရတဲ့စနစ်ဖြစ်တာကြောင့် အခုလက်ရှိအနေအထားကနေပြီးတော့ ပြည်သူလူထုအုပ်ချုပ်တဲ့ခေတ်ကို ရောက်ချင်တယ်ဆိုရင်ဖြင့် ပြည်သူများအပါအဝင် တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများဟာ သန့်ရှင်းလွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲကြီးဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ကြောင်းကို ကျွန်တော် တိုက်တွန်းစကားပြောကြားလိုပါတယ်။

အခုပြည်သူတွေကြုံတွေ့နေရတဲ့ မလုံခြုံမှုတွေ၊ လူမှုစီးပွားရေးဘဝမတည်ငြိမ်မှုတွေနဲ့ နိုင်ငံပြင်ပကဝင်ရောက်နှောင့်ယှက်လာတဲ့ ဖြစ်ရပ်တွေဟာ တကယ်တော့ မြန်မာနိုင်ငံမှာ ပြည်သူလူထုတင်မြှောက်တဲ့ အစိုးရမရှိလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ခေတ်တစ်ခေတ်ကို ပြောင်းဖို့ဆိုရင် ပြည်သူအားနဲ့မှ ရနိုင်ပါတယ်။ ပြည်သူ့ဆန္ဒမပါဘဲနဲ့တော့ ခေတ်ကို ပြောင်းလို့ ရနိုင်မှာမဟုတ်ပါဘူး။ အခုလက်ရှိ အုပ်ချုပ်ရေးကနေပြီးတော့ ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို ပြောင်းဖို့ဆိုရင် ရွေးကောက်ပွဲမှတစ်ပါး အခြားမရှိပါဘူး။

မိဘပြည်သူများခင်ဗျား၊ ယခုအခါ မြန်မာနိုင်ငံမှာ သွေးထွက်သံယိုမရှိဘဲနဲ့ ပြည်သူ့အာဏာကို လွှဲပြောင်းရယူနိုင်တဲ့ အချိန်အခါကြီး ဖြစ်နေပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီကို သေနတ်နဲ့ပြပြီးတော့ တောင်းယူစရာလိုပါသလားလို့ မေးမယ်ဆိုရင် မေးခွန်းရဲ့အဖြေကတော့ ဒီမိုကရေစီကို သေနတ်ပြပြီးတော့ တောင်းစရာမလိုတော့ဘူးလို့ပဲ ပြောရပါလိမ့်မယ်။ အချို့အယူအဆတွေကတော့ ရွေးကောက်ပွဲနဲ့ မြန်မာ့နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ မဖြစ်နိုင်ဘူးဆိုတဲ့ ပြောစကားတွေရှိပါတယ်။ သို့သော်လည်းပဲ ရွေးကောက်ပွဲပြီးတဲ့အခါမယ် လွှတ်တော်နိုင်ငံရေးပေါ်လာပြီးတော့ နိုင်ငံရေးပြဿနာအဝဝကို ပြည်သူလူထုဆန္ဒနဲ့အညီ လွှတ်တော်မှာတင်ပြပြီးတော့ ဖြေရှင်းနိုင်တဲ့ အခွင့်အလမ်းကို မြန်မာပြည်သူတွေရကြမှာဖြစ်တာကြောင့် ရွေးကောက်ပွဲဖြစ်မြောက်ရေးကို မြန်မာပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြပါလို့ ကျွန်တော်ပန်ကြားလိုကြောင်းတင်ပြရင်း နှစ်သစ်ကူးနှုတ်ဆက်စကားကို ဒီမှာပဲ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ❐

# ၂၀၂၃ ခုနှစ်အတွက် အနုပညာရှင်များ၏ နှစ်သစ်ကူးဆုတောင်းစကားသံများ

**ဦးကြည်စိုးထွန်း**
**(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)**

တစ်နှစ်တာရဲ့ နှစ်ဟောင်းပုံရိပ်တွေ ကုန်တော့မယ်ဆိုတော့ အရာရာဟာ မမြဲဘူးဆိုတဲ့ တရားသဘောကို ပြသနေပါတယ်။ တစ်ဦးနဲ့တစ်ဦး မေတ္တာကိုအရင်းတည်ပြီး အပြန်အလှန်ဖေးမကူညီမှုနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်တပ်တစ်အား ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့ရဲ့ တာဝန်များ ကျေပွန်မှုဟာ ဂုဏ်ယူဖွယ်လည်း ဖြစ်ပါတယ်။

နှစ်ဟောင်းကုန်လို့ နှစ်သစ်မင်္ဂလာ ၂၀၂၃ ခုနှစ်ကစတင်ပြီး ပြည်သူအပေါင်း စိတ်နှလုံး အေးချမ်းပျော်ရွှင်ကြပါစေ။ ပြည်သူချစ်တဲ့ ရုပ်ရှင်လောကသားများလည်း နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။



ဦးကြည်စိုးထွန်း



ဦးအောင်လွင်



ဒေါ်ပုလဲ



ဒေါ်ဒေစီကျော်ဝင်း



ဒေါ်နွဲ့နွဲ့စမ်း



ဦးရန်အောင်

**ဦးအောင်လွင်**
**(ရုပ်ရှင်ဒါရိုက်တာ/သရုပ်ဆောင်)**

အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်တို့တစ်တွေဟာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ဖြစ်ကြပါတယ်။ ကျွန်တော်တို့ဘာသာမှာ အဓိကထားတာကတော့ မေတ္တာ၊ ကရုဏာနဲ့ မုဒိတာပါ။ သူတစ်ပါးအပေါ်မှာ မေတ္တာထားပြီး သူတစ်ပါးအောင်မြင်တာကို ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်ကြတာကြောင့် ဒီအခြေခံအပေါ်မှာမူတည်ပြီး ဘာသာရေးမှာ အဆုံးအမရှိပါတယ်။ အဲဒီအခြေခံပေါ်မှာပဲ အဓိကအားဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး စားဝတ်နေရေးပြည့်စုံပြီး စိတ်အေးချမ်း၊ ကိုယ်အေးချမ်းစွာနဲ့ နေထိုင်နိုင်ပြီးတော့ နှစ်သစ်မှာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လိုအင်ဆန္ဒပြည့်စုံသော နိုင်ငံသူ နိုင်ငံသားများဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

ကျွန်တော်တို့ဟာ ရုပ်ရှင်လောကသားများကို အမြဲမေတ္တာထားလျက် ရှိပါတယ်။ အောင်မြင်တိုးတက်ပြီး အနုပညာလုပ်ငန်းမှာ ကျွန်တော်တို့ထက် ပိုပြီးတော်တဲ့၊ သာတဲ့ တပည့်များဖြစ်ပါစေလို့ အမြဲတမ်း ဆုတောင်းလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဆရာများကလည်း အဲဒီလိုပဲ ဆုပေးလေ့ရှိပါတယ်။ ရုပ်ရှင်ရုံများစည်ကားပြီး ရုပ်ရှင်ချစ်ပရိသတ်များရဲ့ ရင်ထဲကို ရုပ်ရှင်အနုပညာများ ပြန်လည်စီးဆင်းပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။

**ဒေါ်ပုလဲ(ရုပ်ရှင်သရုပ်ဆောင် )**

မြန်မာပြည်သူတွေနဲ့ ရုပ်ရှင်ချစ်ပြည်သူတွေ၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ နှစ်သစ်မင်္ဂလာအတွက် ဆုမွန်ကောင်းပို့သပါတယ်။ ပြည်သူကနေ ရုပ်ရှင်၊ ဂီတ၊ သဘင်ကို မွေးဖွားပေးတာဖြစ်တဲ့အတွက် ပြည်သူနဲ့ ရုပ်ရှင်လောကသားအားလုံး ချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်း ပို့သပါတယ်။ အနုပညာကို မြတ်နိုးကြတဲ့ ပြည်သူ ပြည်သားအားလုံးကို လေးစားတန်ဖိုးထားပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေလို့ မေတ္တာပို့သရင်း အနုပညာရှင်များအားလုံးကို ချစ်ပါ၊ ခင်ပါ၊ အားပေးကြပါလို့ ပြောလိုပါတယ်။

**ဒေါ်ဒေစီကျော်ဝင်း(ရုပ်ရှင်သရုပ်ဆောင်)**

ချစ်ပရိသတ်ကြီးရေ နှစ်သစ်မှာ လူသစ်၊ စိတ်သစ်နဲ့ ကျန်းမာချမ်းသာပြီး လန်းဖြာကြပါစေ။ ရုပ်ရှင်ချစ်ပရိသတ်များနဲ့ ရုပ်ရှင်လောကသား မောင်နှမများအားလုံးလည်း နှစ်သစ်မင်္ဂလာ အချိန်အခါကစပြီး နှလုံးစိတ်ဝမ်းအေးချမ်းမှုနှင့်အတူ ချမ်းသာကိုယ်စိတ်မြဲပါစေ။ အထူးသဖြင့် ကျန်းမာကြပါစေလို့ ဆုမွန်ကောင်း ပို့သပါတယ်။

**ဒေါ်နွဲ့နွဲ့စမ်း(ရုပ်ရှင်သရုပ်ဆောင်)**

ကမ္ဘာသူ ကမ္ဘာသားများနဲ့ မြန်မာပြည်သူ ပြည်သားအပေါင်း ကိုယ်စီကိုယ်ငလိုအင်ဆန္ဒများ ပြည့်ဝကြပါစေ။ မြန်မာပြည်ကြီး အေးချမ်းသာယာ ကြီးပွားတိုးတက်ပါစေကြောင်း နေ့စဉ်ဆုတောင်းမေတ္တာပို့သနေပါတယ်။ ရုပ်ရှင်ချစ်ပြည်သူများနဲ့ ရုပ်ရှင်၊ ဂီတ၊ သဘင် လောကသားများအားလုံး ၂၀၂၃ ခုနှစ်ရဲ့ နှစ်သစ်မင်္ဂလာ အချိန်အခါကစပြီး ကျန်းမာချမ်းသာ အသက်ရှည်လျက် စီးပွားလာဘ်လာဘများ တိုးတက်ပြီးတော့ ဘေးဘယာဝေးကွာကြပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။

**ဦးရန်အောင်(ရုပ်ရှင်သရုပ်ဆောင်)**

၂၀၂၃ ခုနှစ် မင်္ဂလာနှစ်သစ်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး စိတ်သစ်၊ လူသစ်နဲ့ နှစ်သစ်ကို ပျော်ပျော်ရွှင်ရွှင် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ကြိုဆိုဖြတ်သန်းနိုင်ပါစေ။ ၂၀၂၃ ခုနှစ်မှာ လိုအင်ဆန္ဒများပြည့်ဝပြီး လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး အစစအရာရာ အောင်မြင်တိုးတက်ပြီး ရောဂါများနဲ့ ကပ်ရောဂါများလည်း ကင်းဝေးကြပါစေ။ ကျွန်တော်တို့ ရုပ်ရှင်လောကသားများလည်း အစစအရာရာ အဆင်ပြေကြပါစေ။ ကျွန်တော်တို့ကို ချစ်တဲ့၊ အစဉ်အားပေးနေတဲ့ ပရိသတ်များအားလုံး ကျန်းမာချမ်းသာပြီး ဆင်းရဲခြင်းကင်းပါစေ၊ အလုပ်အကိုင်များအားလုံး အောင်မြင်တိုးတက်ကြီးပွားကြပါစေ။

# ၂၀၂၃ ခုနှစ်အတွက် ဘာသာပေါင်းစုံမှ နှစ်သစ်ကူးမေတ္တာပို့ ဆုတောင်းစကားသံများ


ဦးစိန်သန်း


ဦးဇော်ဇော်နိုင်


ဒေါက်တာစိုင်းကျော်မြင့်


ဦးအောင်ဇော်ဝင်း

**ဦးစိန်သန်း(ဗုဒ္ဓဘာသာ)**
**ဥက္ကဋ္ဌ ဘာသာပေါင်းစုံ**
**ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ–

ယနေ့ဟာ ခရစ်နှစ် ၂၀၂၂ခုနှစ် ကုန်ဆုံးပြီး ခရစ်နှစ် ၂၀၂၃ခုနှစ် ကာလသို့ ရောက်ရှိလာတဲ့ ကမ္ဘာ့နှစ်သစ်ကူးနေ့ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုသော် (NEW YEAR) အခါသမယနေ့လည်း ဖြစ်ပါတယ်။ ဒီအခါသမယနှစ်သစ်မှာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့ကြီးက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ဘာသာပေါင်းစုံမှ ဘာသာဝင်အချင်းချင်းတို့ဟာ တစ်ဦး၏ ဘာသာကို တစ်ဦးက လေးစားလိုက်နာပြီး တိုင်းပြည်အတွင်း အေးချမ်းသာယာစွာ နေထိုင်သွားကြရန်၊ နိုင်ငံတော်အတွင်း ကျရောက်လာမည့် သဘာဝဘေးဒုက္ခ အပေါင်း မဖြစ်ပေါ်စေဖို့နဲ့ နိုင်ငံတော်ကြီး အေးချမ်းသာယာပါစေကြောင်း ဦးစွာ ပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ ဘာသာပေါင်းစုံက ညီအစ်ကိုမောင်နှမများအားလုံး ပူးပေါင်းဆောင်ရွက်ရင်းဖြင့် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြဖို့နဲ့ နှစ်သစ်အခါသမယမှာ ကမ္ဘာသူ၊ ကမ္ဘာသားများ၊ နိုင်ငံသူ နိုင်ငံသားများအားလုံး ကျန်းမာရွှင်လန်းပြီး ကပ်ရောဂါဆိုးကြီးများရဲ့ဘေးဒဏ်မှ လွတ်ကင်းကာ အေးချမ်းသာယာသော လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်နိုင်ကြစေဖို့အတွက် ဆုတောင်းမေတ္တာများ ပို့သလိုက်ပါတယ်ခင်ဗျာ။

**ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)**
**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံ**
**ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ–

၂၀၂၂ခုနှစ် ကုန်ဆုံးပြီး ၂၀၂၃ခုနှစ် နှစ်သစ်အချိန်အခါသမယမှာ ဂေါတမမြတ်စွာဘုရား၏ မေတ္တာကြောင့် မြန်မာနိုင်ငံကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ပါစေ။ မဟာပိန္နဲဘုရားကြောင့် ပြည်တွင်းပြည်ပရန်များ ကင်းစင်ပြီး ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံကြီးဖြစ်ပါစေလို့ ဦးစွာဆုတောင်းပေးပါတယ်ခင်ဗျာ။ ယခု ၂၀၂၃ ခုနှစ်မှာ မြန်မာနိုင်ငံကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ပါစေ။ ဘာသာရေး၊ လူမှုရေးကိစ္စရပ်တွေမှာလည်း အောင်မြင်ပါစေ။ ကျွန်တော်တို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်းကလည်း ၂၀၂၃ခုနှစ်မှာ ယခင်နှစ်ထက် ငါးဆပိုပြီး ကြိုးကြိုးစားစားလုပ်နိုင်ကြပါစေ။ ကိုဗစ်–၁၉ ရောဂါဖြစ်ကတည်းက မြန်မာနိုင်ငံတစ်ခုတည်းတင် မဟုတ်ပါဘူး၊ တစ်ကမ္ဘာလုံး အခက်အခဲဖြစ်ကြတယ်။ နည်းမျိုးစုံ ဒုက္ခတွေရောက်ခဲ့ကြရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကလည်း ကမ္ဘာသူ ကမ္ဘာသားတွေနဲ့အတူတူ အခက်အခဲများခံစားခဲ့ရပါတယ်။ ဒီ ၂၀၂၃ ခုနှစ် နှစ်သစ်မှာ ကပ်ရောဂါများ ပျောက်ဆုံးပြီး အားလုံးကျန်းမာချမ်းသာကြပါစေ။ မြန်မာပြည်ဟာ ကျွန်တော် ခဏခဏတင်ပြလေ့ရှိတဲ့ ချမ်းသာတာတစ်ခုရှိပါတယ်၊ အဲဒီဟာကတော့ မေတ္တာတရားပါပဲ၊ ယခုနှစ်သစ်မှာ မေတ္တာများများထားနိုင်ကြပါစေ၊ မေတ္တာပွားနိုင်ပါစေ၊ မေတ္တာကြောင့် အစစအရာရာအောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

**ဒေါက်တာစိုင်းကျော်မြင့် (ခရစ်ယာန်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**

Shalom! မင်္ဂလာပါခင်ဗျာ–

အခုလို ဆုတောင်းမေတ္တာပို့သခွင့်ရတဲ့အတွက် ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ လူမျိုးပေါင်း ၁၃၅မျိုး အတူတကွစုပေါင်းနေထိုင်ကြပြီး ဘာသာအယူဝါဒများစွာကို လွတ်လပ်စွာကိုးကွယ်ခွင့်ရရှိတဲ့ နိုင်ငံကြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံအတွက် ယခုအချိန်အခါမှာ လိုအပ်နေတဲ့ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနဲ့ အေးချမ်းသာယာငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့ ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့အနေနဲ့ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၂၂ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၃ ခုနှစ်သို့ ကူးပြောင်းတဲ့ နှစ်သစ်ကူးအခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံက လူသစ်စိတ်သစ်နဲ့ ဘာသာပေါင်းစုံ ညီညွတ်စွာဖြင့် အနာဂတ်မှာ လူ့ဘောင်သစ်ကို တည်ထောင်နိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ပြည်သူပြည်သားအားလုံး အေးချမ်းပျော်ရွှင်သော နှစ်သစ်ဖြစ်ပါစေကြောင်း နှုတ်ခွန်းဆက်ဆုတောင်းပေးလိုက်ပါတယ်ခင်ဗျာ။

**ဦးအောင်ဇော်ဝင်း(အစ္စလာမ်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ–

၂၀၂၂ ခုနှစ်ကုန်ဆုံးပြီးတော့ ၂၀၂၃ ခုနှစ် နှစ်သစ်မှာလည်း မြန်မာပြည်သူပြည်သားများအားလုံး၊ ကမ္ဘာသူကမ္ဘာသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ပြည့်စုံကာ စီးပွားလာဘ်လာဘများတိုးပွားပြီး ရောဂါဘယများ ကင်းစင်ကာ အေးချမ်းသာယာသော နိုင်ငံတော်ကြီးဖြစ်ပါစေလို့ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးမှာ ဘာသာပေါင်းစုံက ညီအစ်ကိုမောင်နှမများအားလုံး ပူးပေါင်းဆောင်ရွက်ရင်းဖြင့် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြပါရန်နှင့် နှစ်သစ်အခါသမယမှာ မြန်မာပြည်သူအားလုံး ကျန်းမာချမ်းသာပြီး နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ကြပါစေ။ နိုင်ငံတော်ကြီး သာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိအောင် အားလုံးဝိုင်းဝန်းပူးပေါင်းပြီး တည်ဆောက်ကြပါစို့၊ ကမ္ဘာသူကမ္ဘာသားများအားလုံး၊ နိုင်ငံသူနိုင်ငံသားများအားလုံး ကျန်းမာရွှင်လန်းပြီး ကပ်ရောဂါဆိုးကြီးများ၏ ဘေးဒဏ်မှ လွတ်ကင်းကာ အေးချမ်းသာယာသောလူ့ဘောင်ဘဝကြီးကိုပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာများ ပို့သလိုက်ပါတယ်ခင်ဗျာ။

**တွေ့ဆုံမေးမြန်း–ကိုကိုဇော်**
**ဓာတ်ပုံ–လတ်လတ်(သတင်းစဉ်)**

# စီးပွားရေးအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ၂၀၂၃ ခုနှစ်အတွက် နှစ်သစ်ကူးဆုတောင်းစကားသံများ


ဦးတင်မောင်


ဦးနေလင်း


ဦးဆန်းလင်း


ဒေါက်တာတိုးနန္ဒာတင်

**ဦးတင်မောင်**
**မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း**
**ဖွံ့ဖြိုးတိုးတက်ရေးအသင်း နာယက**

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ကုန်ဆုံးတဲ့နှစ်နဲ့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ ကျရောက်တဲ့ နှစ်သစ်တွင် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကျန်းမာချမ်းသာ၍ စီးပွားရေးများ တိုးတက်ကောင်းမွန်ပြီး ဘေးအန္တရာယ်များ ကင်းရှင်းပါစေကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း နာယက တစ်ယောက်အနေနဲ့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးနေလင်း**
**မြန်မာနိုင်ငံ ဆန်ကုန်သည်များ**
**အသင်းချုပ် ဥက္ကဋ္ဌ**

နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်ကူးပြောင်းတဲ့အခါမှာ မင်္ဂလာကျက်သရေအပေါင်း ခညောင်းပြည့်စုံပါစေ။ ကျေးလက်မှာရှိတဲ့ တောင်သူလယ်သမား ဦးကြီးများနဲ့ လယ်ယာကဏ္ဍမှာ လုပ်ကိုင်နေကြသူများအားလုံး နှစ်သစ်မှာ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။ ဆန်စပါးကုန်သည်အသင်းမှာရှိတဲ့ အသင်းဝင်တွေ၊ အသင်းသူအသင်းသားတွေ၊ ဆန်စက်ပိုင်တွေ၊ ဆန်အကျိုးတော်ဆောင်တွေ၊ ဆန်လက်လီလက်ကားပွဲရုံများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ၂၀၂၃ ခုနှစ်မှာ အခက်အခဲဟူသမျှ မရှိကြဘဲ အားလုံး အောင်မြင် တိုးတက်ကြီးပွားကြပါစေကြောင်း ဆုတောင်းပတ္ထနာခြွေလိုက်ပါတယ်။ ကျွန်တော်တို့အသင်းက တစ်ဦးတစ်ယောက်ရဲ့အကျိုးစီးပွားကိုဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံတော်၏အကျိုး ပုဂ္ဂလိကအကျိုး၊မြန်မာနိုင်ငံဆန်ကုန်သည်အသင်းသူ အသင်းသားများရဲ့ အကျိုးကို ဆောင်ရွက်နေခြင်းသာဖြစ်ပြီး ပြည်တွင်းပြည်ပနဲ့ ဆက်နွယ်လုပ်ကိုင်နေကြတဲ့ လုပ်ငန်းဆောင်တာများလည်း တိုးတက်ပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။

**ဦးဆန်းလင်း**
**မြန်မာနိုင်ငံ ဆီကုန်သည်နှင့်**
**ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ**

နှစ်သစ်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားများနဲ့ ကမ္ဘာသူ ကမ္ဘာသားများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။ မင်္ဂလာနှစ်သစ်အချိန်အခါကစပြီး ရှေ့ဖြစ်ပေါ်လာမယ့် လုပ်ငန်းဆောင်တာ များမှာလည်း ကျွန်တော်တို့ ပြည်သူ ပြည်သားများအားလုံး တစ်တပ်တစ်အားနဲ့ ပါဝင်ဆောင်ရွက်နိုင်ကြပါစေ။ ကျွန်တော်တို့ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကလည်း လာမယ့်နှစ်သစ်အခါသမယကစပြီး စားသုံးသူများရဲ့အကျိုး၊ ပြည်သူရဲ့အကျိုးနဲ့ နိုင်ငံ့အကျိုးကို သင့်တင့်မျှတတဲ့ လုပ်ငန်းစဉ်များကို ဖော်ဆောင်ပြီး အားလုံးပူးပေါင်းဆောင်ရွက်သွားပါ့မယ်လို့ အသင်းအနေနဲ့ ပြောကြားလိုပါတယ်။

**ဒေါက်တာတိုးနန္ဒာတင်**
**မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်**
**အကြီးတန်းဒုတိယဥက္ကဋ္ဌ**

၂၀၂၃ ခုနှစ်မှာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ ရေလုပ်ငန်းကဏ္ဍမှာ ဖွံ့ဖြိုးတိုးတက်မယ်လို့ ယုံကြည်ပါတယ်။ ပန်းတနော်ငါးမွေးမြူရေးဇုန်ဆိုရင် ၂၀၂၃ ခုနှစ်မှာ လုပ်ငန်းစတင်ပြီး Operate လုပ်မယ်လို့ မျှော်လင့်ထားတာကြောင့် မျှော်လင့်တဲ့အတိုင်း ၂ ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့် ၂၀၂၃ ခုနှစ်သည် မြန်မာနိုင်ငံရဲ့ ရေလုပ်ငန်းကဏ္ဍအတွက် အင်မတန်မှ ထူးခြားမယ့်နှစ်တစ်နှစ်ဖြစ်တာကို တွေ့မြင်ရမှာပါ။ နှစ်သစ်မှာ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုဟာ အရှိန်အဟုန်နဲ့ တိုးတက်လာမှာဖြစ်တဲ့အတွက် ပြည်သူအများ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိပြီး မွေးမြူရေးတောင်သူတွေလည်း စီးပွားရေးကောင်းမွန်မှုကြောင့် အဆင်ပြေတဲ့နှစ်တစ်နှစ်အဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ အတူ ပြည်သူအပေါင်း စိတ်ချမ်းသာကိုယ်ကျန်းမာပါစေလို့ နှစ်သစ်ဆုတောင်းမေတ္တာပို့သပါတယ်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

(မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်)
၂၀၂၂ ခုနှစ် ၊ ဒီဇင်ဘာ ၃၁ ရက်

၁။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံတစ်ဝန်း လုံး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များ ကို ထိရောက်စွာဆောင်ရွက်နိုင်ရေးရည်ရွယ်၍ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ ၄ နှစ်ကျော်ကာလတိုင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း(၂၁)ကြိမ် ထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်ကာကွယ် ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ရပ်စဲပေးခဲ့သည်။

၂။ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့် အညီ နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်းထမ်းဆောင်ခဲ့ရသည်မှာ တစ်နှစ်နှင့် ၁၁ လကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက် ဖြစ်သည့် **"တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံ လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘော တူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွား မည်"**ဟူသော လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် အကောင်အထည် ဖော်လျက်ရှိသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့သမိုင်းတွင် ထူးခြားလေးနက်သည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကြီးကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး နှင့်အတူတကွ ခမ်းနားစွာကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုကြီး တည်တံ့ ခိုင်မြဲရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ကို တိုင်းရင်းသားပြည်သူအားလုံး၏ စိတ်တွင်း၌ ကိန်းဝပ်ရှင်သန် နေစေရေးဆောင်ရွက်နိုင်ခဲ့သည်။

၄။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည်လည်း နိုင်ငံ့သမိုင်းတွင် လေးနက်သည့်အဓိပ္ပာယ်များနှင့် ပြည့်စုံနေသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ သဘောထားကွဲလွဲမှုများအပေါ်တွင်အခြေခံ၍ ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ၇၅ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ် သည့် လွတ်လပ်ရေး၏ အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားရသေးသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနိုင်မှသာလျှင် ဒီမိုကရေစီ ၏ အနှစ်သာရ၊ လွတ်လပ်ရေး၏ အနှစ်သာရကို အပြည့်အဝ ခံစားနိုင် မည်ဖြစ်သည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် မိဘ ပြည်သူများသို့ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပြီး ငြိမ်းချမ်းရေးကိစ္စရပ်များကို လက်တွေ့ကျကျ ထိထိ ရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များနှင့် ကိုယ်တိုင် တွေ့ဆုံ၍ ရိုးသားပွင့်လင်းစွာဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ခဲ့သည်။ ထိုသို့ ဖိတ်ခေါ်ခဲ့ရာ ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် DKBA၊ KNU-KNLA/PC၊ PNLO၊ NMSP၊ ALP၊ RCSS(SSA)၊ LDU စသည့် အဖွဲ့ခုနစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် UWSA၊ NDAA၊ SSPP(SSA) စသည့် အဖွဲ့သုံးဖွဲ့၊ စုစုပေါင်း အဖွဲ့ ၁၀ ဖွဲ့တို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့် နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးနိုင် ခဲ့သည်။

၆။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီ စနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့နှင့် ပတ်သက်သည်များ၊ တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်နိုင်သည်များနှင့် ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကျေအလည် ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုအကျိုးကို ရှေးရှု၍ အမြင်ကျယ်ကျယ် ဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြကာ အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့သည်။ ဆက်လက်၍လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)တို့ကို အခြေခံသည့် ငြိမ်းချမ်း ရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည်။

၇။ သို့ဖြစ်ပါ၍ လက်တွေ့ကျသည့် ငြိမ်းချမ်းရေးဆွေးနွေးမှု လုပ်ငန်း စဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ထာဝရ ငြိမ်းချမ်းရေးရရှိရေးတို့အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှု ဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ် ရေးဆိုင်ရာ ယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်ရပ်စဲလိုက် ကြောင်း ကြေညာချက်ထုတ်ပြန်အပ်ပါသည်။

၈။ တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေးနှင့် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကို ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း ဟူသည့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လျှောက်လှမ်းကြရမည်ဖြစ်ပါ သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေကြသည့် အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်း စဉ်များကို လက်တွေ့ကျကျတိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေးတို့အတွက် တပ်မတော်မှ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ရပ်စဲပေးထားသည့်ကာလအတွင်း ပြည်ထောင်စုအကျိုးကို ရှေးရှု၍ ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းအပ်ပါ သည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

## ဒီဇင်ဘာလ (ပဥ္စမအပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၃၁

ဒီဇင်ဘာလူထုအားကစားလ စုပေါင်း လမ်းလျှောက်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် "ဒီဇင်ဘာ(ပဥ္စမအပတ်) လူထုစုပေါင်းလမ်းလျှောက် ပွဲ"ကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ တာဝန် ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ စုစုပေါင်းအင်အား ၃၆၀၀ ခန့် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

လမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း သတ်မှတ်လမ်းကြောင်း များအတိုင်း ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)၊ (၂) နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းပါဝင်လှုပ်ရှားဆောင်ရွက် ကြပြီး အားကစားနှင့်ကာယပညာဦးစီးဌာနက ရေသန့်ဘူး၊ Royal-D နှင့် အာဟာရမုန့်များပေးဝေ ခဲ့ကြသည်။

ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်း အမှတ် စုပေါင်းလမ်းလျှောက်ပွဲများကို မြန်မာ့ အားကစားလောကအဆင့်အတန်း တိုးတက်မြင့်မား စေရေး၊ လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် တစ်နိုင်ငံလုံး တစ်မျိုး သားလုံး အမျိုးသားအားကစားစိတ်ဓာတ်အပြည့်အဝ ဖြင့် ပြည်သူတစ်ရပ်လုံး လှုပ်ရှားပါဝင်ဆင်နွှဲနိုင်စေရန် ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်း ပြုလုပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဇလွန်မြို့နယ် အဗျဉ်းလယ်ဦးကျေးရွာ၌ ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

ဇလွန် ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဗျဉ်းလယ်ဦးကျေးရွာ ကွန်ကရစ်လမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ သည်။

ဆက်လက်၍ ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်နှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းဖွင့်ပွဲဆိုင်းဘုတ် ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ အဗျဉ်းလယ်ဦးကျေးရွာရှိ အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၁၂၀၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မရှိပြီး မြစိမ်းရောင် ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၄ ဒသမ ၈ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁ ဒသမ ၄၁ သန်းကို အသုံးပြုကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

၂၂

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ

**မောင်သမ္မာဒိဋ္ဌိ**



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပင်လုံမြို့တွင်ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ပြီး တိုင်းရင်းသားခေါင်းဆောင်များပါဝင်သော ပင်လုံစာချုပ်လက်မှတ်ရေးထိုးစဉ်။

မြန်မာနိုင်ငံသမိုင်းတွင် တွေ့ကြုံခဲ့ရသည့် သူ့ကျွန်ဘဝသည် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်မြင့်မားရေးကို အမြဲတစေ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ဖော်ပြနေသည့် အဓိကကျသော သမိုင်းရေးသင်ခန်းစာတစ်ခု ဖြစ်ပါသည်။ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ဝံသာနုရက္ခိတတရား(မျိုးစောင့်တရား)ကို အရင်းခံခဲ့သောကြောင့်သာ ယနေ့တိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မြန်မာလူမျိုးဟူ၍ တည်ရှိနေနိုင်ခြင်းပင် ဖြစ်ပါသည်။

'မြန်မာ' တည်းဟူသော အမည်သည် တိုင်းရင်းသား လူမျိုးတစ်မျိုးတည်းကို ရည်ညွှန်းကိုယ်စားပြုသည့်အမည် လုံးဝမဟုတ်ပါ။ မြန်မာအဘိဓာန်ကျမ်းကြီးတွင် 'နှစ်ရှည် ကာလရှည်စွာ အစဉ်အဆက် ပျံ့နှံ့စွာ အတူတကွ အခြေစိုက်နေထိုင်သော တိုင်းရင်းသားလူမျိုး' ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် 'မြန်မာ' ဟူသော အမည်နာမသည် ပြည်ထောင်စုဖွားတိုင်းရင်းသား မျိုးနွယ်စုအားလုံးအတွက် ပေါင်းရုံးသိမ်းကျုံးကာ ခေါ်ဝေါ်သတ်မှတ်ထားသည်မှာ ထင်ရှားလှပါသည်။ အင်္ဂလိပ်ဘာသာအားဖြင့်လည်း "ပြည်ထောင်စု မြန်မာနိုင်ငံ" (Union of Myanmar) ဟု ဖွင့်ဆိုသတ်မှတ်ထားခြင်း ဖြစ်ပါသည်။

တစ်ခုတည်းသော ပိုင်နက်နယ်မြေ နယ်နိမိတ်အတွင်း၌ နှစ်ပရိစ္ဆေဒ ရှည်ကြာလှစွာကတည်းကပင် ဘိုးဘေးဘီဘင် အစဉ်မပြတ် နေရာဒေသဖြန့်၍ ပျံ့နှံ့ကူးလူးသွားလာ ဆက်ဆံ ပေါင်းသင်း မှီတင်းအခြေစိုက် လိုက်ပါနေထိုင်လာကြကုန်သော ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးကို ကိုယ်စားပြုအမည် စကားလုံးနှစ်လုံးတည်းဖြင့် ပေါင်းရုံးကာ 'မြန်မာ'ဟု ခေါ်ဆိုခြင်းပင် ဖြစ်ပါသည်။

နှစ်ပေါင်းထောင်ချီ၍ ကြာရှည်တည်တံ့လာခဲ့သော မြန်မာ့သမိုင်းသည် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား ရှိကြသူများ၏ သမိုင်းသာဖြစ်ပါသည်။ အနော်ရထာအစ၊ ဘုရင့်နောင်အလယ်၊ အလောင်းဘုရားအဆုံး မြန်မာ့သမိုင်းကို လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် ဖန်တီးတည်ဆောက်နိုင်ခဲ့ကြသူတို့သည် မျိုးချစ်စိတ်ဓာတ်၊ ဝံသာနုရက္ခိတတရားကို နှလုံးသွင်း ကျင့်ကြံဆောင်ရွက်ခဲ့ကြသူများပင် ဖြစ်ပါသည်။ ထိုခေါင်းဆောင်ကြီးများသည် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အမျိုး၊ ဘာသာ၊ သာသနာတို့ကို ထိန်းသိမ်းမြှင့်တင် ကာကွယ်စောင့်ရှောက်ခဲ့ကြပါသည်။

**သူ့ကျွန်အဖြစ် နွံနစ်ခဲ့ရသည့် ဘဝမှာ ၁၂၄ နှစ်ကြာ**

> ❖ **သိင်္ဃတန်ဆောင်၊ ဘုန်းတော်မှောင်၍**
> **ကုန်းဘောင်နေမီး၊ မထိန်ညီးက**
> **တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်**
> **ထီးသုဉ်း နန်းသုဉ်း၊**
> **မြို့သုဉ်းသုည၊ သုဉ်းဘဝဖြင့်**
> **ကြုံရပြန်လစ်၊ သုညခေတ်ဝယ်**
> **ဖြစ်လာရလေ၊ တို့တစ်တွေသည်**
> **သေသော်မှတည့်၊ ဩော်-ကောင်း၏။ ......**

ဟူ၍ ကျေးဇူးတော်ရှင် မျိုးချစ်ရဟန်းစာဆိုတော် ဆရာတော် "ဆီးဘန်းနီဆရာတော် အရှင်နရိန္ဒ"က တိုင်းတစ်ပါးသား နိုင်ငံခြားအစိုးရ၏ ကိုလိုနီသူ့ကျွန်ဘဝသို့ ရောက်ရှိခဲ့ရခြင်းသည် အသက်ရှင်လျက်သေသည်နှင့် လုံးဝမခြား အားလုံးဆုံးရှုံးခဲ့ရသည်ဟု ခံစားရေးဖွဲ့ တင်ပြတော်မူခဲ့သည်။

အင်္ဂလိပ်နယ်ချဲ့ကျူးကျော်သိမ်းပိုက်ရေး ကျွန်ပြုစစ်ပွဲသည် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ၊ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ၊ ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲတို့ဖြင့် စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ မြန်မာပြည် ပိုင်နက်နယ်မြေများကို သုံးကြိမ်ခွဲ၍ အစမ္မကျူးကျော်တိုက်ခိုက် သိမ်းပိုက်ခဲ့ကြသည်။

အမိမြန်မာပြည်ကြီး ကျွန်ဖြစ်ခဲ့ရသည့် သက်တမ်း ၁၂၄ နှစ်တွင် အင်္ဂလိပ်နယ်ချဲ့က ၁၂၁ နှစ်၊ ဂျပန်နယ်ချဲ့ဖက်ဆစ်က သုံးနှစ်ကြာမြင့်ခဲ့သည်။

ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၂၄ ခုနှစ်နှင့် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၅၂ ခုနှစ်တို့၏ကြားကာလတွင် ၂၈ နှစ် ကြာမြင့်ခဲ့သည်။ အလားတူ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၅၂ ခုနှစ်နှင့် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၈၅ ခုနှစ်တို့၏ ကြားကာလတွင်လည်း ၃၃ နှစ် ကြာမြင့်ခဲ့သည်။ အင်္ဂလိပ်-မြန်မာ ပထမအကြိမ်စစ်ပွဲ၊ ဒုတိယအကြိမ်စစ်ပွဲအပြီးကာလတို့မှစ၍ အင်္ဂလိပ်-မြန်မာ တတိယအကြိမ်စစ်ပွဲမဖြစ်မီအထိ နှစ်ပေါင်း ၆၁ နှစ်ပင် အချိန်ရရှိခဲ့ရာ ထိုအချိန်ထိုကာလများတွင် ဥစ္စာရင်လို ဥစ္စာရင်ခဲဖြစ်အောင် မြန်မာခေါင်းဆောင်များက အမျိုးသားကာကွယ်ရေးစွမ်းရည် စွမ်းပကားတို့ကို ခိုင်ခိုင်မာမာ တောင့်တောင့်တင်းတင်း ပြန်လည်တည်ဆောက်နိုင်ခဲ့မည်ဆိုပါက အင်္ဂလိပ်နယ်ချဲ့၏တတိယအကြိမ်ကျူးကျော်စစ်ကိုအောင်မြင်စွာ ပြန်လည်ခုခံတွန်းလှန်တိုက်ခိုက် ချေမှုန်းနိုင်ခဲ့မည် မဟုတ်ပါလား။

တကယ်တော့ ထိုစဉ်က မြန်မာနိုင်ငံသည် ၁၈၅၅ ခုနှစ် ကတည်းက မြန်မာလူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ကာ နိုင်ငံခြားတိုင်းပြည်များသို့ စက်မှုပညာတော်သင်များအဖြစ် စေလွှတ်ထားနိုင်ခဲ့သည်။ ထိုစဉ်က ဂျပန်နိုင်ငံသည် ၁၈၆၈ ခုနှစ်သို့ ရောက်ရှိမှသာ စက်မှုခေတ်သို့ ကူးပြောင်းနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံထက် ၁၃ နှစ် နောက်ကျခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ သို့သော် ခေတ်မီနိုင်ငံတည်ဆောက်ရေးနှင့် ကာကွယ်ရေးခေါင်းဆောင်ကောင်းတစ်ဦးဖြစ်သည့် အိမ်ရှေ့စံ ကနောင်မင်းသားကြီးမှာ ပြည်ပပယောဂများနှင့်အတူ အကြမ်းဖက်သမား မြင်ကွန်းနှင့် မြင်းခုံတိုင် မင်းသားညီနောင်တို့၏ လက်ချက်ဖြင့် ကျဆုံးသွားခဲ့ရသောကြောင့် မြန်မာ့ခေတ်မီဖွံ့ဖြိုးရေးပန်းတိုင်မှာ လေ့လေ့ှာ်ရင်း တက်ကျိုးသွားခဲ့ရသည့်ပမာဖြစ်ခဲ့ရသည်။

ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း၏ အကြောင်းရင်းများထဲတွင် အမျိုးသားကာကွယ်ရေးစွမ်းရည်စွမ်းပကားများနှင့် ခေတ်မီလက်နက်များ စွမ်းအားပြည့် ထုတ်လုပ်နိုင်စွမ်း ရှိပါလျက်နှင့် လှေလှော်ရင်း တက်ကျိုးခဲ့ရသည့်ပမာ ရိုက်ချိုးခံခဲ့ရသည့် အချက်တစ်ချက် ပါဝင်ခဲ့သည်ကို မြန်မာ့သမိုင်းက သင်ခန်းစာပေးခဲ့ကြောင်း ထင်ရှားစွာတွေ့မြင်ကြရမည် ဖြစ်ပါသည်။ အိမ်ရှေ့စံ ကနောင်မင်းသားကြီးသည် အမျိုးသားကာကွယ်ရေးစွမ်းရည်စွမ်းအားကို ရေမြုပ်ဗုံးထုတ်လုပ်နိုင်ခဲ့သည်အထိ စွမ်းအားပြည့် ကြိုးပမ်းဆောင်ရွက်နေချိန်မှာပင် အင်္ဂလိပ်က သွေးခွဲသပ်လျှိုပေးခဲ့ခြင်းကြောင့် ကနောင်မင်းသားကြီး လုပ်ကြံခံခဲ့ရခြင်းပင် ဖြစ်သည်။

**ကျွန်၏လက်အောက် ကျွန်သဘောက်ဘဝသို့ပါ ရောက်ခဲ့ရသည်**

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို ဗြိတိသျှပိုင်နက် အင်ပါယာအတွင်းသို့ သွတ်သွင်းလိုက်ပြီဟု အိန္ဒိယဘုရင်ခံချုပ် "လော့ဒ်ဒပ်ဖရင့်" (Lord Dufferin) က အင်္ဂလိပ်ဘုရင်မကြီး "ဝိတိုရိယ" ကိုယ်စား ကြေညာချက်ထုတ်ခဲ့သည်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးနောက် အင်္ဂလိပ်နယ်ချဲ့အစိုးရသည် မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့၏ ကိုလိုနီနိုင်ငံတစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ လက်အောက်၌ ပြည်နယ်တစ်နယ်အဖြစ် သွတ်သွင်းလိုက်တော့သည်။ ထို့ကြောင့် သူ့ကျွန်ဖြစ်ရခြင်းအတူတူ ကျွန်ထက် နိမ့်ကျလှသည့် ကျွန်သဘောက်ဘဝသို့ လျှောကျသက်ဆင်းသွားခဲ့ရခြင်းမှာ အလွန်ရင်နာစရာကောင်းလွန်းလှသည်။

**အမျိုးဘာသာ၊ သာသနာနှင့် ဇာတိသွေး၊ ဇာတိမာန်**

အင်္ဂလိပ်နယ်ချဲ့အစိုးရသည် "သွေးခွဲအုပ်ချုပ်ရေးဝါဒ (Divide and Rule Policy) ကို လက်တွေ့ကျင့်သုံးပြီး တောင်တန်းဒေသများတွင် နေထိုင်ကြသူများနှင့် မကူးလူးမဆက်ဆံရ၊ မသွားရမလာရ"ဟု နယ်ခြားဖြတ်ကျော်မှု ချုပ်ကိုင်ရေးဥပဒေကို ပြဋ္ဌာန်းကာ ကန့်သတ်ချုပ်ချယ် ခွဲခြားထားခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့သည် မြန်မာနိုင်ငံအား နှစ်ပေါင်း ၁၀၀ ကျော် ကျွန်ပြုအုပ်ချုပ်ခဲ့စဉ်အတွင်း မြန်မာပြည်ဖွား မြန်မာနိုင်ငံသား မှန်သမျှကို "လူခွန် ကောက်ခံခဲ့ခြင်းကြောင့် ရွှေကိုယူသည်၊ ငွေကိုယူသည် ပြီးတော့ လူကိုပါ ယူသည်၊ အမျိုးပျောက်မှာ စိုးကြောက်လှပါသည်"

စာမျက်နှာ ၁၁ သို့ ◆

> **နှစ်ပေါင်း ၁၂၄ နှစ်တိုင်အောင် ဆုံးရှုံးသွားခဲ့ရသည့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာတွင် တိုင်းတစ်ပါးသား နယ်ချဲ့တို့ထံမှ ကလေးမုန့်ဖိုးလက်ဖြန့်တောင်းသကဲ့သို့ မြန်မာ့လွတ်လပ်ရေးကို လွယ်လွယ်ကူကူ ပြန်လည်ရရှိခဲ့ခြင်း လုံးဝမဟုတ်ပါ။ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ဝံသာနုရက္ခိတစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိကြသည့် တိုင်းရင်းသားများအပါအဝင် တပ်မတော်က နယ်ချဲ့ဆန့်ကျင်တော်လှန်ရေးကို အသက်သွေးချွေးပေါင်းများစွာ စတေးခံ၍ တစ်နည်း၊ အမျိုးသားနိုင်ငံရေးနည်းများဖြင့်တစ်သွယ် အတူလက်တွဲဆင်နွှဲခဲ့ခြင်းကြောင့် မြန်မာ့လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ခြင်းပင်ဖြစ်**






ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ ၂၀၂၃ ခုနှစ် နှစ်သစ်ကူးအခါသမယကို Countdown ရေတွက်၍ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ နှစ်သစ်ကို ပျော်ရွှင်စွာဖြတ်သန်းကြစဉ်။

# နေပြည်တော်၌ နှစ်သစ်ကိုကြိုဆိုသည့်အနေဖြင့် ဂီတဖျော်ဖြေပွဲများ ကျင်းပကာ ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

နေပြည်တော်ရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ အပန်းပြေပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် နှစ်သစ်ကို ကြိုဆိုသည့် ဂီတဖျော်ဖြေပွဲနှင့် ပျော်ပွဲရွှင်ပွဲအစီအစဉ်ကို ယနေ့ညပိုင်းတွင် နေပြည်တော်ရေပန်းဥယျာဉ်၌ ကျင်းပသည်။

အဆိုပါဂီတဖျော်ဖြေပွဲနှင့် ပျော်ပွဲရွှင်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ယနေ့ည နေပြည်တော် ရေပန်းဥယျာဉ်၌ ကျင်းပသည့် နှစ်သစ်ကိုကြိုဆိုသည့် ပျော်ပွဲရွှင်ပွဲ အစီအစဉ်တွင် Music Band၊ DJ များဖြင့် တွဲဖက်၍ နိုင်ငံကျော်အဆိုတော်များက ပရိသတ်အကြိုက် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ည ၁၂ နာရီအချိန်တွင် ၂၀၂၃ ခုနှစ် နှစ်သစ်ကူးအခါသမယကို Countdown ရေတွက်၍ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ နှစ်သစ်ကို ပြည်သူများက တစ်ခဲနက် ပျော်ရွှင်စွာဖြတ်သန်းကြသည်။

ဖျော်ဖြေပွဲသို့လာရောက်ကြသည့် ပြည်သူများ စားရေးသောက်ရေး အဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် Night Market ဈေးရောင်းပွဲ ထည့်သွင်း၍ မြန်မာ့ရိုးရာအစားအစာ၊ ကိုရီးယားအစားအစာ၊ ထိုင်းအစားအစာများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသုံးကြသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်းစဉ်**

---

◆ **စာမျက်နှာ ၁၀ မှ**

ဘဝရောက်အောင် အမြတ်ထုတ်ကုပ်သွေးစုပ် အုပ်ချုပ်ခဲ့ကြသည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရသည် တောင်သူလယ်သမားထုတစ်ရပ်လုံး အပေါ် အမျိုးမျိုးစီးပွားရေးအမြတ်ထုတ် ဖိနှိပ်ချုပ်ချယ်ခဲ့ခြင်းကြောင့် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် တောင်သူလယ်သမား ခေါင်းဆောင်ကြီး ဆရာစံသည် တောင်သူလယ်သမားများကို ဦးဆောင်၍ အင်္ဂလိပ်နယ်ချဲ့အစိုးရကို လက်နက်ကိုင်တိုက်ပွဲဆင်နွှဲခဲ့သည်။ လက်နက်အင်အားချင်းမမျှ၍ ဆရာစံ ဖမ်းဆီးခံရကာ ဆရာစံနှင့် တော်လှန်ရေးရဲဘော်များကို ကြိုးမိန့်ပြစ်ဒဏ်ချ၍ သေဒဏ်ပေးခဲ့သည်။ တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင်ကြီး ဆရာစံသည် ကြိုးစင်ပေါ်သို့တက်ရာ၌ အကျဉ်းထောင်ဝန်ထမ်းများ၏ တွဲခေါ်ခြင်းကို လုံးဝမခံဘဲ မတုန်မလှုပ်တက်ရောက်ကာ "ကျွန်ုပ်ဟာ အမျိုး၊ ဘာသာ၊ သာသနာကို ကြီးပွားတိုးတက်ဖို့ မျှော်မှန်းပြီး အင်္ဂလိပ်နယ်ချဲ့ကို လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့လို့ အခုလိုကြိုးပေးခံရတာပါ။ ကျွန်ုပ် လုံးဝမမှုပါဘူး၊ နောင်ဖြစ်လေရာဘဝမှာ အင်္ဂလိပ်နယ်ချဲ့ ရန်သူကို အောင်မြင်စွာ နှိမ်နင်းနိုင်ရပါလို၏" ဟု ဆုတောင်းစကား ပြောကြားသွားခဲ့သည့် အထောက်အထားကို တောင်သူလယ်သမားအရေးတော်ပုံ စာအုပ်တွင် လေ့လာတွေ့ရှိရာ ကြက်သီးမွေးညှင်း ထလောက်အောင် ဇာတိသွေး၊ ဇာတိမာန်များ တက်ကြွခဲ့ရသည်။

**တို့ပြည်ကြီးမို့ ကာကွယ်မလေ**

❖ **"အားကြိုးတင်းတင်း**
**လူအချင်းချင်းကို**
**ဘယ်မင်းဖက်ပြိုင်**
**ဘယ်တပ်ဆိုင်အံ့**
**သူ့နိုင်ငံသား**
**သံမှုန်စားမှ**
**တို့ခေါးတုံးမည်**
**မှတ်တော်တည်လော့"**

ဟူ၍ မြန်မာတို့၏ သူရသတ္တိကို စာဆိုတော်အမတ်ကြီး လက်ဝဲသုန္ဒရက နန္ဒီသေနပျို့တွင် ပြောင်မြောက်စွာ ရေးစပ် ဖွဲ့ဆိုပြခဲ့သည်။

တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင်ကြီး ဆရာစံ ဦးဆောင်ခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ ပြီးဆုံးသွားပြီးနောက် အလုပ်သမားထုတစ်ရပ်လုံး၏ ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံကြီး ထပ်မံပေါ်ပေါက်လာကာ လူထုနည်းဖြင့် အင်္ဂလိပ်နယ်ချဲ့ကို နိုင်ငံရေး တိုက်ပွဲဆင်နွှဲခဲ့ကြသည်။

ဆုံးရှုံးသွားခဲ့သော မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရရှိနိုင်ရန်၊ အင်္ဂလိပ်နယ်ချဲ့ကို လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရန် မဖြစ်မနေ လိုအပ်သဖြင့် သခင်အောင်ဆန်း ဦးဆောင်သည့် မျိုးချစ်သခင် လူငယ် ၃၀ တို့သည် ၁၉၄၁ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ စွန့်စွန့်စားစား သွားရောက်၍ စစ်ပညာသင်ကြားခဲ့ကြသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ "ဗမာ့လွတ်လပ်ရေးတပ်မတော်" (BIA: Burma Independence Army) ကို ဖွဲ့စည်းခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် (BIA) သည် စစ်ကြောင်းကြီးများ ဖွဲ့စည်း၍ အင်္ဂလိပ်နယ်ချဲ့အား လက်နက်ကိုင်တိုက်ပွဲများ ဆင်နွှဲခဲ့ရာ အင်္ဂလိပ်နယ်ချဲ့အစိုးရမှာ အိန္ဒိယနိုင်ငံသို့ စစ်ပြေးအစိုးရဘဝဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ သို့ရာတွင် အင်္ဂလိပ်နယ်ချဲ့တို့အား လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့စဉ်ကပင် ဂျပန်ဖက်ဆစ်တို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်ထားလိုသဖြင့် လွတ်လပ်ရေးအတုအယောင်ကို ပေးလာခဲ့သည်။ ထို့မျှမက ဂျပန်ဖက်ဆစ်တို့၏ နိုင်ငံရေးကတိမတည်မှု၊ ပြည်သူတို့အပေါ် နှိပ်စက်ညှဉ်းပန်းမှုတို့ကြောင့် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့က ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲခဲ့ရခြင်းပင် ဖြစ်သည်။

ဆက်လက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအဖွဲ့ချုပ်သည် ပြည်မရော ပြည်နယ်ပါမကျန် တစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ထိုစဉ်က ဗြိတိန်ဝန်ကြီးချုပ် "အက်တလီ" က ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်မြို့သို့ ဖိတ်ကြားကာ မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးခဲ့သည်။

ထိုအချိန်မှာပင် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ သွေးထိုးပေးမှုကြောင့် ရှမ်းပြည်နယ်မှ စော်ဘွားအချို့က လန်ဒန်မြို့သို့ ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်ကို ကိုယ်စားပြုသူမဟုတ်ဟု ကြေးနန်းစာပေးပို့ခဲ့သည်။ သို့ရာတွင် ဒေသခံရှမ်းပြည်နယ် လွတ်လပ်ရေးအဖွဲ့ချုပ်က ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရန် တက်ရောက်လာသည့်ခေါင်းဆောင်ဖြစ်ကြောင်း ဗြိတိသျှအစိုးရထံ ကြေးနန်းစာ ပြန်လည်ပေးပို့အကြောင်းကြားခဲ့ခြင်းကြောင့် မြန်မာ့လွတ်လပ်ရေးအတွက် အောင်ဆန်း - အက်တလီစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ဆက်လက်၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့၌ ပင်လုံစာချုပ်ကို တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ကိုလိုနီလက်အောက်ခံနိုင်ငံဘဝမှ လုံးဝလွတ်မြောက်ပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဖြစ် ရပ်တည်လာခဲ့ရခြင်းပင် ဖြစ်သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာပင် ရန်ကုန်မြို့ဆူးလေ စေတီတော်မြတ်ကြီးအနီး မဟာဗန္ဓုလပန်းခြံအတွင်း၌ မြန်မာ့လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျောက်တိုင်ကို အုတ်မြစ်ချခဲ့သည်။ ထိုကျောက်တိုင်ကြီးတွင်-

**"ဤ သက္ကရာဇ် တစ်ထောင့်သုံးရာကိုးနှစ်**
**ပြာသိုလဆုတ် ၉ ရက် တနင်္ဂနွေနေ့တွင်**
**ဤငါတို့ မြန်မာပြည်သည်**
**လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်**
**ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီးအဖြစ်**
**ကောင်းစွာရောက်သတည်း"** ဟု ကမ္ပည်းကျောက်စာရေးထိုးနိုင်ခဲ့သည်။

အချုပ်ဆိုရပါလျှင်နှစ်ပေါင်း ၁၂၄ နှစ်တိုင်အောင် ဆုံးရှုံးသွားခဲ့ရသည့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာတွင် တိုင်းတစ်ပါးသား နယ်ချဲ့တို့ထံမှ ကလေးမုန့်ဖိုး လက်ဖြန့်တောင်းသကဲ့သို့ မြန်မာ့လွတ်လပ်ရေးကို လွယ်လွယ်ကူကူ ပြန်လည်ရရှိခဲ့ခြင်း လုံးဝမဟုတ်ပါ။ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ဝံသာနုရက္ခိတစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိကြသည့် တိုင်းရင်းသားများအပါအဝင် တပ်မတော်က နယ်ချဲ့ဆန့်ကျင်တော်လှန်ရေးကို အသက်သွေးချွေးပေါင်းများစွာ စတေးခံ၍ တစ်နည်း၊ အမျိုးသားနိုင်ငံရေးနည်းများဖြင့် တစ်သွယ် အတူလက်တွဲဆင်နွှဲခဲ့ခြင်းကြောင့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ခြင်းပင် ဖြစ်ပါသည်။

မြန်မာ့လွတ်လပ်ရေးရခဲ့ပြီးချိန်မှ အစပြုပေါ်ပေါက်လာခဲ့သည့် ပြည်တွင်း ပြည်ပ အန္တရာယ်အသွယ်သွယ်ကို တပ်မတော်အနေဖြင့် အသက်စွန့် ကာကွယ်ကယ်တင် စောင့်ရှောက်နေခြင်းကြောင့် အမိမြန်မာပြည်ကြီး စိန်ရတုကာလတိုင် ထာဝရကြာရှည် ရပ်တည်နေနိုင်ခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် အမိမြန်မာပြည် ကမ္ဘာတည်သရွေ့ ထာဝရကြာရှည်တည်တံ့ခိုင်မြဲနေအောင် ထာဝရငြိမ်းချမ်းရေးကို မဖြစ်မနေ အခိုင်အမာတည်ဆောက်ပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရင်း ပြည်သူများလိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်ကြပါစို့ဟူ၍ အလေးထား လေးစားစွာဖြင့် ရေးသားတိုက်တွန်းရင်း (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

**အကိုးအထောက်**


၁။ **နိုင်ငံတော်ဦးတည်ချက် (၁၂) ရပ်ပြခန်းမှ တင်ပြချက်များ (မြဝတီစာတိုက်၊ ၁၉၉၆ ခုနှစ်)**

၂။ **"မြန်မာ" ဟူသော "မြန်မာစိတ်ဓာတ်" နှင့် အမျိုးသားနေ့ (မောင်သမ္မာဒိဋ္ဌိ၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ)**

၃။ **A History of Burma by Dr Htin Aung (Columbia university Press, New York and Landon, 1967)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာအောင်ကြီးနှင့် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပျဉ်းမနား စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သမိုင်းအစဉ်အလာကောင်းခဲ့သည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ မိမိတို့ရရှိထားသည့် လွတ်လပ်ရေးကို အလေးအနက်တန်ဖိုးထားတတ်စေရေးတို့အတွက် ရည်ရွယ်ပြီး နှစ်စဉ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပပေးခြင်းဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး အပါအဝင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ် အကောင်အထည်ဖော်ရာတွင်လည်း မောင်တို့မယ်တို့အနေဖြင့် တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်ကြရန် တိုက်တွန်းပါကြောင်း။

အလားတူ နိုင်ငံတကာတွင် ကြုံတွေ့နေကြရသည့် ကိုဗစ်(၁၉) ကပ်ရောဂါနှင့် ရာသီဥတုဖောက်ပြန်မှုများ၏ သက်ရောက်မှုများမှ လျော့ပါးသက်သာစေရေးနှင့် ပြန်လည်ကုစားနိုင်ရေး၊ ဒေသတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံရေးနှင့် မိမိနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်ပြီး အလျင်အမြန်ကူညီပံ့ပိုးပေးလျက်ရှိရာ မောင်တို့မယ်တို့၏ အများအကျိုးသယ်ပိုးလိုသည့် ဖြူစင်သည့်ဆန္ဒနှင့် တက်ကြွသည့် လူငယ်အားမာန် စွမ်းအားများဖြင့် လယ်ယာကဏ္ဍ၏ အရေးပါသော ပညာရှင်များဖြစ်စေရေး ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများမှ ကျောင်းသားကျောင်းသူများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများ၏ အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက အကအဖွဲ့များအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် ရေဆင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်သော သီးနှံပုံစံအတွဲများ စံပြစိုက်ပျိုးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက သီးနှံပုံစံတွဲအလိုက် တစ်နှစ်သုံးသီး စိုက်ပျိုးထုတ်လုပ်မှုအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တောင်သူများ လက်တွေ့စိုက်ပျိုးမှုနှင့်တူညီသည့် စိုက်စနစ်ရေသွင်းစနစ်များအတိုင်း စမ်းသပ်စိုက်ပျိုးပြီး တွေ့ရှိလာသည့်ရလဒ်ကို လက်တွေ့ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေး နည်းပညာဖြန့်ဝေပေးရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက သုတေသနဝန်ထမ်းများအား ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနက တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်သော သီးနှံပုံစံအတွဲများ စံပြစိုက်ပျိုးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက တောင်သူများ လက်တွေ့စိုက်ပျိုးမှုနှင့် တူညီသည့် စိုက်စနစ်ရေသွင်းစနစ်များအတိုင်း စမ်းသပ်စိုက်ပျိုးပြီး တွေ့ရှိလာသည့်ရလဒ်ကို လက်တွေ့ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေး နည်းပညာဖြန့်ဝေပေးရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက သုတေသန ဝန်ထမ်းများကို ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် ရွှေဇေယျာလယ်ယာကုန်ထုတ်သမဝါယမအသင်းဝင် တောင်သူများ၏စပါးအား အဆင့်မြင့်ဆန်စက်ဖြင့် ကြိတ်ခွဲနေမှုကို လည်းကောင်း၊ ခေတ်မီစပါးသိုလှောင်ရုံနှင့် အခြောက်ခံစက်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်စွမ်းအားပြည့် အသုံးပြုနိုင်ရေးနှင့် လယ်ယာကုန်ထုတ်သမဝါယမအသင်းဝင် တောင်သူများ၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေး မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်လေးလုံးကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

**တောင်လေးလုံး ဒီဇင်ဘာ ၃၁**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာတွင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီက တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု တောင်လေးလုံးကျေးရွာတွင် ကျင်းပသည်။

ကတ္တရာလမ်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့အား အထိမ်းအမှတ် တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်၍ တောင်လေးလုံးကျေးရွာ ပြည်သူတစ်ဦးဖြစ်သူ ဒေါ်ဆိုင်ပန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ထို့နောက် တောင်လေးလုံးကျေးရွာတွင်း ကတ္တရာလမ်းသစ်အား ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းသစ်အား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အမေရိကန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချင်ကောင်း နိုင်ငံခြားရေးဝန်ကြီးဖြစ်လာ



ပေကျင်း ဒီဇင်ဘာ ၃၁

တရုတ်နိုင်ငံသည် လက်ရှိအမေရိကန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ချင်ကောင်းအား နိုင်ငံခြားရေးဝန်ကြီးအသစ်အဖြစ် ယမန်နေ့က ခန့်အပ်လိုက်ကြောင်း သိရသည်။

အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီက ချင်ကောင်းအား နိုင်ငံခြားရေးဝန်ကြီးအသစ်အဖြစ် ယမန်နေ့က ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်တရုတ်ဗဟိုရုပ်မြင်သံကြားက သတင်းဖော်ပြခဲ့သည်။

အသက် ၅၆ နှစ်အရွယ်ရှိပြီဖြစ်သည့် ချင်ကောင်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူအဖြစ် ရှစ်နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

၂၀၂၁ ခုနှစ်တွင် အမေရိကန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ရွေးချယ်ခံခဲ့ရသည်။

တစ်ချိန်တည်းတွင် ကိုးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် လက်ရှိနိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ပါတီ၏ ဆုံးဖြတ်ချက်ချမှတ်ရေးအဖွဲ့တွင် အဖွဲ့ဝင် ၂၄ ဦးပါ ပေါ်လစ်ဗျူရိုတွင် တရုတ်နိုင်ငံ၏ ထိပ်တန်းသံတမန်အဖြစ် Yang Jiechi နေရာတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

အသက် ၆၉ နှစ်ရှိပြီဖြစ်သည့် ဝမ်ယိသည် ပေါ်လစ်ဗျူရိုတွင် တာဝန်ထမ်းဆောင်ရန် အောက်တိုဘာလတွင် ရာထူးတိုးမြှင့်ခြင်းခံခဲ့ရသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၌ ယခုနှစ်တုပ်ကွေးရာသီအတွင်း တုပ်ကွေးရောဂါဖြစ်ပွားသူ သန်း ၂၀ ကျော်ရှိ

လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၃၁

အမေရိကန်နိုင်ငံ၌ ယခုနှစ် တုပ်ကွေးရာသီအတွင်း တုပ်ကွေးရောဂါဖြစ်ပွားသူ အနည်းဆုံး သန်း ၂၀ ကျော်ရှိကြောင်း၊ ယင်းတို့အနက် တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၁၀၀၀၀ သည် ဆေးရုံများ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်းနှင့် ၁၃၀၀၀ သေဆုံးခဲ့ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဒီဇင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးခန့်မှန်းချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၌ တုပ်ကွေးရောဂါဖြစ်ပွားမှုသည် အမြင့်ဆုံးအဆင့်တွင် ရှိနေကြောင်း၊ သို့ရာတွင် ဒေသအများစုတွင်မူ တုပ်ကွေးရောဂါဖြစ်ပွားမှု ဆက်လက်လျော့ကျလျက်ရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် ကုန်ဆုံးခဲ့သည့် နောက်ဆုံးသီတင်းပတ်အတွင်း အမေရိကန်နိုင်ငံ၌ တုပ်ကွေးရောဂါကြောင့် လူပေါင်း ၁၈၈၀၀ ကျော်ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အချက်အလက်များအရ သိရသည်။

ယခုသီတင်းပတ်အတွင်း ရာသီတုပ်ကွေးရောဂါကြောင့် ကလေးငယ် ၁၄ ဦးသေဆုံးခဲ့ခြင်းကြောင့် ရာသီတုပ်ကွေးရောဂါဖြင့် သေဆုံးသည့် ကလေးငယ်စုစုပေါင်း ၆၁ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ကူးစက်ရောဂါနှင့် ဆိုးရွားသောရောဂါဖြစ်ပွားမှုတို့ကို ကြိုတင်ကာကွယ်နိုင်ရန် ရာသီတုပ်ကွေးဆေးကို ပုံမှန်ထိုးနှံရန် အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**





# တောင်ကိုရီးယားနိုင်ငံက အစိုင်အခဲလောင်စာသုံး အာကာသဒုံးပျံတစ်စင်း အောင်မြင်စွာလွှတ်တင်

ဆိုးလ် ဒီဇင်ဘာ ၃၁

တောင်ကိုရီးယားနိုင်ငံက အစိုင်အခဲလောင်စာအသုံးပြုသည့် အာကာသဒုံးပျံတစ်စင်းကို အောင်မြင်စွာ စမ်းသပ်လွှတ်တင်နိုင်ခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးအရာရှိများက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အစိုင်အခဲလောင်စာသုံး ဒုံးပျံသည် အရည်လောင်စာဆီအသုံးပြုသည့် ဒုံးပျံများထက် ပိုမိုရိုးရှင်းသောဖွဲ့စည်းပုံနှင့် ပေါက်ကွဲအား ပိုမိုမြင့်မားကြောင်း သိရသည်။

အဆိုပါဒုံးပျံအမျိုးအစားကို ယခုလွှတ်တင်မှုသည် ဒုတိယအကြိမ်ဖြစ်ပြီး လွန်ခဲ့သည့်မတ်လအတွင်း ပထမဆုံးတစ်ကြိမ်စမ်းသပ်လွှတ်တင်ခဲ့ကြောင်း တောင်ကိုရီးယား သတင်းအေဂျင်စီယွန်ဟပ်က သတင်းဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ၌ လောင်စာအစိုင်အခဲများအသုံးပြုခြင်းအပါအဝင် ဒုံးပျံများတည်ဆောက်ရေးဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ရန် ယမန်နှစ်က ဆိုးလ်နှင့် ဝါရှင်တန်တို့က သဘောတူညီခဲ့ကြသည်။

အဆိုပါဒုံးပျံစမ်းသပ်ပစ်လွှတ်ချိန်တွင် နိုင်ငံတစ်ဝန်း၌ အမည်မသိပျံသန်းလျက်ရှိသည့် အရာဝတ္ထုတစ်ခုကို ပြည်သူအများအပြား တွေ့မြင်ရချိန်နှင့် တိုက်ဆိုင်နေကြောင်း သိရသည်။

ဂျပန်နိုင်ငံ၌လည်း အဆိုပါ အမည်မသိအရာဝတ္ထုပျံသန်းမှုနှင့်ပတ်သက်ပြီး အစီရင်ခံစာအများအပြားရှိကြောင်း သိရသည်။ ကောင်းကင်ယံ၌ ထွန်းလင်းတောက်ပသည့် ကြိုဂံပုံအလင်းတန်းများ၏ ဓာတ်ပုံများကို လူမှုကွန်ရက်များပေါ်တွင် ပို့စ်များ တင်ထားကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ အစိုင်အခဲလောင်စာသုံး ဒုံးပျံလွှတ်တင်မှုနှင့်ပတ်သက်ပြီး လူသိရှင်ကြားထုတ်ပြန်ကြေညာခြင်းမရှိခြင်းမှာ လုံခြုံရေးအရ ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနကဆိုသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၆ ဦး ထပ်မံသေဆုံး

မနီလာ ဒီဇင်ဘာ ၃၁

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၆ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၅၃၈၅ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၅၉၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၆၄၄၄၃ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၃၄၉၇ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၀၇ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၉၄ ဒသမ ၄၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၂၁ ဒသမ ၁ သန်းသည် ပထမအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်သည်။ အလားတူ ပြည်သူ ၃ ဒသမ ၇ သန်းသည် ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**



# အာရပ်ဒေသလူဦးရေ၏ သုံးပုံတစ်ပုံမှာ ဆင်းရဲနွမ်းပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရ

ဘေရွတ် ဒီဇင်ဘာ ၃၁

ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီနိုင်ငံများနှင့် လစ်ဗျားနိုင်ငံအပါအဝင် အာရပ်ဒေသမှ လူဦးရေသုံးပုံတစ်ပုံသည် ဆင်းရဲနွမ်းပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂ၏ အာရှအနောက်ပိုင်းဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်က ဒီဇင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်သည့် စစ်တမ်းတစ်ရပ်အရ သိရသည်။

အာရပ်ဒေသရှိ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုစစ်တမ်းအရ အာရပ်ဒေသ၏ ဆင်းရဲနွမ်းပါးသူ လူဦးရေသည် သန်း ၁၃၀ အထိ တိုးလာခဲ့ကြောင်း သိရသည်။ အဆိုပါစစ်တမ်းအရ လာမည့်နှစ်နှစ်တာကာလအတွင်း ဆင်းရဲနွမ်းပါးမှုအဆင့် ထပ်မံမြင့်လာနိုင်မည်ဖြစ်သည့်အပြင် ၂၀၂၄ ခုနှစ်တွင် အာရပ်ဒေသ လူဦးရေ၏ ၃၆ ရာခိုင်နှုန်းသည် ဆင်းရဲနွမ်းပါးမှုနှင့် ကြုံတွေ့ရနိုင်ကြောင်း မျှော်မှန်းထားသည်။

သို့ရာတွင် အာရပ်ဒေသ၏ စီးပွားရေးသည် ၂၀၂၃ ခုနှစ်တွင် ၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ သက်ပိုင်အောင်သည် ၎င်းအသုံးပြုသည့် “Thet Paing Aung” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ မျိုးအောင်ဝင်း(ခ)ဖိုးသဲသည် ၎င်းအသုံးပြုသည့် “Myo Aung Win” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကျောင်းကုန်းမြို့၌ တိုးချဲ့နှစ်ထပ်လူနာဆောင် လှူဒါန်း

**ကျောင်းကုန်း ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း အသစ်ဆောက်လုပ်လှူဒါန်းသော တိုးချဲ့နှစ်ထပ် လူနာဆောင် ဘုရားအနေကဇာတင်နှင့် ရေစက်ချအလှူမင်္ဂလာကို ယနေ့နံနက် ၉ နာရီက အဆိုပါ တိုးချဲ့လူနာဆောင်ဖြစ်သည့် “ဦးတွမ်ကြီး+ဒေါ်ကျင်ရှိန်”ဆောင်၌ ကျင်းပခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ ဒက္ခိဏာရာမ(ရွှေကျောင်)ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒာစရိယနှင့် သံဃာတော်အရှင်သူမြတ်များက ဘုရားအနေကဇာတင်ခဲ့ကြပြီး အလှူရှင် မိသားစုတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

တိုးချဲ့နှစ်ထပ် လူနာဆောင်သည် အလျား ပေ ၁၃၀၊ အနံ ၃၈ ပေ၊ အမြင့် ၂၄ ပေဖြစ်ပြီး သီးသန့်လူနာခန်းပေါင်း ၃၂ ခန်း၊ ရေချိုးခန်းနှင့်အိမ်သာ အပေါ်ထပ်ခြောက်ခန်း၊ အောက်ထပ်ခြောက်ခန်းပါရှိကာ Min Dhama ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သည်။ ၎င်းMin Dhama ကုမ္ပဏီမှ ငွေကျပ်သိန်း ၁၀၀၀ ပါဝင်လှူဒါန်းခဲ့ပြီး မတည်အလှူရှင်ဖြစ်သူ ကျောင်းကုန်းမြို့နယ်အသင်း အတွင်းရေးမှူး ဦးကြည်လွင်+ဒေါ်သီသီဆန်း (Tun Myat Thu International Co.,Ltd)မိသားစုက သိန်း ၅၀၀၀ ခန့် အပါအဝင် လူနာဆောင်အခန်းတွင်း လိုအပ်သော ခုတင်၊ အသုံးအဆောင်များ တစ်ခန်းလျှင် ငွေကျပ် ၁၂ သိန်းဖြင့် အလှူရှင် ၃၂ ဦးက ဝိုင်းဝန်းလှူဒါန်းမှုကြောင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၈၀၀၀ ကျော် ရေစက်ချလှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သော သွင်းအားစုများ ပေးအပ်

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၃၁**

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သွင်းအားစု (ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမြေဩဇာနှင့် ယူရီးယားမြေဩဇာ) ပေးအပ်ပွဲ အခမ်းအနားအား ယနေ့ မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မော်ရောအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သွင်းအားစုပေးအပ်ပွဲ အခမ်းအနားတွင် လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်က နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သော “နိုင်ငံ့စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်” ဆိုသည့် မူဝါဒနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထုတ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်း ဝင်ငွေတိုးတက်စေရန်အတွက် ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးသီးနှံနှင့် ပဲတီစိမ်းသီးနှံများတွင် သွင်းအားစု ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ မှိုသတ်ဆေးများ ထည့်သွင်းသုံးစွဲနိုင်ရန်အတွက် နွေစပါးတစ်ဧကလျှင် ကျပ် ၂၀၀၀၀၀ နှင့် ညီမျှသော ဓာတ်မြေဩဇာများ၊ ပဲတီစိမ်း တစ်ဧကလျှင် ကျပ် ၁၂၀၀၀၀ နှင့် ညီမျှသော ရွက်ဖျန်းမြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို တောင်သူများရရှိအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသော ကျေးရွာအုပ်စု ၁၇ အုပ်စုမှ ဒေသခံတောင်သူများထံသို့ (ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမြေဩဇာနှင့် ယူရီးယားမြေဩဇာ) သွင်းအားစုများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၊ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**



## တောင်ယာကုန်းကျေးရွာ စက်ရေတွင်းလုပ်ငန်း ဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

**ပုသိမ် ဒီဇင်ဘာ ၃၁**

ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့်



မရမ်းချောင်းကျေးရွာအုပ်စု တောင်ယာကုန်း(၁) ကျေးရွာတွင် ၄" x ၄၀၀' စက်ရေတွင်းအား ငွေလုံးငွေရင်း နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၉ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်သည့်လုပ်ငန်း၊ တောင်ယာကုန်း(၂) ကျေးရွာတွင် ၄"x ၂၀၀' တွင်းတိမ်တူးဖော်ခြင်းကို ငွေလုံးငွေရင်း နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၅ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်သည့် လုပ်ငန်းနှင့် ကွင်းပေါက်ကြီးကျေးရွာအုပ်စု အိမ်ချောင်းလေးကျေးရွာ အရှည် ၅၀၀၃ ပေ၊ အကျယ် ၁၅ ပေ၊ ဒု နှစ်ပေ၊ ငွေလုံးငွေရင်း တိုင်းဒေသကြီးရန်ပုံငွေကျပ် ၆၅ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်သည့် ကုန်ထုတ်လမ်း (မြေသားလမ်းခင်းခြင်း) လုပ်ငန်းဆောင်ရွက်နေမှုကို ပုသိမ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဌေးနိုင်(ဒုတိယညွှန်ကြားရေးမှူး)၊ ပုသိမ်မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးရာတာဝန်ရှိသူများသို့ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးစေရေးတို့အား ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**၂၂၂**

## လှည်းကူးမြို့နယ်၌ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**လှည်းကူး ဒီဇင်ဘာ ၃၁**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ်တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ဒီဇင်ဘာအားကစားလနောက်ဆုံးပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ကျင်းပရာ လှည်းကူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင် ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လှည်းကူးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက စုရပ်အဖြစ်သတ်မှတ်ထားသော လှည်းကူးမြို့မဈေးကြီးရှေ့မှ စတင်ကာ လှည်းကူးမြို့နယ် အားကစားကွင်းသို့ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့နယ်အားကစားကွင်း၌ ကျန်းမာရေးအတွက် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၈၅၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၁၂-၂၀၂၂)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၁-၁၂-၂၀၂၂)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၅၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၁၈,၂၃၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၈၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈)ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၀၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၆)ရက်ဆက်တိုက် (၁)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၅ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၅ | ၂၇၆၀ |
| 95 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၄၅ | ၂၂၆၀ | ၂၁၆၀ | ၂၁၇၅ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၀ | ၂၆၆၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၂ |
| 95 Ron | ၂၀၁၉ | ၂၀၉၃ |
| HSD (500 ppm) | ၂၂၅၂ | ၂၃၂၇ |
| HSD (50 ppm) | ၂၃၂၆ | ၂၄၀၂ |
| HSD (10 ppm) | ၂၃၂၆ | ၂၄၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

# ကရင်ပြည်နယ်၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ဘားအံ ဒီဇင်ဘာ ၃၁**

ဒီဇင်ဘာအားကစားလ ပဉ္စမပတ်(နောက်ဆုံးပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲက ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်းရှေ့၌ ကျင်းပသည်။

**စုစုပေါင်းအင်အား ၃၃၉၅ ဦး**

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သူနာပြုသင်တန်းကျောင်းနှင့် အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်းအင်အား ၃၃၉၅ ဦးသည် သီရိလမ်း၊ အင်ကုန်းလမ်း၊ ဘားအံ-ထုံးအိုင် လမ်း၊ ကမ်းနားလမ်း၊ ပိတောက်လမ်း၊ ထိုမှတစ်ဆင့် သီရိလမ်းအတိုင်း စုပေါင်း လမ်းလျှောက်ခဲ့ကြပြီး သီရိကွင်းအတွင်း ဝင်ရောက်ကာ အကြောလျှော့လေ့ကျင့်ခန်းများ ဆောင်ရွက်၍ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အစီအစဉ်အတွဲအမှတ်(၁)နှင့်အမှတ်(၂)တို့ကိုစုပေါင်းဆောင်ရွက်ခဲ့ကြသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ယှဉ်နွှဲသူများအားဗလာမပါကံစမ်းမဲများ ဖွင့်ဖောက်ပေးခဲ့ရာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များက အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ တီဗီ၊ စက်ဘီး အစရှိသည့်ဆုမဲများအားပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





# စစ်ကိုင်းတိုင်းဒေသကြီး လူထုလမ်းလျှောက်ပွဲ တပျော်တပါးဆင်နွှဲ

**မုံရွာ ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးအပတ် လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆နာရီခွဲက မုံရွာမြို့ ပြည်သူ့အားကစားကွင်းရှေ့၌ ကျင်းပသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် သက်ဆိုင်ရာဌာနအသီးသီးမှ အရာထမ်းအမှုထမ်းများ၊ တက္ကသိုလ်၊ ကောလိပ်နှင့်အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ တပ်ရင်းတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၅၀၀ ကျော်တို့ ပါဝင်ဆင်နွှဲခဲ့ကြရာ မုံရွာမြို့ ပြည်သူ့အားကစားကွင်းစုရပ်နေရာမှ စတင်ကာ ဗိုလ်ချုပ်လမ်းတစ်လျှောက် ကန်သာယာ၊ ရာပြည့်ကပ်ကျော်စေတီတော်မုဒ်ဦးအထိ၊ ထိုမှတစ်ဖန် ပြည်သူ့အားကစားကွင်းသို့သတ်မှတ်ထားသောလမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်သူ့အားကစားကွင်းအတွင်း တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနမှ လူငယ်မောင်မယ်များ၏ ကိုယ်လက်လေ့ကျင့်ခန်းအတွဲ( ၁ ) အမှတ်စဉ်( ၁ )၊ အမှတ်စဉ် ( ၂ ) သရုပ်ပြမှုနှင့်အတူ သွေးပူလေ့ကျင့်ခန်းအားကစား စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး စုပေါင်းလမ်းလျှောက်ပွဲ ပြည်သူ ၁၃၀၀ ခန့်ပါဝင်ဆင်နွှဲ

**ထားဝယ် ဒီဇင်ဘာ ၃၁**

ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေး၊ အားကစားလေ့ကျင့်သည့်အလေ့အကျင့်ကောင်းများ ရရှိလာစေရေးနှင့် ကိုယ်လက်လှုပ်ရှားအားစားပြုလုပ်၍ ကျန်းမာကြံ့ခိုင်လာစေရန် ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ (နောက်ဆုံးပတ်)ကို ယနေ့နံနက်၆နာရီခွဲက ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ ကျင်းပရာ ဒေသခံပြည်သူ ၁၃၀၀ ခန့်ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများက ရွှေဝယ်သီရိအားကစားကွင်းအတွင်း ဝိုင်းပတ်၍ ၁ မိုင်ခွဲ စုပေါင်းလမ်းလျှောက်ခဲ့ကြကာကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)ကို စုပေါင်းပြုလုပ်ခဲ့ကြသည်။

ဒီဇင်ဘာအားကစားလစုပေါင်းလမ်းလျှောက်ပွဲ (နောက်ဆုံး)ပတ်တွင် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးဦးယဉ်ထွေး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# မြစ်ကြီးနားမြို့၌ ဒီဇင်ဘာအားကစားလ ပဉ္စမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

**မြစ်ကြီးနား ဒီဇင်ဘာ ၃၁**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ဒီဇင်ဘာအားကစားလ လူထုအားကစား လှုပ်ရှားမှုအဖြစ် ပဉ္စမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီက မြစ်ကြီးနားမြို့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

**တပျော်တပါးလမ်းလျှောက်**

လူထုစုပေါင်းလမ်းလျှောက်ပွဲကို ပြည်နယ်ပြည်သူ့အားကစားကွင်းရှေ့စုရပ်မှ စတင်တာလွှတ်ရာ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေနှင့် ဇနီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းနှင့် ဇနီး၊ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ အား/ကာတိုက်တန်းလမ်းမှ ရုံးကြီးလမ်းတစ်လျှောက်၊ ထိုမှတစ်ဆင့် သခင်နက်ဖေလမ်းအတိုင်း ပြည်သူ့အားကစားကွင်းအတွင်းသို့ ဝင်ရောက်ကာ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ထို့နောက် ပြည်သူ့အားကစားကွင်းအတွင်း ကိုယ်လက်ကြံ့ခိုင်ရေး အတွဲအမှတ် (၁)နှင့် (၂) လေ့ကျင့်ခန်းနှင့် Fitness Dance အကတို့ဖြင့် စုပေါင်းလေ့ကျင်ခဲ့ကြပြီး ကံစမ်းမဲနှိုက်၍ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မှော်ဘီမြို့နယ်၌ ဒီဇင်ဘာအားကစားလနောက်ဆုံးပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**မှော်ဘီ ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ယနေ့နံနက် ၅ နာရီက ဒီဇင်ဘာအားကစားလ နောက်ဆုံးပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့စုရပ်၌ကျင်းပရာ မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးပြည့်စုံကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးဝင်းစိုး၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားလိုက်စားကြသူ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၅၀၀ ကျော်က စုရပ်အဖြစ် သတ်မှတ်ထားသော မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ စတင်ကာ ထန်းတပင်တာဆုံသို့ သတ်မှတ်ထားသောလမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား ကောက်ညှင်းပေါင်းနှင့်အကြော်များ ကျွေးမွေးဧည့်ခံခဲ့ကြောင်းသိရသည်။

**ဉာဏ်ဟိန်း**



# ပြောင်းလဲတိုးတက်နိုင်သူတို့အတွက် အချိန်တိုင်းသည် နှစ်သစ်

**ခရစ်နှစ်တစ်နှစ် ကုန်ဆုံးပြန်လေပြီ။ နှစ်သစ်ကို ပျော်ရွှင်ဖွယ်အခမ်းအနားများဖြင့် တခမ်းတနား ကြိုဆိုကြမည်။ နှစ်သစ်တွင် မျှော်လင့်ချက်အသစ်များကို မျှော်လင့်ကြလေ့ရှိသည်။ နှစ်သစ်ဆုတောင်းစကားများလည်း ဆိုကြမည်။ မြန်မာနိုင်ငံတွင် မြန်မာပြက္ခဒိန်အရ နှစ်သစ်ကူးနေ့ရှိသကဲ့သို့ အခြားလူမျိုးများနှင့် ယဉ်ကျေးမှုများတွင် နှစ်သစ်ကူးနေ့များရှိကြသည်။ ယနေ့ခေတ်တွင် အသုံးအများဆုံး ဂရီဂေါရီယန်ပြက္ခဒိန်အရ နှစ်သစ်ကူးနေ့သည် ဇန်နဝါရီလ ၁ ရက်နေ့ဖြစ်သည်။ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် နှစ်ဟောင်းတစ်နှစ်ကုန်ဆုံး၍ ဇန်နဝါရီလ ၁ ရက်နေ့တွင် နှစ်သစ်တစ်နှစ်ကို စတင်ခြင်းဖြစ်သည်။ ကုန်ဆုံးသွားသော အချိန်ကာလတို့သည် အတိတ်ကာလအဖြစ် ကျန်ရှိနေခဲ့ပြီး ပြန်လည်၍ မရနိုင်တော့။**

**သိန်းထွန်း (IR)**

ထိုအချိန် ကာလတို့နှင့်ယှဉ်တွဲ၍ ဖြတ်သန်းနေသည့် လူတစ်ဦးချင်းစီအလိုက် ဖြစ်စဉ်ဖြစ်ရပ်များ၊ လူ့အဖွဲ့အစည်းအလိုက် ဖြစ်စဉ်ဖြစ်ရပ်များမှာလည်း လူ့သမိုင်းအဖြစ် ကျန်ရှိနေခဲ့ပေလိမ့်မည်။ ထိုနှစ်ဟောင်းမှ အဖြစ်အပျက်၊ အကောင်း၊ အဆိုးများကို ငဲ့ကြည့်မိသည်လည်း ရှိ၏။ မကြည့်မိသည်လည်း ရှိကြ၏။ မည်သို့ပင်ဆိုစေ နှစ်ဟောင်းမှ အဖြစ်အပျက်တို့တွင် လာမည့်အနာဂတ်အပေါ် အကျိုးသက်ရောက်စေနိုင်သည့် အကြောင်းတရားများ ပါဝင်နေပေလိမ့်မည်။



## နှစ်ဟောင်း ၂၀၂၂

၂၀၂၂ ခုနှစ်သည် ကမ္ဘာ့နိုင်ငံရေးတွင် ခေတ်ဟောင်းတစ်ခု၏ အဆုံးသတ်နှင့် ခေတ်သစ်တစ်ခု၏ အစကို ဖော်ညွှန်းနေသည့် အလှည့်အပြောင်းတစ်ခုအဖြစ် ရှုမြင်ကြသည်များလည်း ရှိကြသည်။ ယခုနှစ်အတွင်း မကြုံစဖူး စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသော နှစ်တစ်နှစ်အဖြစ် ကုလသမဂ္ဂက ဆိုပါသည်။ လက်တွေ့တွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။ ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံအသီးသီး၏ နိုင်ငံတကာဆက်ဆံရေးကို ပုံဖော်ပေးသည့် အဓိကနိုင်ငံရေးဖြစ်ရပ်များကို မြင်တွေ့ရသည့်နှစ်လည်း ဖြစ်သည်။ ယင်းဖြစ်ရပ်များစွာအနက် အဓိကဖြစ်ရပ်အချို့ကို အဝေးကြည့် ကြည့်မိသည်။

## ရုရှား-ယူကရိန်းစစ်ပွဲ

၂၀၂၂ ခုနှစ်အတွင်း အကြီးမားဆုံးဖြစ်ရပ်တစ်ခုမှာ ရုရှား-ယူကရိန်းစစ်ပွဲဖြစ်သည်။ ယင်းစစ်ပွဲသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဥရောပတွင် အကြီးမားဆုံး လက်နက်ကိုင်ပဋိပက္ခဖြစ်သည်။ ယင်းစစ်ပွဲကြောင့် နှစ်ဖက်သေဆုံးမှုများ ဖြစ်ပေါ်စေခဲ့သည်သာမက ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဥရောပတွင် အကြီးမားဆုံး ဒုက္ခသည်ပြဿနာကို ဖြစ်ပေါ်စေခဲ့ပြီး ယူကရိန်းနိုင်ငံသား ၁၅ ဒသမ ၇ သန်း (ပြည်တွင်းရွှေ့ပြောင်းနေထိုင် သူ ရှစ်သန်းနှင့် ဒုက္ခသည် ၇ ဒသမ ၇ သန်း) တို့ကို ရွှေ့ပြောင်းမှုဖြစ်ပေါ်စေခဲ့ကြောင်း UNHCR က ဆိုပါသည်။

ထို့ပြင် စစ်ပွဲဖြစ်ပွားပြီးနောက်ပိုင်း ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား အပြန်အလှန် အရေးယူပိတ်ဆို့မှုများ၏ အကျိုးဆက်ကြောင့် ကျန်ကမ္ဘာ့နိုင်ငံများတွင် ကုန်ဈေးနှုန်း မြင့်တက်မှုများ၊ ထောက်ပံ့ရေး ပြတ်တောက်မှုများနှင့် စားနပ်ရိက္ခာပြတ်လပ်မှုများနှင့် ရင်ဆိုင်နေကြရပါသည်။ ရုရှား-ယူကရိန်းစစ်ပွဲသည် နှစ်နိုင်ငံအကြားဖြစ်ပွားသည့် စစ်ပွဲတစ်ခုထက် ပိုပါသည်။ ယင်းစစ်ပွဲနှင့် အကျိုးဆက်များသည် ကမ္ဘာ့နယ်ပယ်အသီးသီးအပေါ် အကျိုးသက်ရောက်စေလျက်ရှိပြီး ၎င်းတို့ကို ၂၀၂၃ ခုနှစ်အထိ ဆက်လက်မြင်တွေ့နေရဦးမည် ဖြစ်သည်။

## အမေရိကန်- တရုတ် တင်းမာမှု

အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီနှင့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လအတွင်းက ၎င်း၏အရှေ့အာရှခရီးစဉ်တွင် ထိုင်ဝမ်သို့ သွားရောက်ခဲ့သည်။ ထိုင်ဝမ်သို့ နန်စီပလိုစီ ရောက်သည်နှင့် ချက်ချင်းပင် တရုတ်နိုင်ငံက အပြင်းအထန် ကန့်ကွက်သည့် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ စစ်ရေးအင်အားပြခြင်း အပါအဝင် ပြင်းထန်သော တုံ့ပြန်မှုများလည်း လုပ်ဆောင်ခဲ့သည်။ နန်စီပလိုစီ၏ ထိုင်ဝမ်ခရီးစဉ်အပေါ် တရုတ်နိုင်ငံ၏ တုံ့ပြန်မှုသည် နှစ်နိုင်ငံအကြား ဆက်ဆံရေး တင်းမာလာမှုကို မီးမောင်းထိုးပြခဲ့သည်။

ထို့ပြင် အမေရိကန်သည် တရုတ်နိုင်ငံ၏ တိုးတက်မှုကို ကန့်သတ်သည့် ခြေလှမ်းတစ်ရပ်အဖြစ် အဆင့်မြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်း ချစ်ပ်များနှင့် နည်းပညာများရယူနိုင်သည့် အခွင့်အလမ်းများကို အောက်တိုဘာလတွင် ပိတ်ပင်ခဲ့သည်။ ဆက်လက်၍ တရုတ်နိုင်ငံအပေါ် အလားတူ ပိတ်ပင်မှုများပြုလုပ်ရန် အမေရိကန်က သူ၏ မဟာမိတ်များကို တိုက်တွန်းခဲ့သည်။ နိုဝင်ဘာလလယ်တွင် ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ G-20 ထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံခဲ့ကြပြီး နှစ်ဖက်တင်းမာမှုများ လျှော့ချရန် လုပ်ဆောင်မည်ဟု ကတိပြုခဲ့ကြသည်။ ရာသီဥတုပြောင်းလဲမှုနှင့် ပြည်သူ့ကျန်းမာရေးကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့သည်။ မည်သို့ပင်ဆိုစေ တရုတ်နှင့် အမေရိကန်အကြား အပြန်အလှန် သံသယရှိမှုနှင့် ရန်လိုမှုတို့သည် လာမည့်နှစ်များအတွင်း အင်အားကြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ဆက်လက်လွှမ်းမိုးနိုင်ဖွယ်ရှိနေပါသည်။

## ရာသီဥတုပြောင်းလဲမှု ပြင်းထန်လာခြင်း

အနာဂတ်အတွက် ပြဿနာတစ်ခု ဖြစ်နိုင်ခြေရှိသော ရာသီဥတုကပ်ဆိုးနှင့်ပတ်သက်၍ လွန်ခဲ့သော အနှစ် ၄၀ ကပင် သိပ္ပံပညာရှင်များက ပထမဆုံး သတိပေးခဲ့ဖူးပါသည်။ ယင်းသို့ သတိပေးခဲ့သော အန္တရာယ်ရှိသည့် အနာဂတ်ကို ၂၀၂၂ ခုနှစ်အတွင်း ရင်ဆိုင်နေကြရပြီဖြစ်သည်။ မကြုံစဖူး ပြင်းထန်သော ရာသီဥတုပြောင်းလဲမှုများသည် ကမ္ဘာ့ဒေသများတွင် ဖြစ်ပွားနေပါသည်။

ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များသည် နောက်ပြန်လှည့်၍ မရနိုင်တော့သည့် အခြေအနေသို့ မကြာမီရောက်ရှိလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏ IPCC အဖွဲ့က ဧပြီလတွင် သတိပေးခဲ့ပါသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအတွက် နိုင်ငံအချို့က လိုက်နာအကောင်အထည်ဖော်လျက် ရှိကြသော်လည်း အများအားဖြင့် အစိုးရများ၏ လုပ်ဆောင်မှုများသည် နှေးကွေးလျက်ရှိကြပါသည်။

အီဂျစ်နိုင်ငံတွင် ကျင်းပခဲ့သော COP27 အစည်းအဝေးသည် မူသဘောအရ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နစ်နာခဲ့ရသော ဆင်းရဲသောနိုင်ငံများသို့ ချမ်းသာသောနိုင်ငံများက ငွေကြေးပေးရမည့် ဆုံးရှုံးမှုနှင့် ပျက်စီးမှုဆိုင်ရာ သဘောတူညီချက်ဖြင့် ပြီးဆုံးခဲ့ပါသည်။ အစည်းအဝေးတွင် အဓိကကျသည့် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးဆိုင်ရာ သဘောတူညီမှု မရရှိခဲ့ချေ။ ၂၀၂၂ ခုနှစ်အတွင်း လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏသည် ဆက်လက်မြင့်တက်နေပါသည်။

## ငွေကြေးဖောင်းပွမှုများ

ကိုဗစ်-၁၉ သည် စီးပွားရေးတိုးတက်မှုကို ဆက်လက် အကျိုးသက်ရောက်လျက်ရှိသည့်အပြင် ယူကရိန်းစစ်ပွဲသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကို သိသိသာသာ ထိခိုက်စေပြီး မြင့်မားသောငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ Chief Economists Outlook စစ်တမ်းအရ ငွေကြေးဖောင်းပွမှုနှုန်း အလွန်မြင့်မားနေခြင်းသည် ကမ္ဘာလုံးဆိုင်ရာတိုးတက်မှု အလားအလာ

> **“၂၀၂၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံပေါင်း ၁၂၅ နိုင်ငံကျော်၌ စားနပ်ရိက္ခာဈေးနှုန်း ဖောင်းပွမှု ငါးရာခိုင်နှုန်းကျော် ရင်ဆိုင်ခဲ့ရပါသည်။ ယင်းသို့ ကြုံတွေ့ရသည့် နိုင်ငံများတွင် ဝင်ငွေနည်းသော နိုင်ငံနှင့် ဝင်ငွေအလယ်အလတ်ရှိသောနိုင်ငံ ၉၀ ရာခိုင်နှုန်းနှင့် ဝင်ငွေမြင့်နိုင်ငံ ၈၀ ရာခိုင်နှုန်းကျော် ပါဝင်ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုနှင့်ပတ်သက်၍ စိုးရိမ်မှုများလည်းရှိနေပြီး လာမည့်သုံးနှစ်အတွင်း ကမ္ဘာ့နေရာအနှံ့အပြားတွင် စိန်ခေါ်မှုများရှိလာနိုင်”**

နည်းပါးမှုအတွက် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရပါသည်။ ယင်းစစ်တမ်းအရ အမေရိကန်နှင့် ဥရောပတွင် ငွေကြေးဖောင်းပွမှု ဆက်လက်မြင့်မားနေမည်ဟု မျှော်မှန်းထားပြီး တရုတ်နိုင်ငံ၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိဒေသတို့မှလွဲ၍ ကမ္ဘာ့နေရာအများစုတွင် “ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားသည်” ဟု ဖော်ပြထားပါသည်။ ငွေကြေးဖောင်းပွမှု မြင့်တက်လာပြီး လုပ်ခများ ကျဆင်းလာမှုနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ လူနေမှုစရိတ်အကျပ်အတည်းသည် လူ့အဖွဲ့အစည်းကို ဆိုးရွားစွာ ထိခိုက်စေလျက်ရှိကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်မှ မန်နေးဂျင်း ဒါရိုက်တာ Saadia Zahidi က ပြောကြားခဲ့ပါသည်။

## ကမ္ဘာလုံးဆိုင်ရာ ဆုတ်ယုတ်မှုအပေါ် စိုးရိမ်မှု

ကမ္ဘာ့စီးပွားရေးအလားအလာသည် “မှောင်မိုက်” နေပြီး ကမ္ဘာကြီးသည် “သိသာထင်ရှားသော စီးပွားရေးအန္တရာယ်” ကျရောက်နေကြောင်း World Economic Forum ၏ Chief Economists Outlook စစ်တမ်းအရ သိရသည်။ ၂၀၂၂ ခုနှစ်သည် ကမ္ဘာ့ဆင်းရဲမွဲတေမှု အဆိုးရွားဆုံး နှစ်များထဲမှ တစ်နှစ်ဖြစ်သည်ဟု ကမ္ဘာ့ဘဏ်မှ ခန့်မှန်းချက်ကို ကိုးကား၍ အစီရင်ခံစာက ဖော်ပြခဲ့သည်။ ယူကရိန်းစစ်ပွဲ၊ မြင့်မားသော ငွေကြေးဖောင်းပွမှုနှင့် စွမ်းအင်ထောက်ပံ့မှုဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် ဥရောပတွင် တိုးတက်မှု အားနည်းမည် သို့မဟုတ် အလွန်အားနည်းမည်ဟု ခန့်မှန်းခဲ့ကြသည်။ ထို့ပြင် ဥရောပတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်များသည် လာမည့်နှစ်တွင် ပိုမို ဆိုးရွားလာမည်ဟု ခန့်မှန်းထားပါသည်။

ကမ္ဘာတစ်ဝန်းရှိ ဗဟိုဘဏ်များသည် ငွေကြေးဖောင်းပွမှုကို တုံ့ပြန်ရန်အတွက် အတိုးနှုန်းကို တစ်ပြိုင်နက်မြှင့်တင်ခြင်းကြောင့် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာကြီးသည် ကမ္ဘာ့စီးပွားရေးကျဆင်းမှုဆီသို့ ဦးတည်သွားနိုင်သည့်အပြင် ထွန်းသစ်စဈေးကွက်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေရှည်ထိခိုက်နိုင်သည့် ငွေကြေးအကျပ်အတည်းများဆီသို့ ဦးတည်သွားနိုင်ကြောင်း ကမ္ဘာ့ဘဏ်၏ လေ့လာမှုအသစ်များက ဆိုပါသည်။ ကမ္ဘာ့စီးပွားရေးသည် သိသိသာသာ နှေးကွေးနေပြီး စီးပွားပျက်ကပ်ရင်ဆိုင်နေရသည့် နိုင်ငံများ ပိုမိုများပြားလာသည့်အတွက် ထပ်မံနှေးကွေးသွားနိုင်ကြောင်း၊ ထွန်းသစ်စဈေးကွက်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူထုအတွက် ဆိုးရွားသောရေရှည်အကျိုးဆက်များနှင့်အတူ ယခုကဲ့သို့ ဖြစ်ပွားမှုများ ကာလရှည်ကြာဖြစ်ပွားမည်ကို များစွာစိုးရိမ်မိကြောင်း ကမ္ဘာ့ဘဏ်အုပ်စုဥက္ကဋ္ဌ David Malpass က ပြောကြားခဲ့သည်။

## စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေးအန္တရာယ်

၂၀၂၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံပေါင်း ၁၂၅ နိုင်ငံကျော်၌ စားနပ်ရိက္ခာဈေးနှုန်း ဖောင်းပွမှု ငါးရာခိုင်နှုန်းကျော် ရင်ဆိုင်ခဲ့ရပါသည်။ ယင်းသို့ ကြုံတွေ့ရသည့် နိုင်ငံများတွင် ဝင်ငွေနည်းသော နိုင်ငံနှင့် ဝင်ငွေအလယ်အလတ်ရှိသောနိုင်ငံ ၉၀ ရာခိုင်နှုန်းနှင့် ဝင်ငွေမြင့်နိုင်ငံ ၈၀ ရာခိုင်နှုန်းကျော် ပါဝင်ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုနှင့်ပတ်သက်၍ စိုးရိမ်မှုများလည်းရှိနေပြီး လာမည့်သုံးနှစ်အတွင်း ကမ္ဘာ့နေရာအနှံ့အပြားတွင် စိန်ခေါ်မှုများရှိလာနိုင်ပါသည်။

**စာမျက်နှာ ၁၉ သို့** ✪

## အင်းစိန်မြို့နယ်၌ ဒီဇင်ဘာအားကစားလ နောက်ဆုံးပတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု နောက်ဆုံးပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီကကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အမှတ်(၆၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

စုပေါင်းလမ်းလျှောက်ပွဲကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌စုရပ်ပြုလုပ်၍ ဗဟိုလမ်း (မင်းကြီးလမ်း) မှအောက်မင်္ဂလာဒုံလမ်းတစ်လျှောက် သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစုရပ်သို့ တစ်ပတ်စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး အင်းစိန်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှဦးဆောင်၍ ကိုယ်လက်လှုပ်ရှားအားကစား ကာယလေ့ကျင့်ခန်းများ၊ Fitness Dance များကို ပျော်ရွှင်စွာစုပေါင်းလိုက်ပါပြုလုပ်ခဲ့ကြောင်းနှင့် လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား ကောက်ညှင်းပေါင်းများ ကျွေးမွေးဧည့်ခံခဲ့ကြောင်းသိရသည်။ **မြင့်ဦး**





## မြောက်ဥက္ကလာပမြို့နယ်၌ ဒီဇင်ဘာလ နောက်ဆုံးအပတ် စုပေါင်းလမ်းလျှောက်ပွဲ စည်ကားသိုက်မြိုက်စွာဆင်နွှဲ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ဒီဇင်ဘာ အားကစားလ စုပေါင်းလူထုလမ်းလျှောက်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှကြီးမှူး၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ဦးဆောင်ကာ "စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" ဟူသည့် ကျန်းမာရေးဆောင်ပုဒ်နှင့်အညီ ပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးနှင့် စိတ်လက်အပန်းဖြေစေရန်ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ် စုပေါင်းလူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ကျင်းပခဲ့သည်။

အဆိုပါလမ်းလျှောက်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လေသဟာနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးတွင် စုရပ်ပြုလုပ်ကာ အဝိုင်းကြီးပန်းခြံအထိ လမ်းလျှောက်ခဲ့ကြပြီး ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြမြဝင်း(ပြန်/ဆက်)**

## မိုးညိုမြို့နယ် ဇီးပင်ကျေးရွာ ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

မိုးညို ဒီဇင်ဘာ ၃၁

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဇီးပင်ကျေးရွာကုန်ထုတ်လမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ မိုးညိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိ၊ အတွင်းရေးမှူး ဦးဝင်းကျော်ကျော်လွင်၊ အဖွဲ့ဝင်ဗိုလ်မှူးရဲထွဋ်အောင်တို့က ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကုန်ထုတ်လမ်း (မြေနီကျောက်စရစ်လမ်း ) အရှည် ပေ ၃၄၄၀၊ အကျယ် ၁၂ ပေ၊ ဒု ၉ လက်မခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၃၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် မိုးညိုအောင်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သုတ**



## အသိပေးနှိုးဆော်ချက်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားနှင့် ၄-၁-၂၀၂၃ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အသိပေးနှိုးဆော်ချက်

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဗျောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမရှိစေရေးအတွက် နေပြည်တော်ကောင်စီမှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ခရိုင်/မြို့နယ်များ၌ နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဗျောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်ခြင်းများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဗျောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ကောင်စီ**

❂ စာမျက်နှာ ၁၈ မှ

အာဖရိက ဆာဟာရအောက်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသတို့သည် များစွာထိခိုက်လွယ်သည့် ဒေသများဖြစ်ကြပြီး တောင်အာရှနှင့် ဗဟိုအာရှဒေသများတွင်လည်း စားနပ်ရိက္ခာဖူလုံရေးပြဿနာဖြစ်လာနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ ၂၀၂၁ ခုနှစ်တွင် နိုင်ငံပေါင်း ၅၃ နိုင်ငံရှိ လူဦးရေ ၁၉၃ သန်းခန့်မှာ ပြင်းထန်သော စားနပ်ရိက္ခာမလုံလောက်မှု ဖြစ်ပွားခဲ့ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ၂၀၂၂ နှစ်ကုန်တွင် စားနပ်ရိက္ခာ မလုံလောက်သည့် လူဦးရေ ၂၀၅ သန်းကျော်အထိ တိုးမြင့်လာမည်ဟု ခန့်မှန်းခဲ့ပါသည်။

စွမ်းအင်လုံခြုံရေးနှင့်ပတ်သက်၍ သဘာဝဓာတ်ငွေ့ဈေးနှုန်းများသည် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် စံချိန်တင်မြင့်တက်လာခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အကျပ်အတည်းသည် ၂၀၂၁ ခုနှစ် ကိုဗစ်-၁၉ ဖြစ်ပွားချိန်မှစ၍ ကမ္ဘာတစ်ဝန်း ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဈေးကွက်များတွင် ဈေးနှုန်းမြင့်တက်ခြင်းနှင့် ပြတ်တောက်မှုတို့နှင့် ရင်ဆိုင်ခဲ့ရသည်။ စွမ်းအင်အကျပ်အတည်းသည် အမျိုးမျိုးသော စီးပွားရေးအကြောင်းရင်းများစွာကြောင့် ဖြစ်ပေါ်လာပြီး ရုရှား-ယူကရိန်းစစ်ပွဲသည် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အကျပ်အတည်းကို ပိုမိုကျယ်ပြန့်လာစေခဲ့သည်။

သဘာဝဓာတ်ငွေ့ဈေးနှုန်းများ စံချိန်တင်မြင့်တက်လာခဲ့ပြီး အချို့သောဈေးကွက်များတွင် လျှပ်စစ်ဈေးနှုန်းများလည်း မြင့်တက်လာခဲ့သည်။ မြင့်မားသော စွမ်းအင်ဈေးနှုန်းများသည် မိသားစုများကို ဆင်းရဲတွင်းသို့ တွန်းပို့ခဲ့ပြီး အချို့သောစက်ရုံများက ထုတ်လုပ်မှုလျှော့ချခြင်း သို့မဟုတ် ပိတ်သိမ်းခြင်းတို့ကြောင့် စီးပွားရေးတိုးတက်မှုကို နှေးကွေးစေခဲ့သည်။ စွမ်းအင်ထောက်ပံ့မှုနှင့်ပတ်သက်၍ ဥရောပသည် ရုရှားအပေါ်များစွာမှီခိုနေရမှုကြောင့် ၂၀၂၂-၂၀၂၃ ဆောင်းရာသီအတွင်း ဓာတ်ငွေ့ အခက်အခဲကြုံတွေ့ရပြီး ထွန်းသစ်စစီးပွားရေးလုပ်ငန်းများသည် စွမ်းအင်အတွက် ကုန်ကျစရိတ် ပိုမိုမြင့်မားလာမှုနှင့် လောင်စာဆီပြတ်လပ်မှုများ ကြုံတွေ့ခဲ့ကြရပါသည်။

### နှစ်သစ် ၂၀၂၃

အကောင်း၊ အဆိုး မည်သို့ပင်ရှိစေကာမူ နှစ်ဟောင်း ၂၀၂၂ ခုနှစ်မှာ မကြာမီ ကုန်ဆုံးတော့မည်ဖြစ်သည်။ အချိန်ကာလ ပြောင်းလဲသွားသော်လည်း မပြောင်းလဲဘဲ နှစ်သစ် ၂၀၂၃ သို့ ယူဆောင်လာမည့် အဖြစ်အပျက်များနှင့် ၎င်းတို့၏ အကျိုးဆက်များကတော့ အသင့်စောင့်ကြိုနေပါသည်။ ထိုအဖြစ်အပျက်များတွင် ကိုင်တွယ်ဖြေရှင်းရန် လွယ်ကူသည်များလည်း ပါဝင်၏၊ ခက်ခဲသည်များလည်း ပါဝင်၏။ ဘယ်သူမပြုမိမိမှုပင် ဖြစ်ပါသည်။ မိမိတို့ ကောင်းကျိုး၊ ဆိုးကျိုးခံစားရသည်မှာ မိမိပြုခဲ့သော ကောင်းမှု၊ မကောင်းမှုကြောင့်ဟု ဆိုရပါမည်။ အချိန်ကာလနှင့် နှစ်များပြောင်းလဲသွားသော်လည်း မိမိတို့၏ ကိုယ်ဖြင့်ပြုလုပ်မှု ကာယကံ၊ နှုတ်ဖြင့် ပြောဆိုမှု ဝစီကံ၊ စိတ်ဖြင့်ကြံစည်မှု မနောကံတို့ကြောင့် အကျိုးစီးပွားကို ဖြစ်စေတတ်သော ကုသိုလ်ကံနှင့် အကျိုးစီးပွားမဲ့ကို ဖြစ်စေသော အကုသိုလ်ကံတို့ကို ရရှိမည်ဖြစ်သည်။

နှစ်သစ် ၂၀၂၃ တွင် မည်သို့မျှော်လင့်ကြမည်နည်း။ လူတိုင်းကတော့ အကောင်းဆုံးကို မျှော်လင့်ကြမည်သာ ဖြစ်သည်။ ထို့အထဲတွင် မိမိကိုယ်ကို မိမိ ပြောင်းလဲတိုးတက်နိုင်သူတို့အတွက် အချိန်တိုင်းသည် မျှော်လင့်ချက်များပြည့်နေသည့် နှစ်သစ်ဖြစ်နေမည် ဖြစ်ပါသည်။ ။


**ကိုးကား -**


၁။ Significant World Events Of 2022, December 18, 2022, https://www.ndtv.com/ feature/in-pics-significant-world-events-of-2022-3617086

၂။ The world is at a point of significant economic danger, say experts, Sep 28, 2022, World Economic Forum

၃။ Risk of Global Recession in 2023 Rises Amid Simultaneous Rate Hikes, september 15, 2022, The World Bank

ဝတ္ထုတို




## မွှေးတူးလေး

(၁)

"အစ်မ ထုံးစံအတိုင်း နိုင်တီတူးနဲ့"

"အေး မောင်လေး"

ကျွန်မဆီကို တစ်ချက်တစ်ချက် လှမ်းကြည့်လာသည့် ကောင်လေး၏ အကြည့်များက စူးရဲလွန်းလှသည်။ ကျွန်မ သူ့ကို ပြန်မကြည့်မိအောင် ထိန်းရင်း ကွမ်းယာကိုသာ ယာနေလိုက်ရသည်။

"မေမေ...ပုံပုံ...ကျကျ..."

"ဟင်...ပုံကျတာ ဟုတ်လားသမီး"

သမီးက သွက်လက်စွာခေါင်းညိတ်ပြလာသည်မို့ ယာလက်စကွမ်းယာကို ပစ်ချကာ အိပ်ခန်းထဲကို အပြေးဝင်ကြည့်မိသည်။ ဟုတ်ပါ၏။ ကျွန်မတို့မင်္ဂလာဆောင်စဉ်က ရိုက်ထားသည့် နှစ်ယောက်တွဲ အမှတ်တရ ပုံလေးတွေထဲက အကြိုက်ဆုံးပုံလေးမို့ မကြာသေးမီကမှ လင်မယားနှစ်ယောက် ဓာတ်ပုံဆိုင်သွားကာ ပုံကြီးချဲ့ပြီး ဘောင်ကွပ်လာခဲ့ကြသည်။ ကပ်ထရံနှင့်ပင်မလိုက်အောင် ရွှေကနုတ်ဘောင်လေးကွပ်ခဲ့မိသည်မို့ အုတ်နံရံကပ်နိုင်မှ အကျအနချိတ်ကာဆွဲမည်ဟု အကြံနှင့် မတ်တပ်စားပွဲပေါ်မှာတင်ကာ ကပ်ထရံကိုမှီပြီး ထောင်ထားမိသည်။ ခုတော့ သမီး၏ ပုတက်တက်အရပ်ကလေးနှင့် ခြေဖျားထောက်ကာ ဆွဲယူကြည့်မှုကြောင့် ဓာတ်ပုံကကျကွဲလေပြီ။

သမီးကိုပဲ ရိုက်ရမည်လား။ ဥာဏ်နည်းလွန်းသည့် ကျွန်မကိုယ်ကျွန်မပဲ အပြစ်တင်ရမည်လား။ သေချာသည်မှာတော့ ကျွန်မခင်ပွန်း ကိုထွန်းအတွက် ပူပင်ရတော့မည်ပင်။ ဘာ့ကြောင့်ဆို ဓာတ်ပုံမှန်ဘောင်ကရိုးရိုးမကွဲ။ ကိုထွန်း၏ နဖူးဆံစပ်နားမှာမှ ထက်ခြမ်းကြီးကွဲနေသည်။ ကိုထွန်းအလုပ်က ကုန်ကားမောင်းသည်နှင့် အိမ်ကဓာတ်ပုံက ကျကွဲသည်နှင့်တော့ခက်ချေပြီ။ မတော်တဆ တခုခုဖြစ်သွားမှဖြင့် ကျွန်မရင်ကွဲရချည်။

"အို ငါ့မှာလည်း ဘာတွေလျှောက်တွေးနေမိမှန်းမသိပါဘူး။ ဖွဟဲ့။ လွဲပါစေချော်ပါစေ"

တစ်ခုခုဆို အဆိုးဘက်ကိုပဲ တွေးတတ်လွန်းသည့် ကျွန်မ၏စိတ်ကို ပြန်ထိန်းချုပ်လိုက်ရင်း အိမ်ရှေ့ကိုထွက်ကာ ယာလက်စ ကွမ်းယာကိုသာ ဆက်ယာနေလိုက်ရသည်။

(၂)

"မေမေ...အိပ်...အိပ်"

"အေးပါ သမီးရယ် မေမေချော့သိပ်မှာပေါ့"

သမီးလေးကို ပွေ့ကာချီပြီး ကျွန်မရသမျှသားချော့တေးတွေ ညည်းဆိုမိသည်။ သမီးလေးကို အိပ်ရာထက်ဖြည်းညင်းစွာ ချသိပ်လိုက်ပြီး အိမ်တံခါးကို သေချာပိတ်လိုက်သည်။ ထို့နောက် နံနက်ခင်းက ကျကွဲထားသည့် ဓာတ်ပုံဆီကို စိတ်ကရောက်ပြန်သည်။ တစ်နေ့ခင်းလုံးသည် စိတ်ကြောင့်ပင် စိုးထိတ်၍နေသည်မို့ ကွမ်းယာသာရောင်းနေရပေမဲ့ စိတ်လက်ကမပါချင်။ ကိုထွန်းဆီ ဖုန်းဆက်တော့လည်း စက်ပိတ်ထားပါသည် ချည်းသာကြားနေရသည်မို့ ကျွန်မရင်တွေပူလှပြီ။

သည်လိုတွေပူရမည်ကို ကြိုသိ၍ ကျွန်မဦးနှောက်က ကိုထွန်း၏အချစ်ကို လက်မခံဖို့ရာတားပါသေးသည်။ သို့ပေမဲ့ ငမိုက်သား ကျွန်မက နှလုံးသားအလိုကိုသာ လိုက်ခဲ့မိသည်လေ။ လမ်းဘေးက ကွမ်းယာသည်မဆိုပြီး ထိကပါးရိကပါးလုပ်ကြသည့် ကုန်ကားသမားတွေ၊ တခြားသော ယောက်ျားသားတွေကလည်း အများသားမဟုတ်လား။ သည်ကြားထဲက ကျွန်မကိုအမှန်အကန် တန်ဖိုးထားသူဆိုလို့ ကိုထွန်းသာရှိသည်လေ။ ကျွန်မလည်း ဖြစ်နိုင်လျှင် ရိုးရိုးတန်းတန်း လခစား အလုပ်လေးလုပ်ပြီး ကျွန်မအနားမှာသာ နေနိုင်မည့် လင်သားကိုရချင်သား။ သို့ပေမဲ့ ကျွန်မအလုပ်က ကားလမ်းဘေးမှာ ကွမ်းယာရောင်းသည့် အလုပ်ဆိုတော့ ကျွန်မအနားကပ်လာသူမှန်သမျှကလည်း ကုန်ကားသမားတွေချည်း။ ဒါ့ကြောင့်မို့လည်း ကျွန်မအတွက် ဖူးစာဖက်ကို ရွေးချယ်သည့်ပွဲမှာ ကိုထွန်းက ဗိုလ်စွဲခဲ့ခြင်းပင်။

(၃)

"အစ်မ နိုင်တီတူးနဲ့ ငါးရာဖိုး"

"အေး...မောင်လေး ရစေရမယ်။ ခန တော့စောင့်"

"စောင့်မယ်အစ်မရေ အစ်မအတွက်ဆို အချိန်ဘယ်လောက်ပေးရပေးရ။ တစ်ဘဝလုံးစောင့်ဆိုရင်လည်း စောင့်နိုင်တယ်"

ရိသဲ့သဲ့စကားဆိုလာသည့်ကောင်လေးကို မျက်စောင်းတစ်ချက်ခဲပြီး ကွမ်းထုပ်ကို ပေးလိုက်သည်။ ကျွန်မ မျက်စောင်းခဲပြလိုက်သည်ကိုပင် အရေးမစိုက်။ သင်းက ကျွန်မကို မျက်စိတစ်ဖက်ပင် မှိတ်ပြသွားသေးသည်။ ထိုကောင်လေးကို ကျွန်မ မျက်မှန်းတန်းမိနေသည်မှာ ကြာခဲ့ပြီ။ ကျွန်မဆီမှာ ကွမ်းလာဝယ်တိုင်း သည်လို ထိလိုက်ရိလိုက် လုပ်တတ်သည့်အကျင့်ကိုလည်း အလွတ်ရနေခဲ့ပြီမို့ သိပ်တော့မထူးဆန်း။ ထူးဆန်းသည်က ကောင်လေးက ငယ်ငယ်ချောချော၊ သန့်သန့်ခန့်ခန့်လေး။ ပြီးတော့ ကျွန်မသိထားသမျှသည် ကောင်လေးက ကားသမားမဟုတ်။ သာမန်ကုမ္ပဏီဝန်ထမ်းဟုသိရသည်။ ဒါ့ကြောင့်မို့ များ သည်ကောင်လေး ထိကပါးရိကပါးလုပ်သည်ကို ကျွန်မသာယာနေမိသည်လားမသိ။ "အို...ငါ့နှယ် မဖြစ်သင့်တာ" ဟု ကျွန်မကိုယ်ကျွန်မပြန်ပြောရင်း ဓာတ်ပုံဆီလှမ်းကြည့်ကာ ကိုထွန်းအား စိတ်ထဲကနေ တောင်းပန်စကားတွေဆိုနေမိပါသည်။

(၄)

"အစ်မ ထုံးစံအတိုင်း နိုင်တီတူးနဲ့ပဲ နော်"

ကောင်လေးကို မကြည့်မိအောင် ကျွန်မကြိုးစားပြီး ကွမ်းကိုယာနေမိသည်။

"ဟာ...အစ်မက နောက်တတ်တယ်နော်"

"ဘာနောက်လို့လဲ"

"ဘာနောက်ရမလဲ အစ်မရဲ့။ ကျွန်တော့်ကွမ်းယာထဲမှာ ထည့်ယာနေတဲ့ဆေးကို သေချာကြည့်ပါဦး"

"အယ်...မှားလို့"

ကျွန်မလည်း ဘယ်လိုဖြစ်သည်မသိ။ ကောင်လေးအတွက်ကွမ်းယာမှာ နိုင်တီတူးအစား ဘုရင်မဆေးတွေ ထည့်ယာနေမိသည်။

"အဟင်း"

"ဘာရယ်တာလဲ"

ကျွန်မအမေးကို ကောင်လေးက မဖြေ။ သူ၏ညို့ဓာတ်ပြင်းသည့် အကြည့်တို့ဖြင့်သာ ကျွန်မကိုရွှန်းရွှန်းစားစား ကြည့်လာပါသည်။ ကိုထွန်းနှင့် ကောင်လေး ကတခြားစီ။ ကိုထွန်းက သာမန်ရှုက်ကြမ်းရေကြို။ ကောင်လေးက ကိုရီးယားမင်းသားနှယ်။ ပြီးတော့ ကောင်လေးက ကုမ္ပဏီဝန်ထမ်း။ ကိုထွန်းက ကုန်ကားသမား။ ပညာအရည်အချင်း ဆိုလျှင်လည်း ကောင်လေးကအသာချည်း။

"အစ်မကို ကျွန်တော်ချစ်တယ်ဗျာ။ အစ်မသာလက်ခံမယ်ဆိုရင် အစ်မယောက်ျားနဲ့ကွဲတာနဲ့ အစ်မကိုကျွန်တော်ယူဖို့အသင့်ပဲ"

"အို...မဟုတ်တာ"

ရှက်မိသည်လား။ ရင်ခုန်မိသည်လား။ ကျွန်မဘာမှ ရေရာစွာမသိတော့။ ကျွန်မ၏ အကြားအာရုံထဲမှာ ကောင်လေး၏ အသံများသာ ပဲ့တင်ထပ်လျက်။

(၅)

တစ်ရက်ထက်တစ်ရက် တိုးတက်လာသည့် ကောင်လေးနှင့်ကျွန်မ၏ ဆက်ဆံရေးဟာ ကိုထွန်း ကျွန်မအနားမရှိသည့် အချိန်လေးအတွင်းမှာ ခရီးအတော်ရောက်ခဲ့သည်။ ယနေ့ဆိုလျှင်လည်း ကောင်လေးဟာ နံနက်ခင်းကတည်းက ကျွန်မ ဆိုင်အနားမှာ မယောင်မလည်လုပ်နေပြန်သည်။

"အို...လွှတ်ပါ"

"မလွှတ်ဘူး မကိုချစ်တယ်"

ကျွန်မကို အတင်းပွေ့ဖက်လာသည့် ကောင်လေး၏ လက်များကို ရုန်းကန်ဖို့ရာ ကျွန်မမကြိုးစားမိ။ အပျိုဖြန်းလေး တစ်ယောက်နှယ် ရင်တွေသာ တလှပ်လှပ် ခုန်နေပါ၏။

"မိသက်ရေ...မိသက်..."

လမ်းဘက်ဆီကနေ အော်ခေါ်လာသည့် အသံကြောင့်ကောင်လေးနှင့် ကျွန်မ ဣန္ဒြေ ပြန်ဆည်လိုက်ကြရသည်။ ကောင်လေးက ကွမ်းယာဝယ်သည့်ဟန်ဆောင်သည်။ ကျွန်မကလည်း ကွမ်းယာနေသည့်ဟန်ပြနေလိုက်ပါ၏။

"မမြတ်ပါလား။ ဘာရှိလို့လဲမမြတ်"

"ညည်းယောကျ်ား ဒီတစ်ခေါက် တာချီလိတ်ဘက်ကို သွားတာဆို"

"ဟုတ်တယ်လေ မမြတ်"

"အေး... ဒီနေ့ တာချီလိတ်ဘက်မှာ ကုန်ကားတစ်စီးချောက်ထဲကျပြီး ကားသမားရော စပယ်ယာရော သေသွားသတဲ့။ ပြီးတော့လေ ကျသွားတဲ့ကားက ညည်းယောကျ်ားတို့မောင်းနေတဲ့ ကုမ္ပဏီက ကားပဲတဲ့နော်"

"ဟင်...ဟုတ်လား"

"ဟုတ်တယ်။ ဒါပေမဲ့ အဲဒီကုမ္ပဏီက ပိုင်တဲ့ကားတွေကတော့ အများကြီးပါ။ ညည်းစိတ်ထဲ ဘာမှထားမနေပါနဲ့။ ဘာမှမထားနဲ့ဆိုလို့လည်း ညည်းဒီတိုင်းပေ့ါမနေနဲ့ဦး။ ညည်းယောကျ်ား လမ်းခရီးမှာ အန္တရာယ်ကင်းအောင် ဘုရားတရားလုပ်ဦး"

"ဟုတ် မမြတ်"

မမြတ် ပြန်သွားပြီးနောက် ကျွန်မရင်မှာ ပဟေဠိပေါင်းများစွာ ကျန်ခဲ့ပါ၏။ တာချီလိတ်ဘက်မှာ ချောက်ထဲကျသွားသည့်ကားဟာ ကိုထွန်း၏ ကားသာဆိုလျှင် ကောင်လေးနှင့်ကျွန်မ လက်ထပ်လိုက်ရုံပင်။ သည်တော့ ကျွန်မအနေဖြင့် သည်သတင်းကြားရသည်ကို ပျော်ရမည်လား။ ပျော်သင့်ပါ့မလား။ အကယ်၍ ကိုထွန်း၏ကား မဟုတ်ခဲ့လျှင်ရော ကျွန်မ ဘယ့်နှယ်လုပ်ရပ့ါ။

အတွေးများဖြင့် အိမ်ရှေ့မှာ ငူငိုင်နေမိသည့် ကျွန်မကိုကောင်လေးက ဆတ်ကနဲဆွဲကာ အိပ်ခန်းထဲကို အတင်းဆွဲခေါ်လာသည်။ ထို့နောက် "မကိုချစ်တယ်"ဟု တဖွဖွပြောကာ ကျွန်မကိုယ်အနှံ့ ထိတွေ့လာ၍ အတင်းဖယ်ရှားကာ ရုန်းကန်ပစ်မိသည်။ ကျွန်မအပြုအမူကြောင့် ပထမတော့ ကောင်လေးက အံ့သြနေပုံရသည်။ နောက်တော့ ကျွန်မကို ရုန်း၍မရအောင် ချုပ်ကိုင်လာသည်မို့ ကျကွဲထားပေမဲ့ စားပွဲပေါ်မှာ ထောင်ထားဆဲဖြစ်သည့် ဓာတ်ပုံကို လှမ်းယူလိုက်ကာ ကောင်လေး၏ခေါင်းကို ရိုက်ခွဲမိတော့သည်။

"ခွပ်"ကနဲ မြည်သံနှင့်အတူ ကောင်လေး၏ ခေါင်းပေါ်မှ သွေးများက ရဲဖြာကျလာကြသည်။ ကျွန်မထံမှ မမျှော်လင့်ထားသည့် တုံ့ပြန်မှုကို ရရှိလိုက်သောကြောင့် ကောင်လေးဟာ ကြောင်အမ်းအမ်းဖြစ်သွားပုံရသည်။ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားနှင့် ကျွန်မကိုကြည့်လာသည့် ကောင်လေး၏ပုံစံမှာ လန့်စရာပင်ကောင်းသေး၏။ "မင်းအခုထွက်သွား။ မသွားရင် မင်းငါ့ကို မတရားကျင့်အောင် လာတယ်လို့ တစ်ရပ်ကွက်လုံးကြားအောင် အော်ပစ်လိုက်မယ်" ဟု ပြောလိုက်တော့ ကောင်လေးက တောက်တစ်ချက်ခေါက်ကာ အိမ်အပြင်ကို ထွက်သွားတော့သည်။ ကောင်လေးထွက်သွားပြီးနောက် ကျွန်မလက်မှာ စွဲကိုင်ထားသည့် ဓာတ်ပုံကို သေချာစွာကြည့်မိသည်။ ဓာတ်ပုံဘောင်၏ ထောင့်စွန်းတစ်ခုတွင် သွေးစတချို့ပေရေနေသည်မို့ ရေနှင့်ဆေးချလိုက်ရသည်။ ဓာတ်ပုံထဲမှာတော့ ကိုထွန်းက ကျွန်မကို ပြုံး၍ကြည့်နေပါ၏။

(၆)

အု...ဝူး...ဝူး"

ဆွဲဆွဲငင်ငင် အူလိုက်သည့် ခွေးအူသံကြောင့် ကျွန်မ ဖျတ်ကနဲလန့်နိုးလာသည်။ တစ်ဆက်တည်းဆိုသလို သမီးလေးထံမှ "ဟင့်" ဆိုပြီး အသံထွက်လာ၍ သမီးလေး မနိုးအောင် ကျွန်မ၏ရင်ခွင်ထဲကို ဖြည်းညင်းစွာဆွဲသွင်းကာ ကျစ်နေအောင် ဖက်ထားလိုက်ရသည်။ ခွေးကလည်း ဘာ့ကြောင့်ရယ်မသိ ကျွန်မတို့ အိမ်နားတစ်ဝိုက်မှာသာ ဝဲလည်လှည့်၍ အူနေသည်။ ကေန္တကျွန်မ၏လက်ချက်ကြောင့် ကောင်လေးသေသွားပြီး သရဲအဖြစ်နှင့် အိမ်ဘက်ကို ရောက်လာသည်များလား။ မဖြစ်နိုင်။ ကျွန်မ၏လက်ဆကို ကျွန်မသိသည်။ အလွန်ဆုံး လေး၊ ငါးချက်ခန့်ချုပ်ရနိုင်သည်မှအပ သည်ကောင်လေး ဘာမှမဖြစ်နိုင်။

စိုးတထိတ်ထိတ်ဖြင့် ကျကွဲထားသည့် ဓာတ်ပုံဆီ အကြည့်ကရောက်မိပြန်သည်။ သည်နေ့နှင့်ဆို ကိုထွန်းခရီးထွက်သွားသည်မှာလည်း ဆယ်ရက်ပင်ကျော်ချေပြီ။ သည်ကြားထဲ ဖုန်းအဆက်အသွယ် မရသည်မှာလည်း မနက်ဖြန်ဆိုလျှင် တစ်ပတ်ပင်ပြည့်တော့မည်။ တိုက်ဆိုင်မှုဟု ဆိုရမည်လားမသိ။ ဓာတ်ပုံမှန်ဘောင် ကျကွဲပြီးသည့်နေ့မှစ၍ ကိုထွန်းနှင့် ဖုန်းအဆက်အသွယ် မရတော့သည်မှာတော့ ထူးဆန်းလွန်းပါ၏။

(၇)

ဆောင်းနံနက်ခင်းမို့ နံနက် ၅ နာရီခွဲဆိုပေမဲ့ အနည်းငယ်မှောင်နေသေးသည်။ အိပ်မရတော့၍ ဆိုင်စောစောဖွင့်ရန် စိတ်ကူးနှင့် အိပ်ရာက လူးလဲကာထပြီး မျက်နှာသစ်သည်။ ထို့နောက် ဘုရားမျက်နှာသစ်တော်ရေကပ်ကာ ဂုဏ်တော်ကိုးပါးကို ရွတ်ဖတ်ပူဇော်သည်။ "မိသက်ရေ...မိသက်"

အိမ်ရှေ့က ခေါ်သံကြောင့် အပြေးလေးထွက်ကြည့်လိုက်သည်။

"ဟင်...ကိုထွန်း...ခေါင်းမှာလည်း ပတ်တီးကြီးနဲ့ ဘယ်လိုများ ဖြစ်ခဲ့ရတာလဲ"

"အေးကွာ လမ်းချိုးတွေ၊ ကွေ့တွေ၊ ချောက်တွေများတဲ့ဆီတုန်းက ဘာမှမဖြစ်ခဲ့ဘူးကွ။ ဒီဘက် မြေပြန့်ရောက်ခါမှ အိပ်ငိုက်ပြီး လမ်းချော်သွားလိုက်တာ လမ်းဘေးက သစ်ပင်ကိုဝင်တိုက်မိတော့တာပဲ။ တော်သေးတယ် လူကသတိဝင်လာပြီး ဘရိတ်နင်းလိုက်နိုင်လို့ အရှိန်အများကြီးနဲ့ ဝင့်မဆောင့်သွားတာ"

"မသေကောင်း မပျောက်ကောင်း ကိုထွန်းရယ်။ နတ်တွေသကြားတွေ မလို့သာပဲ"

"နတ်တွေ သကြားတွေ မတာမဟုတ်ဘူးဟ။ ငါဘရိတ်အုပ်နိုင်လိုက်လို့ မသေတာ။ ဟင်...ဒါနဲ့ နေပါဦး။ ငါတို့ဓာတ်ပုံက ဘယ်လိုဖြစ်တာလဲ"

"သမီးလေး ယူကြည့်လိုက်လို့ ကျကွဲသွားတာ ကိုထွန်းရဲ့"

"အေးလေ ဘယ်တတ်နိုင်ပါ့မလဲ။ သမီးရဲ့လက်မှာမှ ဘရိတ်မပါတာကိုး"

ကိုထွန်းက ဓာတ်ပုံလေးကို နမြောတသစွာဖြင့် တယုတယ ကိုင်ကြည့်နေလေသည်။ ကိုထွန်းသာ ဓာတ်ပုံ၏ ထောင့်စွန်းတစ်ခုကို အနီးကပ်ထိတွေ့ကိုင်တွယ်မိလျှင် သွေးညှီနံ့များရနေဦးမလားမသိ။ အကယ်၍များ ထိုအနံ့ကိုရပြီး မေးလာခဲ့လျှင်တော့ ကျွန်မအုပ်ခဲ့ရသည့် ဘရိတ်တစ်ခုအကြောင်းကို ရှင်းပြရတော့မည်။ ကိုထွန်းတစ်ယောက် ထိုအနံ့ကို မရပါစေနှင့်ဟု တိုးတိတ်စွာ ဆုတောင်းနေစဉ်မှာပဲ

"အစ်မရေ...နိုင်တီတူးနဲ့...ငါးရာဖိုး"

ဟု အိမ်ရှေ့က ကြားလိုက်ရသည့် အသံကြောင့် ထိတ်လန့်စွာ လှမ်းကြည့်မိတော့ ခေါင်းမှာပတ်တီးအဖွေးသားနှင့် ကောင်လေးကို တွေ့လိုက်ရသည်။ ကျွန်မကို ရယ်ကျဲကျဲမျက်နှာပေးနှင့် လှမ်းကြည့်နေသည့်ကောင်လေးကို ခပ်တင်းတင်း ပြန်ကြည့်ကာ "ငါ့ဆိုင်မှာ နိုင်တီတူးနဲ့ မရောင်းဘူး ဟေ့" ဟု အော်ပြောလိုက်ပါတော့သည်။ ။

## ထိန်းသိမ်းကြစေ လွတ်လပ်ရေးအမွေ

❖ သမိုင်းသစ်နဲ့ အောင်ပွဲချီ
လမြတ်ဇန်နဝါရီ။
မှတ်သားကြသည် လေးရက်နေ့
ဘယ်တော့မှမမေ့။

❖ ရရှိခဲ့၍ မော်ကွန်းတင်
စုပေါင်းတို့အားအင်။
ချစ်ချစ်ခင်ခင် စည်းလုံးမှု
အောင်ပွဲသက်သေပြု။

❖ ပြည်ထောင်စုသား ညီနောင်တွေ
ထိန်းသိမ်းကြပါလေ။
ဖိုလ်ချုပ်အမွေ လွတ်လပ်ရေး
ဆက်လက်ကာကွယ်ပေး။

❖ ကြိုးစားမနေး အတူဖော်ဆောင်
စိတ်ဓာတ်အစွမ်းပြောင်။
တိုင်းပြည်ဂုဏ်ရောင် တင့်စေဖို့
စည်းလုံးညီညွတ်စို့။ ။

မင်းသူရိန်(သာကီနွယ်)

## နှစ်သစ်မင်္ဂလာ

နှစ်သစ်ကိုကြို
စိတ်ပျိုလို့ ကိုယ်နု။
မင်္ဂလာ ခညောင်းလို့
ကောင်းခြင်းတွေစု။
ဘုရားမှာ ကုသိုလ်ပြု
သာဓုခေါ်လို့ အမျှဝေ
ရကြပါစေ။

မကောင်းမှု ရှောင်စို့လေ
အောင်မြေတွင် ဆုပန်မြန်း။
မင်္ဂလာ နှစ်သစ်ကူးမို့
ကြည်နူးရွှင်လန်း။
ပျော်ရွှင်စွာ အတူဖြတ်သန်း
ကျန်းမာခြင်း သုခတွေ
ပြည့်လျှံကာဝေ။

ပို့သတဲ့ မေတ္တာရည်
ရကြစေ လူအများ။
စိန်ရွှေငွေ ရတနာမိုး
သွန်းဖြိုးစေသား။ ။

ဖိုးပြည့် (ပတ္တမြား)

ဆောင်းပါး

# ဇာတိမြေအလွမ်းစာ

## ခင်ဝင်းအောင်(နံ့သာမြေ)

ဒီတစ်ခေါက် မွေးရပ်မြေက ကျွန်မနေခဲ့တဲ့ ရပ်ကွက်လေးရဲ့ နှစ်စဉ်ကျင်းပတဲ့ အရဏ်ဆွမ်းလောင်းလှူပွဲသွားဖြစ်ခဲ့တယ်။ နှစ်စဉ်မရောက်ဖြစ်တောင် လေးနှစ်တစ်ခေါက်၊ ငါးနှစ်တစ်ခေါက်လောက်တော့ ကြိုးစားပြီး အရောက်လာခဲ့ရတဲ့ နေရာလေးပေါ့။ ကျွန်မက မွေးရပ်မြေကနေ ၁၀ နှစ်သမီးလောက်ကတည်းက ထွက်ခဲ့တော့ ကလေးဘဝပဲ မွေးရပ်မြေမှာ ကြီးပြင်းခဲ့ရတာပေါ့။ ကလေးဆိုတော့ ကျွန်မ ကျင်လည်တဲ့နေရာက ကျွန်မတို့ ရပ်ကွက်ကျဉ်းကျဉ်းလေးပဲပေါ့။ ဘယ်လောက်ပဲ ရပ်ကွက်ကလေးကကျဉ်းကျဉ်း ကျွန်မအတွက်တော့ ကမ္ဘာကြီးလောက်ကို ကြီးပါတယ်။ အဲဒီရပ်ကွက်ကလေးကပဲ ကျွန်မရင်ထဲကို ကိုယ်ချင်းစာတရားကိန်းအောင်းအောင် သင်ကြားပေးခဲ့တယ်။ ဘာသာတရားမျိုးစေ့တွေ ချထားပေးခဲ့တယ်။ ကိုယ့်ရပ်ကိုယ့်ရွာကိုချစ်အောင် လုပ်ပေးခဲ့တယ်။ ဒါတွေက တမင်လုပ်ယူဖန်တီးယူထားတာ မဟုတ်ပါဘူး။ သူ့အလိုလို ရင်ထဲရောက်လာခဲ့တာပါ။ ရှေ့က လူကြီးတွေရဲ့အပြုအမူ လုပ်ဆောင်ချက်တွေ၊ ပြောဆိုဆုံးမမှုတွေကနေ မြစ်ဖျားခံလာခဲ့တဲ့ စိတ်ဓာတ်လေးတွေပါ။

ခုခေတ်ကလေးတွေရဲ့ ကစားစရာနယ်ပယ်က သူတို့ကိုင်ထားတဲ့ Screen Size ရဲ့ အကျယ်ပေါ်မှာပဲ မူတည်ပါတယ်။ ကလေးကစားစရာ ပစ္စည်းအမျိုးမျိုးတွေ့ရှိပါရဲ့ ဓာတ်အားမရှိရင် ဆော့မရ။ ကျွန်မက ၂၀ ရာစုမှမွေးပြီး ၂၁ ရာစုမှာ အရွယ်ရောက်ခဲ့တဲ့သူပါ။ ကျွန်မတို့ငယ်ငယ်ကလေးဘဝကတော့ တစ်ရာသီပြောင်းရင်တစ်မျိုး မရိုးအောင် ဆော့ကစားခဲ့ကြတယ်။ တချို့ရာသီမှာ မြေကြီးနဲ့ကစားတယ်။ တချို့ရာသီမှာ ရေနဲ့ထိတွေ့ပြီး ကစားတယ်။ နောက်ရာသီကျ လေကိုအသုံးပြုပြီးကစားတယ်။ မီးဆိုတဲ့အရာနဲ့လည်း ဆော့ကစားခဲ့ကြတယ်။ ဓာတ်ကြီးလေးပါးဆိုတာ ဘာမှန်းမသိကြပေမယ့် ဓာတ်ကြီးလေးပါးကို ရာသီနဲ့ပေါင်းစပ်ပြီး ဆော့ကစားတတ်ခဲ့ကြတယ်။

မိုးရွာပြီဆို ရပ်ကွက်ရဲ့နောက်မှာရှိတဲ့ ကုန်းမြင့်ပေါ်မှာ ရွှံ့နှူးပြီ၊ အိမ်ရောက်တာနဲ့ ရွှံ့ကိုရေနူးပြီး လိုချင်တဲ့ အပျော့အမာရရင် ကိုယ်လိုချင်တဲ့အရုပ်တွေ၊ အသုံးအဆောင်လေးတွေ၊ လေရဟတ်တွေ လုပ်တော့တာပဲ။ အရုပ်ကလေးတွေလုပ်၊ နေပြအခြောက်ခံပြီး ကိုယ်တိုင်လုပ်ထားတဲ့ အရုပ်ကလေးတွေနဲ့ ဆော့ကြတယ်။ ရွှံ့တုဝယ်စရာမလိုဘူးနော်ဘိုးစဉ်ဘောင်ဆက် ကလေးတွေ ဆော့ချင်သလောက် ထုတ်ပေးတဲ့ ကုန်းမြင့်ကြီးတစ်ခုလုံးရှိတယ်။

ကျွန်မတို့ ရပ်ကွက်လေးက ကုန်းမြင့်တွေကာရံထားတဲ့ ရပ်ကွက်လေး။ ရပ်ကွက်လမ်းမက မိုးမရွာရင်လမ်း၊ မိုးရွာရင် ချောင်းရိုးလေးဖြစ်သွားရော၊ မိုးရွာတာနဲ့ အပေါ်အင်္ကျီချွတ်ပြီး ချောင်းထဲဆင်းဆော့တော့တာပဲ။ ချောင်းရေဝဲဝဲကြီးထဲ ဆင်းဆော့ရတာကို ပျော်နေရော။

ကျွန်မတို့ကစားဖော်ထဲမှာ လေလည်းပါတယ်။ ဆောင်းအကုန် နွေအကူး လေတွေမြူးတဲ့ ရာသီမှာ ကျွန်မတို့ စွန်လွှတ်တမ်းကစားကြတယ်။ တချို့ဒေသတွေမှာတော့ လေတံခွန်လို့ခေါ်ကြတယ်။ ကုန်းပေါ်တက် စွန်လွှတ်ကြပြန်ရော၊ တစ်ခါတလေ စွန်ဝယ်ပြီးလွှတ်တယ်။ ဝယ်စရာမုန့်ဖိုးမရှိရင် စာရွက်တွေဖြုတ် အိမ်က တံမြက်စည်းရိုးတွေဖြုတ်ပြီး ကိုယ်တိုင်စွန်လုပ်တယ်။ စာရွက်တွေဖြုတ်ပြီး စွန်လုပ်တာ အိမ်ကသိရင်တော့ လာလေရော့ ဝါးခြမ်းပြား၊ ရိုက်ခံရပါပြီ၊ ရိုက်လည်းမမှုပါဘူး စွန်ရဖို့အဓိက၊ ကုန်းပေါ်ပြေးတက် စွန်လွှတ်၊ စွန်လွှတ်တဲ့ ရာသီရောက်ရင် ကလေးတွေ အလုပ်ရှုပ်ကြတယ်။ စွန်တိုက်ဖို့ မှန်စာကြိုးလည်း သွေးရသေးတယ်။ စွန်တစ်ခုနဲ့တစ်ခုတိုက်ရင် ကိုယ့်စွန်ကနိုင်အောင်လို့ အဓိကက အပ်ချည်ကြိုးကောင်းဖို့လည်းလိုတယ်လေ။ မှန်စာသွေးတယ်ဆိုတာ ဖန်ကွဲစ၊ မှန်ကွဲစတွေကို ညက်မှုန့်နေအောင် ထောင်းထားပြီး ထမင်းနဲ့ ရောနယ်။ အဲလို ထမင်းနဲ့ ဖန်ကွဲမှုန့်တွေ ရောနေတဲ့ ခပ်စီးစီးဖြစ်နေတာတွေကို မှန်စာလို့ခေါ်တယ်၊ အဲလိုမှန်စာတွေကို အပ်ချည်ကြိုးမှာ လိုက်သုတ်၊ သုတ်ပြီးသား အပ်ချည်ကြိုးတွေကို ရစ်လုံး(ဘီးလုံး)မှာ ပြန်ရစ်ထားကြတယ်။ တိုက်မဲ့စွန်ကိုလည်း လေထဲမှာ အစမ်းလွှတ်ကြည့်ရင်း ဘယ်ဘက်က မဲသာသလဲ စမ်းကြည့်ကြသေးတယ်။ ဘယ်ဘက်ကို စွဲနေတဲ့စွန်ဆို ညာဘက်မှာ မဲတင်းထားတယ်။ မဲတင်းတယ်ဆိုတာ စက္ကူသေးသေးလေးကို စွန်ကိုင်းမှာ စွပ်တာတို့၊ ကပ်ထားတာတို့ လုပ်ထားတာပါ။ ယောကျ်ားလေးတွေသာ စွန်တိုက်ကြတာ။ ကျွန်မတို့ မိန်းကလေးတွေတော့ သူတို့လိုလဲ မတိုက်ချင်ပါဘူး။ ကိုယ်လွှတ်လိုက်တဲ့စွန် လေထဲရောက်ရင်ကို ကျေနပ်လို့။ ညနေဆို စွန်လွှတ်တဲ့သူကလွှတ်၊ စွန်တိုက်တဲ့သူကတိုက်နဲ့ ကုန်းပေါ်မှာ စည်ကားလို့၊ နေဝင်လို့ အလင်းရောင်တော်တော်လေးမှိန်သွားမှ စွန်လေးတွေ သိမ်းကြတယ်။

သီတင်းကျွတ်ရောက်ရင်လည်း ပျော်လို့ပဲ။ ရပ်ကွက်ထဲက အိမ်ပေါက်စေ့လိုက် ကန်တော့ပြီး မုန့်ဖိုးတောင်းတာပဲ။ တချို့က မုန့်ဖိုးပေးတယ်။ တချို့က မုန့်တွေပေးလိုက်တယ်။ ရတဲ့မုန့်ဖိုးတို့ ဘယ်လောက်နည်းနည်း။ မုန့်ကလည်း အဖိုးတန်မုန့်တွေ မဟုတ်ဘဲ ပေါပေါပဲပဲတွေဖြစ်လည်း ရတာနဲ့ တင်ပျော်လို့ပဲ။

တန်ဆောင်မုန်းကတော့ မီးနဲ့ကစားတဲ့ရာသီဖြစ်ပါတယ်။ ဖယောင်းတိုင်ထွန်းတယ်။ အိမ်က ဘုရားစင်မှာလည်း ဆီမီးတွေမြိုင်လို့၊ အိမ်အနှံ့ လှေကား၊ ကျောက်ပျဉ်ပါမချန် ဖယောင်းတိုင်ရှိသမျှ အကုန်ထွန်းတယ်။ သရဲမီးလည်းဆော့တယ်။ ခွက်တစ်ခုရှာ ခွက်အောက်မှာ ဖယောင်းတိုင်တစ်တိုင်ထွန်းအပူပေး၊ ခွက်ထဲမှာလည်း ဖယောင်းတိုင်ကို ချေထည့်ပြီး ကြိုဖယောင်းရည်တွေ ပွက်ပွက်ဆူပြီး အငွေ့တထောင်းထောင်းထနေပြီဆိုရင် ရေနည်းနည်းတောက်ထည့်လိုက်တာနဲ့ မီးတွေ ဟုန်းခနဲ ဟုန်းခနဲ ထထတောက်တယ်။ မီးတောက်ကြီးလေ ပျော်လေပဲ။ ဒါကလည်း လူကြီးတွေမသိအောင် ခိုးဆော့ရတာ၊ သိရင်မလွယ်ဘူး မျက်နှာမီးဟပ်မှာ မကြောက်ဘူးလား။ မီးလောင်သွားရင် ဘယ်လိုလုပ်မလဲနဲ့၊ လူကြီးတွေနဲ့ ဘယ်တော့မှ စိတ်ဖြောင့်ဖြောင့် မဆော့ရဘူး။

ကျွန်မတို့ ရပ်ကွက်ထိပ်မှာ ဓမ္မာရုံရှိတယ်။ အနန္တငါးဂုဏ် ဓမ္မာရုံတဲ့။ အရင်တုန်းက ဓမ္မာရုံလေးမရှိပါဘူး။ ကျွန်မအဖေနဲ့ ရပ်ရွာလူကြီးတွေ ကမကထ ဦးစီးပြီး ဖြစ်ပေါ်လာတဲ့ ဓမ္မာရုံလေးပါ။ ပထမ မြေနေရာလေးလှျောက်၊ ဓမ္မာရုံလေးဆောက်ဖို့ မြေနေရာလေးရပြီဆိုမှ အဆောက်အအုံအတွက် ရပ်ကွက်ထဲမှာ အလှူခံပြီး ရပ်ကွက်ရဲ့ ရှိတဲ့အင်အားလေးနဲ့ ခက်ခက်ခဲခဲ ဆောက်ခဲ့ရတဲ့ ဓမ္မာရုံလေးပါ။ စဆောက်တုန်းကတော့ ဇရပ်ပုံစံ တိုင်နဲ့ အမိုးပဲရှိတဲ့ အဆောက်အအုံလေးပေါ့။ ရပ်ကွက်ရဲ့ သာရေး၊ နာရေးတွေကို ဓမ္မာရုံလေးမှာ လုပ်ကြတယ်။ ရပ်ကွက်ရဲ့ အခါကြီးရက်ကြီး အလှူအတန်းလုပ်ရင်လည်း ဓမ္မာရုံမှာပဲ လုပ်ကြတယ်၊ အလှူအတန်းပေးရင်လည်း ကိုယ့်အိမ်မှာ မလုပ်ဘဲ ဓမ္မာရုံမှာပဲ လုပ်ကြတယ်။ ဓမ္မာရုံမှာ အလှူအတန်းတစ်ခုခုလုပ်ပြီဆို ကလေးတွေကို ဦးစားပေးကျွေးကြတယ်။ ကျွန်မတို့ကျောင်းက ပြန်လာရင် ဓမ္မာရုံမှာ ကုသိုလ်လုပ်ရင် ဓမ္မာရုံမှာပဲ ဝင်စားလိုက်တာပဲ။

ကျွန်မရဲ့ကလေးဘဝကို ကျွန်မတို့ရပ်ကွက်ကလေးမှာ ကုန်ဆုံးရတာကို ခုထိ ကျေနပ်နေတုန်းပဲ။ လုံခြုံတယ်၊ နွေးထွေးတယ်၊ လွတ်လပ်တယ်။ ကျွန်မတို့ပြောင်းသွားပေမယ့် ရပ်ကွက်နဲ့ အဆက်မပြတ်ပါဘူး။ ရပ်ရေးရွာရေးကိစ္စတွေမှာလည်း အဖေ့ကို ရပ်မိရပ်ဖအနေနဲ့ တိုင်ပင်တာ အကြံဉာဏ်တောင်းတာတွေ လုပ်လေ့ရှိတယ်။

ခုဆိုရင် ကျွန်မတို့ရဲ့ ဓမ္မာရုံလေးက သွပ်မိုးအုတ်ပတ်ကားနဲ့ မိုးလုံလေလုံ အဆောက်အအုံလေးဖြစ်နေပြီ၊ ဓမ္မာရုံလေးကို အခြေပြုပြီး နှစ်စဉ်သက်ကြီးပူဇော်ပွဲတွေ ကျင်းပတယ်။ သက်ကြီးပူဇော်ပွဲရောက်ရင် ရပ်ကွက်ရဲ့ အဝေးမှာရောက်နေတဲ့ တခြားမြို့ကို ရောက်နေတဲ့ ဘိုးဘွားတွေကိုလည်း ဖိတ်ပြီးကန်တော့တယ်။ ဘိုးဘွားတွေကလည်း အားခဲပြီး လာခဲ့ကြတယ်။ နှစ်ဆန်း ၁ ရက်နေ့တိုင်း သက်ကြီးပူဇော်ပွဲကျင်းပကြတယ်။ ကြားရတာနဲ့တင် ဝမ်းသာပီတိဖြစ်ရတယ်။

နှစ်စဉ် တပို့တွဲလဆန်း ၇ ရက်နေ့မှာတော့ ဓမ္မာရုံမှာရှိတဲ့ ဘုရားကို ဗုဒ္ဓပူဇနိယနဲ့ တစ်မြို့လုံးမှာရှိတဲ့ သံဃာကုန်၊ သီလရှင်ကုန် အပါး ၅၀၀ လောက်ကို အရဏ်ဆွမ်းလောင်းပါတယ်။ ဆွမ်းအတွက် အလှူခံပြီး ဘုံဆွမ်းလောင်းပါတယ်။ ဆွမ်းဟင်းအတွက်က သီးသန့်အလှူရှင်တွေရှိပါတယ်။

ခုဆို ကျွန်မတို့ရပ်ကွက်လေးထဲမှာ ရပ်မိရပ်ဖတွေ ဦးဆောင်ပြီး ရပ်ကွက်သူ၊ ရပ်ကွက်သားများ စုပေါင်းပြီး တနင်္ဂနွေနေ့တိုင်း အမှိုက်ကောက်ပြီး သန့်ရှင်းရေးလုပ်တဲ့ အဖွဲ့အစည်းလေးလည်း ပေါ်ပေါက်ခဲ့ပြီ၊ ကိုယ့်ရပ်ကွက်တင်မကဘူး တခြားရပ်ကွက်တွေထိပါ လိုက်ပြီး ဆောင်ရွက်ပေးနေတဲ့ ပရဟိတအဖွဲ့လေးပေါ့၊ ရပ်ကွက်အတွက် လိုအပ်တဲ့ ပစ္စည်းတွေ ငွေကြေးလိုအပ်ချက်အချို့ကိုတော့ တစ်ချိန်က တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြပေမယ့် ခုချိန်မှာတော့ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းသွားကြတဲ့ ရပ်ကွက်သူရပ်ကွက်သားဟောင်းတွေရဲ့ ဖြည့်ဆည်းကူညီပံ့ပိုးမှုတွေလည်းပါပါတယ်။ ရပ်ကွက်ရဲ့ ဓမ္မာရုံလေးထဲမှာလည်း ၁၂ လလုံးမှာ စတုဒိသာ ကျွေးမွေးသံတွေလည်း လှိုင်လို့ပါ။ ကျွန်မတို့ရဲ့ ရပ်ကွက်ကလေးရဲ့ စည်းလုံးညီညွတ်မှုနဲ့ တိုးတက်မှုကတော့ အံ့မခန်းပါပဲ၊ အဖေတို့ မျိုးဆက်တွေ တာဝန်ကျေပွန်ပါတယ်။

ကုန်းမြင့်ပေါ်က အုတ်တိုက်ထဲက ဘုရားလေးကို စေတီတစ်ဆူဖြစ်အောင်တည်ဖို့၊ ဇရပ်တစ်ဆောင်ပေါ်ပေါက်အောင်လုပ်ဖို့၊ ဓမ္မာရုံလေးမှာ စာကြည့်တိုက်လေးဖြစ်အောင် လုပ်ရမဲ့တာဝန်တွေ ကျန်ပါသေးတယ်။ ပညာရေးနဲ့ ကျန်းမာရေးအတွက် ထောက်ပံ့ဖို့ ဖောင်ဒေးရှင်းတွေထူထောင်ဖို့ ကျန်ပါသေးတယ်။ ဒီတာဝန်တွေကို ပြီးမြောက်အောင် ပထမမျိုးဆက်မှစပြီး မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်း တာဝန်ယူ ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

## ပညာသည်သာ ရတနာ

❋ လောကမှာ တုနှိုင်းရှား
ရတနာတစ်ပါး မြတ်ပညာ။
ငယ်ရွယ်စဉ် လုံ့လထား
ကြိုးစားသင်ပါ။
မောင်မယ်တို့ လေ့မှတ်စရာ
အတတ်ပညာ မကုန်ပြား။
ပညာသည် မြတ်ရွှေအိုးကွဲ့
တန်ဖိုးကြီးမား။

❋ သတ္တိပြောင် တန်ခိုးထွားလို့
နိုးကြားကြ ထာဝစဉ်။
ပျင်းရိရှောင် နောက်မဆုတ်
အားထုတ်ကာပင်။
ကိုယ့်တန်ဖိုး အမြဲမြှင့်တင်
ဇွဲနှင့်ယှဉ် လျှောက်လှမ်းမနေး။
ယုံကြည်ရာ အနာဂတ်တို့
ဖြောင့်မတ်စေလေး။

❋ ဖြူစင်ဖွယ် စိတ်ကောင်းမွေးလို့
ဘဝအရေး လှစေတကယ်။
အသိပညာ ဉာဏ်ရည်မြင့်
ဂုဏ်တင့်စေကွယ်။
ပညာနှင့်တူသော ဥစ္စာရယ်
လောကဝယ် ဘယ်မရှိ။
ပညာဉာဏ် ရောင်လျှံဖြိုးကွယ်
ဖိုးထိုက်ပါ၏။ ။

ရဲသွေးနီ(တက်ဝန်)

# ၂၀၂၃ နှစ်သစ်ကူး ထူးကဲပျော်ရွှင် ရန်ကုန်တစ်ခွင်



ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ရောင်စုံမီးများဖြင့် အလှဆင်ထားသည်ကို တွေ့ရစဉ်။



ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် နှစ်သစ်ကိုကြိုဆိုသည့် ဂီတဖျော်ဖြေပွဲ ကျင်းပစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ခရစ်နှစ် ၂၀၂၂ ကုန်ဆုံး၍ ၂၀၂၃ နှစ်သစ်ကူးကြိုဆိုမှုကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့၌ ပြည်သူများ ထူးထူးကဲကဲ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြသည်။

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ၂၀၂၃ ခုနှစ်သို့ ချင်းနင်းဝင်ရောက်မည့် နှစ်သစ်ကူးမင်္ဂလာညချမ်း၌ ရွှေတိဂုံစေတီတော်မြတ်၊ ဗိုလ်တထောင်စေတီတော်မြတ်၊ ကျောက်တော်ကြီးဘုရား၊ မြို့တော်ခန်းမ၊ မဟာဗန္ဓုလပန်းခြံ၊ ပြည်သူ့ရင်ပြင်ဥယျာဉ်၊ ကန်တော်ကြီး၊ အင်လျားကန်ပေါင်၊ ဘာသာရေးအဆောက်အအုံများ၊ ဟိုတယ်/မိုတယ်များ၊ စားသောက်ဆိုင်ကြီးများ၊ ညဈေးတန်းများ၊ ဈေးဝယ်စင်တာများ၊ အများပြည်သူ အပန်းဖြေရာပန်းခြံများနှင့် အဓိက လမ်းမကြီးများတွင် ရောင်စုံမီးဆိုင်းများ ထွန်းလင်းလှပစွာ ထွန်းညှိ၍ တွေ့မြင်သူအပေါင်း၏ စိတ်နှလုံးကို ရွှင်လန်းစေပြီး ပြည်သူများ ပျော်ရွှင်စွာဖြင့် နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။

ရန်ကုန်မြို့ နှစ်သစ်ကူးညချမ်းတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်ရှိ ပြည်သူ့ရင်ပြင်၌ ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိစေရန်အတွက် နိုင်ငံတကာနှစ်သစ်ကို ကြိုဆိုသည့် ဂီတဖျော်ဖြေပွဲ (New Year Countdown Music Show) ကို ည ၈ နာရီတွင် GREAT NINE MUSIC BAND ၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်အဆိုတော်များက ဖျော်ဖြေခဲ့ရာ ပရိသတ်များက လွတ်လပ်ပေါ့ပါးစွာဖြင့် တစ်ခဲနက် အားပေးခဲ့ကြသည်။

နှစ်သစ်ကူးချိန်ဖြစ်သည့် ၂၀၂၂ ခုနှစ် ည ၁၂ နာရီတွင် နှစ်သစ်ကူးပြောင်းချိန်ကို Music Show က ကြေညာ၍ Countdown ပြုလုပ်ပေးရာ ၂၀၂၃ ခုနှစ်သို့ ကြိုဆိုသော ပြည်သူတို့၏ Happy New Year ကို ကြိုဆိုသောအသံသည် ရန်ကုန်ဆောင်းကို ပွေ့ဖက်ထားသော ပြည်သူ့ရင်ပြင်ကို လွှမ်းခြုံသွားခဲ့သည်။ ထိုအချိန်တွင် မီးရှူးမီးပန်းများပစ်ဖောက်သည့်ပုံရိပ်များကို LED ဖြင့် ပြသပြီး မီးပုံးပျံများကို လွှတ်တင်ရာ ပြည်သူများက တစ်ခဲနက်အားပေးကြသည်။

ယနေ့ညတွင် ပြည်သူ့ရင်ပြင်ရေပန်းဥယျာဉ်အနီး၌ ပုံစံမျိုးစုံမီးဆိုင်းအရုပ်များ၊ နန်းတော်ပုံစံမီးဆိုင်းအလှများ၊ Night Market ဈေးဆိုင်ခန်းများ၊ စတုဒိသာကျွေးမွေးသော အလှူမဏ္ဍပ်များ၊ မြန်မာ့မွေးမြူရေးလုပ်ငန်းထုတ်ကုန်များ အထူးအရောင်းဆိုင်နှင့် အခြားသော အရောင်းဆိုင်များဖြင့် နှစ်သစ်ကူးညတွင် ပြည်သူ့ရင်ပြင်၌ အထူးစည်ကားခဲ့သည်။

ထို့နည်းတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ထားသော ရောင်စုံမီးဆိုင်းအလှမျိုးစုံဖြင့် အင်လျားကန်အလှကို ပိုမိုပေါ်လွင်စေလျက် ပြည်သူများ ပျော်ရွှင်စွာဖြင့် နှစ်သစ်ကူးချိန်ကို အင်လျားကန်ပေါင်၌ စည်ကားသိုက်မြိုက်စွာ ဆင်နွှဲခဲ့ကြပြီး ရန်ကုန်မြို့တစ်ဝန်းတွင်လည်း နှစ်သစ်ကူးပျော်ပွဲ ရွှင်ပွဲများဖြင့် ထူးကဲပျော်ရွှင်စွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**
**ဓာတ်ပုံ - ကန္နီး**

## မန္တလေးမြို့၌ မီးရှူးမီးပန်းများ ပစ်ဖောက်၍ နှစ်သစ်ကိုကြိုဆို

**မန္တလေး ဒီဇင်ဘာ ၃၁**

ခရစ်နှစ် ၂၀၂၂ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၃ ခုနှစ်သို့ ကူးပြောင်းသည့် အထိမ်းအမှတ် နှစ်သစ်ကူးပွဲတော်များကို ကမ္ဘာတစ်ဝန်းတွင် ပျော်ရွှင်စွာဖြင့်ဆင်နွှဲကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနှင့် အခြားမြို့အသီးသီးတို့၌ စုဝေး၍ ဒေသစံတော်ချိန်အသီးသီးတို့တွင် ည ၁၂ နာရီ အချိန်သတ်မှတ်ပြီး Happy New Year ဟု သံပြိုင်ရေရွတ်ကာ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။

ယနေ့ညနေပိုင်းမှစ၍ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်း၌ နှစ်သစ်ကူးအထိမ်းအမှတ် Countdown ပွဲတော်ကို ညပိုင်းတွင် ပြုလုပ်ရာ ၁၂ နာရီတွင် မန္တလေးမြို့တော်သူ မြို့တော်သားများ၊ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ စုဝေးရောက်ရှိ၍ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယင်းပွဲတော်အတွင်း စတုဒိသာကျွေးမွေးခြင်းများ၊ လျှပ်စစ်ရောင်စုံ အလှမီးများ ထွန်းညှိခြင်းနှင့်အတူ Countdown ပွဲတော်တွင် open stage show ဖြင့် နိုင်ငံကျော် စတီရီယိုတေးသံရှင်များ၏ ဖျော်ဖြေမှုများပါဝင်ပြီး စည်ကားလှသည်။

၎င်းအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် မြို့တော်သူ မြို့တော်သားများနှင့်အတူ နှစ်သစ်ကူး Countdown ကို တပျော်တပါး ရေတွက်ကြကာ ည ၁၂ နာရီတိတိတွင် Happy New Year ဟု ပျော်ရွှင်စွာ သံပြိုင်ရွတ်ဆိုအော်ဟစ်ခဲ့ကြပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ကာ နှစ်သစ်ကိုကြိုဆိုခဲ့ကြသည်။

ထို့အတူ တိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်အသီးသီးတို့တွင်လည်း ပြည်သူများက နှစ်သစ်ကူး Countdown ကို ရေတွက်ကြကာ နှစ်သစ်ကူးပြောင်းခြင်းကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

**မောင်အေးချမ်း**



မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် နှစ်သစ်ကိုကြိုဆိုသည့် ဂီတဖျော်ဖြေပွဲ ကျင်းပစဉ်။



## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၃၁**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ကို ယမန်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးတင်ပြ**

ရှေးဦးစွာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းက (၁/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးကြကာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**စာစာအိပ်လို့ စာစာထလို့ စာစာလမ်းလျှောက်ကြပါစို့**

## အင်းဝရှေးဟောင်းနယ်မြေ၌ ပြည်တွင်းခရီးသွားများဖြင့် လည်ပတ်သူများပြား



မန္တလေး ဒီဇင်ဘာ ၃၁

မန္တလေးတိုင်းဒေသကြီး အင်းဝရှေးဟောင်းနယ်မြေ၌ ယခုရက်ပိုင်းတွင် ပြည်တွင်းခရီးသွားများဖြင့် စည်ကားလျက်ရှိရာ ပြည်ပခရီးသွားအချို့လည်း လည်ပတ်မှုရှိ၍ ဒေသခံများဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိသည်။

ဒီဇင်ဘာကျောင်းပိတ်ရက်မှစ၍ လာရောက်လည်ပတ်သူ၊ အနားယူလေ့လာသူများ ယခင်လများထက် ပိုမိုများပြားလာသဖြင့် မြင်းလှည်းမောင်းသူများ၊ အမှတ်တရပစ္စည်းနှင့် စားသောက်ဖွယ်ရောင်းချသည့်ဆိုင်များ၊ ဓာတ်ပုံရိုက်ပေးသူများ ဝင်ငွေကောင်းကြသည်ဟု ဆိုသည်။

"ဒီဇင်ဘာ ကျောင်းပိတ်ရက်ကစပြီး စည်ကားလာတယ်။ အဲဒီအရင်ရက်တွေက ဧည့်သည်ပါးလို့ တစ်နေ့ကို မြင်းလှည်းတစ်ခေါက်လောက်ရဖို့ မလွယ်ဘူး။ ခုရက်ပိုင်းမှာလာတဲ့ ဧည့်သည်က တစ်ရက်ကို ၅၀၀ ကနေ ၁၀၀၀ နီးပါးလောက်ရှိတယ်။ ဧည့်သည်အဝင်များရင် ဆိုင်တွေလည်း ရောင်းကောင်းတော့ ဒေသခံတွေအဆင်ပြေကြတယ်"ဟု အင်းဝမြင်းလှည်းမောင်းသူ ကိုမြင့်မြတ်က ပြောကြားသည်။

### ပိုမိုများပြားလာနိုင်

ပွင့်လင်းရာသီဖြစ်ခြင်းနှင့် ဒီဇင်ဘာနှစ်သစ်ကူးရာသီချိန်ဖြစ်၍ ပြည်တွင်းခရီးသွားဝင်ရောက်မှုများပြားသကဲ့သို့ အောက်တိုဘာလမှစ၍ ပြည်ပခရီးသွားအချို့လည်း ဝင်ရောက်လျက်ရှိပြီး တစ်လလျှင် ပြည်ပခရီးသွားဦးရေ ၃၀ ကျော်ရှိရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီမှစ၍ ပြည်ပခရီးသွားဝင်ရောက်မှု ပိုမိုများပြားလာနိုင်ကြောင်း ခရီးသွားလုပ်ငန်းအေဂျင်စီများက သုံးသပ်ထားသည်။

"အင်းဝမှာ မြင်းလှည်းစီးပြီး ဘုရားဖူးလည်ပတ်သူများတယ်။ မြင်းစာဈေးက သုံးဆလောက်တက်သွားပေမယ့် မြင်းလှည်းခက ငွေကျပ် ၁၀၀၀၀ ကနေ ၁၅၀၀၀ ပဲယူတယ်။ တစ်ရက် နှစ်ခေါက်လောက်ရရင် တွက်ခြေကိုက်တယ်။ တစ်ခေါက်ဆိုရင် သိပ်မကျန်ဘူးပေါ့"ဟုဆက်လက်ပြောကြားသည်။

ကိုဗစ်ကပ်ရောဂါကြောင့် ခရီးသွားကဏ္ဍအပေါ် သက်ရောက်မှုရှိခဲ့ရာ ပြည်ပခရီးသွားများကို အားထားရသည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အင်းဝမြို့တွင် ယခင်က မြင်းလှည်း ၂၀၀ ရှိခဲ့ရာက လက်ရှိတွင် မြင်းလှည်း ၅၀ ဝန်းကျင်သာ ကျန်ရှိပြီး အင်းဝဒေသခံများအနေဖြင့် ပြည်တွင်းဧည့်သည်များကို အားထားရကြောင်း သိရသည်။

**မောင်အေးချမ်း**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်ပြည်လမ်းတစ်လျှောက် အလံများစိုက်ထူ

ရန်ကုန် ဒီဇင်ဘာ ၃၁

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သမိုင်းဝင် ရန်ကုန်ပြည်လမ်းတစ်လျှောက်ရှိ အထင်ကရနေရာများ၊ တံတားများနှင့် လမ်းလယ်ကျွန်းဓာတ်တိုင်နေရာများတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလံများနှင့် ရောင်စုံအလံငယ်များကို ဂုဏ်ယူဝင့်ကြွားစွာ ချိတ်ဆွဲ၊ စိုက်ထူ လွှင့်တင်ထားသည်ကို ဒီဇင်ဘာ ၃၁ ရက်က ခံ့ထည်စွာ မြင်တွေ့ရသည်။



မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှလက်အောက်မှ လွတ်မြောက်စေရန် လွတ်လပ်ရေးရရှိရေးအတွက် စွမ်းစွမ်းတမံ အသက်ပေးကြိုးပမ်းအားထုတ်ခဲ့ကြသော ဘိုး၊ ဘေး၊ ဘီ၊ ဘင်များကို အမြဲသတိရရှိစေရန်နှင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဗြိတိသျှယူနီယံဂျက်အလံကို တိုင်အောက်သို့ချခဲ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် သုံးရောင်ခြယ်အလံကို တိုင်ထိပ်ပေါ်သို့ ဦးစွာလွှင့်တင်ခဲ့သောနေရာသည် ရန်ကုန်မြို့ဖြစ်၍ ထိုထိုသော သမိုင်းဝင်ရန်ကုန်တွင် နေထိုင်ကြသော အနာဂတ်လူငယ်များသည် ဂုဏ်ယူနေရမည်ဖြစ်သည်။

အဆိုပါ အလံများကို ရန်ကုန်ပြည်လမ်း ဆယ်မိုင်ကုန်းလေဆိပ်လမ်းဆုံမှ ဒဂုံမြို့နယ်ဗိုလ်ချုပ်အောင်ဆန်းလမ်းအထိ လမ်းလယ်ကျွန်း ဓာတ်တိုင်များတွင် ဘယ်/ညာ ချိတ်ဆွဲထားပြီး ယာဉ်ပတ်အဝိုင်းများ ဖြစ်သော ဟံသာဝတီအဝိုင်း၊ ဦးဝိစာရအဝိုင်း၊ ဦးထောင်ဘိုအဝိုင်းနှင့် ရှစ်မိုင်ခုံးကျော်တံတား၊ လှည်းတန်းခုံးကျော်တံတား၊ မြေနီကုန်းခုံးကျော် တံတားများတွင်လည်း အလံများ စိုက်ထူထားသည်ကို မြင်တွေ့ရသည်။

မကြာမီကျရောက်မည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကို တစ်မျိုးသားလုံးက အောက်မေ့သတိရ ဂုဏ်ယူဝင့်ကြွားနိုင်စေရန် အဆိုပါအလံများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စိုက်ထူ ချိတ်ဆွဲ လွှင့်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။ **စောသိန်းဝင်း**

## သထုံမြို့ လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး၌ (၃၁)ကြိမ်မြောက် ပဋ္ဌာန်းဒေသနာတော်နှင့် ဗြဟ္မဇာလသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

သထုံ ဒီဇင်ဘာ ၃၁

မွန်ပြည်နယ် သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး၏ (၃၁)ကြိမ်မြောက် ပဋ္ဌာန်းဒေသနာတော်နှင့် ဗြဟ္မဇာလသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က စေတီတော်ရင်ပြင်တော်ပေါ်ရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများက နမောတဿ သုံးကြိမ်ရွတ်ဆို အခမ်းအနားဖွင့်လှစ်ပြီး သထုံမြို့ ဓမ္မမေဒနီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ပိဋကတ္တယပါရဂူ သာသနဓဇ သိရီပဝရဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏောသုရိယာဘိဝံသထံမှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက သီလခံယူဆောက်တည်ကြသည်။

ယင်းနောက် စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခွန်သိန်းရွှေက ဂေါပကအဖွဲ့၏ သာသနာရေးဆိုင်ရာဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားကာ တရားတော်များ နာယူခဲ့ကြပြီး သံဃာတော်အရှင်သူမြတ်တို့က ဒေသနာတော်များကို စတင်ရွတ်ဖတ်ပူဇော်တော်မူခဲ့ကြသည်။

အဆိုပါပူဇော်ပွဲကို ဩဝါဒါစရိယဆရာတော်ကြီးများ ဦးစီး၍ ရွှေစာရံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဆရာတော်သံဃာတော် ၂၆ ပါးတို့က ဒီဇင်ဘာ ၃၁ ရက်မှ စတင်ကာ ငါးရက်ကြာ နေ့စဉ်အသံမစဲရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြန်အောင်မြို့နယ်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသွင်းအားစုများ ကွင်းဆင်းပေးအပ်

မြန်အောင် ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသွင်းအားစု ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမြေသြဇာ၊ ယူရီးယားဓာတ်မြေသြဇာနှင့် ကွန်ပေါင်းမြေသြဇာများကို ယနေ့နံနက်က မြန်အောင်မြို့နယ် လဟာပေါက်ကျေးရွာအုပ်စုနှင့် ကန်ဇွန်းခုံကျေးရွာအုပ်စုတို့တွင် ကွင်းဆင်းပေးအပ်ကြသည်။



ရှေးဦးစွာ လဟာပေါက်ကျေးရွာအုပ်စုတွင် မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်အောင်တို့က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူ ၁၀ ဦး၏ နွေစပါးဧက ၅၀ အတွက် ယူရီးယားဓာတ်မြေသြဇာ၊ ကွန်ပေါင်းမြေသြဇာများ ပေးအပ်ခဲ့ကြပြီး နွေစပါးစိုက်ပျိုးမည့် လယ်ယာမြေပြင်ဆင်ထားရှိမှုများကို ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး အောင်စိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ထက်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်အောင်တို့က ကန်ဇွန်းခုံကျေးရွာအုပ်စုတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်း ဧက ၁၅၀ အတွက် တောင်သူ ၁၆ ဦးအား ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမြေသြဇာများကို ပေးအပ်ခဲ့ကြပြီး ပဲတီစိမ်းစိုက်ခင်းအတွင်း ရွက်ဖျန်းမြေသြဇာသွင်းအားစု ထည့်သွင်းခြင်းအား ကြည့်ရှုအားပေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

## မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ဒီဇင်ဘာလူထုအားကစားလ နောက်ဆုံးပတ် စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ



မော်လမြိုင် ဒီဇင်ဘာ ၃၁

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုလျက် မွန်ပြည်နယ်တွင် ပြည်သူအများ ပါဝင်သည့် ကိုယ်လက်လှုပ်ရှား အားကစားကို နေ့စဉ်ပုံမှန် လှုပ်ရှား ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်၍ ဒီဇင်ဘာ လူထုအားကစားလ နောက်ဆုံးပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့၌ ကျင်းပခဲ့သည်။

အဆိုပါ လမ်းလျှောက်ပွဲသို့ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုသားဖွားသင်တန်းကျောင်း၊ အားကစားနှင့် ကာယသိပ္ပံလေ့ကျင့်ရေးကျောင်း (မော်လမြိုင်)နှင့် အခြေခံပညာကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် အားကစားလိုက်စားသူ အများပြည်သူ အင်အား ၁၃၀၀ ကျော်တို့ စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။

လမ်းလျှောက်ပွဲကို မော်လမြိုင်မြို့ မောရဝတီ ပန်းခြံရှေ့တွင် စုရပ်ပြုလုပ်ပြီး ဇာတိလမ်းမကြီး တစ်လျှောက် စတင်ထွက်ခွာ၍ အထက်လမ်းမကြီးတစ်လျှောက်နှင့် သာသနာ့ဗိမာန်လမ်း တစ်လျှောက်မှ အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ပွဲကို တပျော်တပါး ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင် ပြည်သူများသည် မော်လမြိုင်မြို့ ကျောင်းသားအားကစားကွင်း၌ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပါဝင်ဆောင်ရွက်ခဲ့ကြကာ ပျော်ပွဲရွှင်ပွဲ အစီအစဉ်အနေဖြင့် အမှတ်တရဆုမဲများ ဖောက်ပေးခဲ့ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုလက်ဆောင်များ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ပန်းတနော်မြို့၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး သွင်းအားစုများ ပေးအပ်

ပန်းတနော် ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသွင်းအားစုများ ဖြစ်သည့် ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက အလယ်ပိုင်းရပ်ကွက် ပြည်လုံးချမ်းသာ သာသနာ့ဗိမာန်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးက အဖွင့်အမှာစကားပြောကြားပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းမြင့်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သောသွင်းအားစုပံ့ပိုးပစ္စည်းများကို တောင်သူများ လက်ဝယ်အရောက်ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက နှမ်းစပါးနှင့် ပဲတီစိမ်းစိုက်တောင်သူ ကိုယ်စားလှယ်များထံသို့ သွင်းအားစုပံ့ပိုး ပစ္စည်းများပေးအပ်ခဲ့ပြီး တက်ရောက်လာသောတောင်သူကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းမြင့်၊ ပန်းတနော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများတက်ရောက်ခဲ့ကြပြီး နှမ်းစပါးစိုက်ဧက ၅၀၀၀ နှင့် ပဲတီစိမ်းစိုက်ဧက ၃၀၀ တို့အတွက် သွင်းအားစုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ ဆက်)

## ဘားအံပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပ

ဘားအံ ဒီဇင်ဘာ ၃၁

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကြီးမားသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အနာဂတ်ခေါင်းဆောင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘားအံပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၃ နာရီက ဘားအံပညာရေးဒီဂရီကောလိပ်သီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘားအံပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘားအံခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ Moderator အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက ဆောင်ရွက်ပြီး မောင်ထက်ဝေအောင်က ကူညီပံ့ပိုးပေးကာ ဘားအံပညာရေးဒီဂရီကောလိပ် သင်တန်းသား သင်တန်းသူများဖြစ်ကြသော မောင်ပြည့်တိုးအောင်က လူငယ်နှင့်ပညာရေး၊ မခင်ယွန်းထက်က လူငယ်နှင့်အသက်မွေးဝမ်းကျောင်း၊ ခွန်ငွေရွှေမောင်က လူငယ်နှင့်အားကစား၊ မဖြိုးအိခိုင်က လူငယ်နှင့်အိုင်တီနည်းပညာ၊ မနုနုစန်းက လူငယ်နှင့်လူမှုဆက်ဆံရေး ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြရာ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော သင်တန်းသား သင်တန်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ ကရင်ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ ဘားအံပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်းအင်အား ၄၅၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



## ဂွမြို့နယ်၌ မြို့နယ်အဆင့် မြေပြင်စာရင်းကောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ဂွ ဒီဇင်ဘာ ၃၁

ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ မြို့နယ် အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ဂွမြို့ အခြေခံပညာ အထက်တန်းကျောင်းပညာရတနာ ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ကျော်က လူဦးရေ စာရင်းမှန်ကန်ရေး၊ အိမ်ထောင်စု လူဦးရေစာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်းသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ နောက်ဆုံးလုပ်ငန်းစဉ် ဖြစ်သည့်အတွက် အရေးကြီးလုပ်ငန်းအဖြစ် ခံယူပြီး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြို့နယ်လဝက ဦးစီးအရာရှိ ဦးခင်မောင်ရီက လူဦးရေစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးရန်အတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာများတွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီ (Working Group) ဖွဲ့စည်းထားပြီးဖြစ်ရာ အဖွဲ့၏လုပ်ဆောင်ရမည့် အချက်များကို ပြောကြားခဲ့ပြီး သင်တန်းသားများအနေဖြင့် သင်ကြားမှုအပေါ် အလေးထား သင်ယူကြရန် ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ကြီးကြပ်ရေးကော်မတီများ၊ ရပ်ကွက်/ကျေးရွာ ၃၉ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သွားနှင့်ခံတွင်း ဆေးပညာဟောပြောပွဲ ကျင်းပ

မန္တလေး ဒီဇင်ဘာ ၃၁

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)နှင့် ကိုရီးယားနိုင်ငံ ဆိုးလ်အမျိုးသားတက္ကသိုလ် (Seoul National University)တို့ ပူးပေါင်း၍ LUPIC (Leading University Project For International Cooperation) စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမအကြိမ် နိုင်ငံတကာ သွားနှင့်ခံတွင်းဆေးပညာဟောပြောပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ အွန်လိုင်းဖြင့် ကျင်းပခဲ့ပြီး ဆိုးလ်အမျိုးသားတက္ကသိုလ်မှ ပါမောက္ခခုနစ်ဦးတို့က သွားနှင့်ခံတွင်း ဆေးပညာရပ်များကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ ညီလာခံသို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ သင်ကြားရေးဆရာ ဆရာမများ၊ ကုသရေးဆေးရုံများမှ သွားနှင့်ခံတွင်းဆရာဝန်များ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းမှ အသင်းသား ဆရာဝန်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆိုးလ်အမျိုးသားတက္ကသိုလ်သည် ၂၀၂၂ ခုနှစ် ကမ္ဘာ့တက္ကသိုလ် အဆင့် သတ်မှတ်ချက်တွင် အဆင့် (၂၉) နေရာတွင် ရှိကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# နှစ်တစ်ရာ

## သိပ္ပံမောင်ဝ

> **မြို့နှင့် မနီးလှသောကြောင့် လူသံသူသံဟူ၍ မကြား၊ တိတ်ဆိတ်လျက်နေ၏။ ခပ်လှမ်းလှမ်းရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ ဝတ်တက်နေသောအသံကို တစ်ခါတစ်ခါသဲ့သဲ့ကလေးကြားရ၏။ လပြည့် အဖိတ်နေ့ညဖြစ်သောကြောင့် ပိုမိုကြည်နူးဖွယ်ကောင်း၏။ လေညင်းကလည်း သာသာတိုက်လျက်နေ၏။ ဗိုလ်တဲရှေ့တွင် စိုက်ထားသော တမာပင်တစ်ပင်ပေါ်တွင် ဒီးဒုတ်ငှက်မောင်နှံတို့ တစ်ပြန်စီ မြည်နေကြ၏။ တစ်ခါတစ်ခါ ရွာအတွင်းမှ ခွေးဟောင်သံတို့ကို ဝေးဝေးမှကြားရ၏။ ထိုခွေးဟောင်သံ၊ ဝတ်တက်သောအသံ၊ ဒီးဒုတ်ငှက်တို့၏ မြည်သံများအပြင် အခြားအသံများကို မကြားရ။ တိတ်ဆိတ်လျက်နေ**

ထိုနေ့ကား ၁၂၈၁ ခု တပေါင်းလဆန်း ၁၄ ရက်နေ့ ဖြစ်လေသည်။ ထိုအရပ်ကား တံတားဦး ဗိုလ်တဲဖြစ်၏။ အချိန်ကား ၇ နှစ်ချက်တီးခွဲခန့်အချိန် ဖြစ်လေသည်။

လပြည့်ခါနီးဖြစ်သောကြောင့် လမင်းတန်ခိုး အရောင်အဝါတို့သည် များစွာထွန်းလင်းလျက်နေ၏။ ဗိုလ်တဲ ပတ်ဝန်းကျင်တွင်စိုက်၍ထားသော တမာပင်၊ စိန်ပန်းပင်တို့မှာလည်း အရွက်နုလေးများ ထွက်နေခိုက်ဖြစ်သောကြောင့် များစွာအုပ်လျက်မရှိ။ လရောင်ကို ကာကွယ်ရန် မတတ်နိုင်။ ဗိုလ်တဲဝင်းအတွင်း ထင်းထင်းလင်းလင်း ရှိနေ၏။

မြို့နှင့် မနီးလှသောကြောင့် လူသံသူသံဟူ၍ မကြား၊ တိတ်ဆိတ်လျက်နေ၏။ ခပ်လှမ်းလှမ်းရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ ဝတ်တက်နေသောအသံကို တစ်ခါတစ်ခါ သဲ့သဲ့ကလေးကြားရ၏။ လပြည့် အဖိတ်နေ့ညဖြစ်သောကြောင့် ပိုမိုကြည်နူးဖွယ်ကောင်း၏။ လေညင်းကလည်း သာသာတိုက်လျက်နေ၏။ ဗိုလ်တဲရှေ့တွင် စိုက်ထားသော တမာပင်တစ်ပင်ပေါ်တွင် ဒီးဒုတ်ငှက်မောင်နှံတို့ တစ်ပြန်စီ မြည်နေကြ၏။ တစ်ခါတစ်ခါ ရွာအတွင်းမှ ခွေးဟောင်သံတို့ကို ဝေးဝေးမှ ကြားရ၏။ ထိုခွေးဟောင်သံ၊ ဝတ်တက်သောအသံ၊ ဒီးဒုတ်ငှက်တို့၏ မြည်သံများအပြင် အခြားအသံများကို မကြားရ။ တိတ်ဆိတ်လျက်နေလေသတည်း။

ဗိုလ်တဲရှေ့ ပေါ်တီကိုခေါ်ဝရန်တာကလေး (ဆယ်ပေပတ်လည်ခန့်ရှိ) တစ်ခုလုံးလည်း လမင်း၏ အရောင်ဖြင့် ထွန်းလင်းလျက်ရှိ၏။ ထိုဝရန်တာတွင် ခင်းထားအပ်သော ကုလားထိုင် နှစ်လုံးပေါ်တွင် ထိုင်နေကြသူ နှစ်ယောက်ကား နယ်ပိုင်ဝန်ထောက်မင်း ဦးတောနှင့် အလုပ်သင်ဝန်ထောက် မောင်လူအေးတို့ ဖြစ်လေသည်။

တိတ်ဆိတ်သော အခြင်းအရာ၊ သာယာအေးမြသော အလင်းရောင်၊ ဖြည်းညင်းစွာ တိုက်ခတ်နေသော လေပြည်တို့အတွက် ပေါ်လာရသော စိတ်ကြည်နူးခြင်း၏ အရသာကိုခံစားကာ စကားမပြောဘဲ ရှိနေကြသည်မှာ နာရီဝက်ခန့် ကြာလေ၏။ ၎င်းတို့နှစ်ဦးမှာ မည်သို့ စိတ်ကူးနေကြသည်ဟူ၍ မည်သူမျှ မပြောပြနိုင်။ သို့သော် စိတ်ကူးနေကြမည်ကား မုချပင်ဖြစ်လေသည်။

နယ်ပိုင်ဝန်ထောက်မင်းက အသက်အားဖြင့် (၄၅) နှစ်ခန့်ရှိ၍ သားခြောက်ယောက်အဖေ ဖြစ်လေသည်။ ကျောင်းသားအရွယ်တို့ကို မန္တလေးကျောင်း၌ ကျောင်းအိပ်ကျောင်းစားထား၏။ မယားမှာမူကား ကလေးငယ်သေးသဖြင့် မိဘများရှိရာ သထုံတွင် ခဏနေရစ်ရှာ၏။ မယားအား အလွန်ချစ်ခင်နှစ်သက်မြတ်နိုးသော ဝန်ထောက်တစ်ယောက် ဖြစ်လေသည်။ အခြားဝန်ထောက်တို့ကဲ့သို့ အပျော်အပါး လိုက်စားခြင်းမရှိ။ စိတ်ကို အေးအေးထားကာ ဘုရားတရားနှင့် နေသူဖြစ်လေသည်။ ထိုပျော်ပါးစရာကောင်းလှ၊ စိတ်ကြည်နူးဖွယ်ကောင်းလှသော ညဉ့်ဦးအချိန်တွင် မိမိ၏ ချစ်ခင်မြတ်နိုးလှစွာသော မယား၏ အကြောင်းကို စဉ်းစားနေသည်ဟူ၍ တွေးကြည့်လျှင် မှားလိမ့်မည် မဟုတ်ပေ။

ထိုဝန်ထောက် အနားတွင် ထိုင်နေသော အလုပ်သင် ဝန်ထောက် မောင်လူအေးမှာမူကား ဘိလပ်မှ ပြန်လာသည်မှာ သုံးလသာကြာသေး၏။ သားမယား မရှိ၊ လူပျိုဖြစ်လေ၏။ အသက်ကား အစိတ်မျှသာ ရှိသေး၏။ ထိုကြည်နူးဖွယ်ကောင်းလှသော ညချမ်းအချိန်တွင် ဘိလပ်တွင် ကျန်ရစ်ရှာသော ကိန္နရာကလေးများအကြောင်းကိုပင် တွေးတောနေသလော။ မြန်မာပြည် မိမိနေရပ်တွင် မိမိမှန်းထားသော အပျိုဖြူဖြူ အပျိုညိုညိုကလေးတို့အနက် မည်သူ့အား အသက်နှင်းရမည့် အကြောင်းကိုပင် တွေးတောနေပေသလောဟု မည်သူမျှ ပြောပြနိုင်မည် မဟုတ်ပေ။

ဤသို့ တိတ်ဆိတ်စွာ နှစ်ယောက်သား ထိုင်နေကြပြီးနောက် အတော်ကြာသောအခါကျမှ "ကျုပ် ညက အိပ်မက်လိုက်တာဗျာ" ဟု လွတ်ခနဲပြောလိုက်လေ၏။ ထိုအခါ အလုပ်သင်ဝန်ထောက်က "ဘယ်လို အိပ်မက်မျိုးပါလဲ ဝန်ထောက်မင်း" ဟု မေး၏။ ဤအမေးကို မဖြေဘဲ တွေဝေငေးမောကာ ဆိတ်ဆိတ်နေပြန်၏။ မေးလိုက်သောသူကလည်း အလိုက်သိစွာ တိတ်ဆိတ်၍ပင်နေရှာ၏။

ဤသို့ ဆိတ်ဆိတ်နေကြသည်မှာ ၁၅ မိနစ်ခန့် ကြာသွား၏။ အမျိုးမျိုးစဉ်းစားနေကြဟန်တူ၏။ ထို့နောက်မှ နယ်ပိုင်ဝန်ထောက်မင်းက ဆက်လက်၍ ပြောဆိုသည်ကား "ကျုပ် အဖြစ်အပျက်ကို ပြောရဦးတော့မယ်ဗျာ၊ စိတ်ထဲမှာ ရှိတာကို ပြောလိုက်ရမှ။ မပြောဘူးလို့ နေတာပဲ။ မပြောရင် အလကား ဆွေးနေတတ်တယ်။ ပြောလိုက်လို့ရရင် နည်းနည်းသက်သာသလိုရှိရဲ့။ ခင်ဗျားတို့လည်း ငယ်သေးလို့ ရှောင်တန်လဲ ရှောင်ရအောင်၊ မှတ်သင့်လဲမှတ်ရအောင် ပြောရမယ်"

အလုပ်သင်ဝန်ထောက်ကလည်း သိလိုကြားလိုသောဆန္ဒပြင်းစွာ ပေါ်ပေါက်လာပြီးလျှင် "ပြောသာ ပြောပါ ဝန်ထောက်မင်း၊ ကျွန်တော်တို့မှာ ငယ်သေးလို့ မမှားတန်ဘဲနဲ့ မှားတတ်ပါတယ်။ ဦးတို့လို တွေ့ဖူးကြုံဖူးတဲ့လူများက ပြောပြထားမယ်ဆိုရင် ကျွန်တော်တို့လည်း ဆင်ခြင်နိုင်ရောပေါ့" ဟု ဆိုကာ စိတ်အားထက်သန်စွာနှင့် နားထောင်နေလေ၏။

နယ်ပိုင်ဝန်ထောက်မင်းသည် အောက်ပါအတိုင်း ဖြည်းဖြည်း သက်သာအသံကို မှန်မှန်ထားကာ လျှောက်၍ ပြောသွားလေသတည်း။

"ကျုပ်ငယ်ငယ် ရှစ်တန်းမှာ စာသင်နေတုန်းက ကျုပ်တို့ သထုံမြို့ အိမ်နီးနားချင်း မသန်းဆိုတဲ့ မိန်းကလေး တစ်ယောက်နဲ့ ကြိုက်ကြတယ်ဗျ၊ တစ်ရပ်တည်းကြီးပြင်းလာကြလို့ ငယ်ငယ်ကလေးကပဲ ကစားဖက်ဖြစ်နေကြတယ် ဆိုပါတော့ဗျာ။ တစ်ယောက်အကြောင်းကိုလည်း တစ်ယောက်ကောင်းကောင်း သိကြတယ်ဗျ။ ကျုပ်တို့နဲ့ သူတို့နဲ့ ဆိုတာလည်း အခြေအနေမှာ ဘယ်သူကမှ မသာဘူး။ ရုပ်ရည်ကလေးကလည်းချော၊ သဘောကလည်းကောင်း၊ အိမ်ချင်းကလည်း နီးတော့ ငြိကြတယ်ဆိုပါတော့။

"ရည်းစားဖြစ်ပြီးတဲ့နောက် မကြာမကြာပဲ တွေ့ဆုံစကားပြောကြတယ်ဗျ။ ဟိုတုန်းအခါကတော့ နှစ်ယောက်စလုံး ငယ်ကလည်း ငယ်သေး၊ မိုက်ကလည်း မိုက်တုန်းဟာကိုး။ ပျော်လိုက်ကြတာ ဘယ်ပြောလို့ ကောင်းမလဲ။ မတွေ့ရရင်ကို မနေနိုင်ဘူးဗျ။ ကျောင်းက ပြန်ပြီဆိုမှဖြင့် အိမ်ကနေပြီး ကောင်းကောင်းချောင်းတာပဲဗျာ။ သူကလည်း ကျုပ်လို ဖြစ်နေတာပေါ့။ ဒါနဲ့ သူတို့လူကြီးများကလည်း သိကုန်ရော။ ကျုပ်တို့ လူကြီးများကလည်း သိကုန်ရော တစ်ရပ်လုံးလည်း သိကုန်ကြတာပေါ့ဗျာ။ ဒါမျိုးဆိုရင် တယ်သိချင်ကြတာကလားဗျာ။

"ဒါနဲ့ လူကြီးများက စာသင်ပျက်မှာစိုးတာနဲ့ မကြာမကြာ သတိပေးကြိမ်းမောင်းတယ်ဗျ။ သို့ပေမဲ့ သဘောတော့ တူပုံရရဲ့၊ ဂုဏ်ကလည်း တူတူ၊ ရုပ်ကလည်း ချောချော၊ ကျုပ်ကတော့ ခင်ဗျားမြင်တဲ့ အတိုင်း ရုပ်ဆိုးတာကလားဗျာ။ သူတို့ ဘာမှသဘောမတူစရာမရှိဘူး။ သူကလည်း ငွေတို့ကြေးတို့ဆိုတာ လိုချင်သလောက် ခိုးပေးတယ်ဗျ၊ ဟိုတစ်ခါတုန်းကတော့ လိုချင်သလောက်ဆိုပေမယ့် လေးငါးကျပ်ပေါ့ဗျာ။ လေးငါးကျပ်လောက်ရရင် သုံးလို့မှ မကုန်နိုင်ဘူးဗျ။ ခင်ဗျားတို့ လက်ထက်ကျမှသာ သိပ်ပိုက်ဆံကုန်တာ။

"ခုနစ်တန်းအောင်ပြီးတော့ မော်လမြိုင်ကျောင်းကို ပြောင်းရရော။ သို့ပေမယ့် မကြာမကြာ စာပေး၊ မကြာမကြာ အိမ်ပြန်၊ နီးကလည်း နီးတာကိုဗျ။ ဒါနဲ့ ကိုးတန်းကို ရောက်ပါရော။ ကံအားလျော်စွာပဲ ကိုးတန်းစာမေးပွဲ အောင်ပါရောဗျ။ အဲဒီအခါတုန်းကလည်း ဆယ်တန်း မရှိသေးဘူး။ အင်တရင်းလို့ ခေါ်တယ် ဘင်္ဂလားစာမေးပွဲလို့လည်း ခေါ်သဗျာ။

"ကိုးတန်းအောင်ပြီးတော့ လူကြီးများက ရန်ကုန်ကောလိပ်ကို ပို့ပါရော။ ဟိုတုန်းကတော့ အိုင်အေတို့ ဘာတို့ မရှိသေးဘူး၊ အက်ဖ်အေနဲ့၊ ဘီအေသာ ရှိတယ်။ အက်ဖ်အေ အောင်ပြီးတော့ ဘီအေကို ဆက်သင်ပြန်ရော။ ဟိုတုန်းကတော့ ကြိုးကလည်း ကြိုးစား၊ ဉာဏ်ကလည်း ကောင်းတုန်းဟာကိုး။ တစ်တန်းပြီးတစ်တန်း မပင်ပန်းဘဲ အောင်တာပဲ။

"ဘီအေကို အောင်သည့်တိုင်အောင် ခုနက ပြောတဲ့ မိန်းမနဲ့ ဆက်တုန်းပဲဗျ။ ဘီအေအောင်ပြီးတော့ မြို့အုပ်အလုပ်ကိုလျှောက်လိုက်တာ ချက်ချင်းပဲရတယ်။ ကျုပ်တို့ လက်ထက်တုန်းက အက်ဖ်အေများသာ ချက်ချင်းပဲရတယ်။ အက်ဖ်အေများသာ မြို့အုပ်စာမေးပွဲကို ဝင်ရတာ၊ ဘီအေဆိုရင် တိုက်ရိုက်မြို့အုပ်ဖြစ်တယ်ဗျ။ သိပ်မရှုပ်လှဘူး။

မြို့အုပ်ဖြစ်လျှင်ဖြစ်ချင်းပဲ ကိုယ့်မြို့ကို အလုပ်သင်ရသွားပါရော။ ကွမ်းသီးကြိုက် တောင်ငူပို့တာပေါ့ဗျာ။ သည်အခါတော့ အိမ်က လူကြီးများက ကျုပ်ရည်းစားနဲ့ သဘောမတူတော့ဘူး။ ရာထူးက အိုင်စီအက်စ်တို့၊ ဘီစီအက်စ်တို့ကလည်းမရှိ။ မြို့အုပ်ဆိုတာ တော်တော့လူမရနိုင်ဘူး။ အင်မတန် ရာထူးကြီးပေါ့ဗျာ။ ကိုယ်တိုင်ကလည်း သူဟာ ကျုပ်ထက် နိမ့်တယ်လို့ထင်တာပဲ။ ကျုပ်တစ်ယောက်တည်း မဟုတ်ဘူး၊ အများ သည်လိုချည်းပဲဗျ။ လောက လူဆိုတာမျိုးဟာ တစ်ကိုယ်ကောင်း ကြံတာချည်းပဲ မဟုတ်လား။

"မြို့အုပ်ဖြစ်ပြီးနောက် လူကြီးများက စုံစမ်းပြီးတော့ မိန်းမတစ်ယောက်နဲ့ ပေးစားပါရောဆိုပါတော့။ အဲဒီ မိန်းမတစ်ယောက်လည်း လှလှ၊ ပိုက်ဆံရှိရှိ ဂုဏ်ကကြီး၊ ကျုပ်ကလည်း သဘောကျ၊ သမီးဆိုလို့ပဲ တစ်ယောက်ထဲရှိဗျ။


"သည်မိန်းမနဲ့ ရတော့လည်း သိပ်ချစ်တာပဲဗျ၊ စိတ်ဆင်းရဲရတယ်လို့ မရှိဘူး။ ယောက်ျားဆိုတဲ့အမျိုးဟာ ရရာတွေ့ရာကို ချစ်ခင်တတ်တာမျိုးကလားဗျာ။ မိန်းမဆိုတာမျိုးကတော့ တစ်ယောက်ဆိုရင် တစ်ယောက် မြဲမြဲစွဲစွဲ ချစ်တတ်တယ်ဗျ။ ခင်ဗျား မယုံရင် သတိထားပြီး ကြည့်ပေတော့။ မယားငယ်တွေတောင် ယူကြသေးတာပဲ။ သည်နေရာမှာ ယောက်ျားတွေဟာ မိန်းမတွေထက် သဘောသေးနုပ်တယ်ဗျ။

"မယားရတော့လည်း ရည်းစားဟောင်းနဲ့ ဆက်နေသေးတာပဲဗျ။ နောက် သုံး၊ လေးလကြာတော့ သည်လိုလုပ်နေရင် မယားလည်း မကောင်း၊ ကျုပ်မှာလည်း မကောင်း၊ ရည်းစားမှာလည်း မကောင်း ဖြစ်မှာကို စိုးတာနဲ့ ဖြတ်လိုက်ရပါရော။ ဖြတ်လိုက်ပြီးတဲ့နောက်လည်း မကြာမကြာ သတိရတာပါပဲ၊ သို့ပေမဲ့ မယားကို မချစ်မနှစ်သက် မဖြစ်။ ချစ်ချစ်ခင်ခင်၊ နှစ်နှစ်သက်သက်နှင့်ပင် နေရတာပါပဲ။ မယားကလည်း ကျေကျေနပ်နပ်၊ ကျုပ်ကလည်း ကျေကျေနပ်နပ်။ အဆုံးမှာတော့ စိတ်အေးချမ်းစွာ နေထိုင်ကြတဲ့ လင်မယားပေါ့ဗျာ။

"ဒါနဲ့ သားတွေ သမီးတွေလည်း ရပါရော ရည်းစားဖြစ်တဲ့လူကတော့ ဘယ်လိုနေတယ်လို့ သတင်းလည်း မမေးတော့ဘူး။ သတိတော့ မကြာမကြာ ရပါရဲ့။ ကျုပ် မိန်းမယူပြီး ရှစ်နှစ်ကြာတော့မှ စာရေးတစ်ယောက်နဲ့ ယူတယ်လို့ ကြားရတယ်။ ကောင်းကောင်းမွန်မွန် ချမ်းချမ်းသာသာ ရှိပါစေတော့လို့ဖြင့် ဆုတောင်းပါရဲ့။

"အိမ်ထောင်ကျပြီးနောက် သားကလေးတစ်ယောက်ရတယ်လို့ ကြားရရဲ့။ သို့ပေမဲ့ တစ်ယောက်နဲ့တစ်ယောက် တွေ့လည်းမတွေ့ကြ၊ တွေ့ကြရန်လည်း အကြောင်းမရှိ။ ကျုပ်ကလည်း ကျုပ်အစိုးရအလုပ်နဲ့ ပြောင်းရွှေ့နေလိုက်ရတာ ကျုပ်မြို့ကိုလည်း မရောက်တော့ဘူး။ သူလည်း သားကလေးတစ်ယောက်ရပြီးတော့ အမှုမဲ့အမှတ်မဲ့နဲ့ ထင်ပါရဲ့။ ကျုပ်လည်း ကျုပ်သားမယားတွေနဲ့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပျော်ပျော်ပါးပါးနေတာပါပဲ။

စာမျက်နှာ ၂၆ သို့ ✳



ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၃၁ ရက် နံနက်က ကလောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးထွန်းဝင်း ဦးဆောင်၍ ကလောခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့မှ တပ်ဖွဲ့ဝင်များ၊ ကလောမြို့မရဲစခန်းနှင့် အောင်ပန်းနယ်မြေရဲစခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ တပ်ဖွဲ့ဝင် ၇၅ ဦးတို့က ရေယားကျေးရွာအနီးရှိ ပြုပြင်မွမ်းမံလျက်ရှိသော ဝိဇ္ဇာတောင်စေတီတော်မြတ် (ငြိမ်းချမ်းရေး) ဘုရားကြီးပရဝဏ်အတွင်းရှိ သစ်ပင်၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ပင်၊ အမှိုက်များအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ အေးခိုင်(ကလော)

## မြိတ်တက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မြိတ် ဒီဇင်ဘာ ၃၁

မြိတ်တက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ဘာသာရပ်ပေါင်းစုံ ဘောလုံးအားကစား ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက တက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြိတ်တက္ကသိုလ် အားကစားနှင့် ကာယပညာ ကော်မတီနာယက ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကားပြောကြားသည်။

**ဖွင့်လှစ်ပေး**

ပြိုင်ပွဲအား ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူး၊ မြိတ်လေတပ် စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် မောင်မောင်စိုးနှင့် မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဉာဏ်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုခဲ့ကြပြီး ပြိုင်ပွဲစတင်ကျင်းပရာ ညွန့်ပေါင်းအသင်းနှင့် ပထဝီဝင်အသင်းတို့စတင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲကို ဘာသာရပ်ပေါင်းစုံမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၁၆၀ ပါဝင်ယှဉ်ပြိုင်ကြ၍ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## သာစည်မြို့၌ ဌာနဆိုင်ရာပေါင်းစုံ (အမျိုးသား)ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

သာစည် ဒီဇင်ဘာ ၃၁

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ဌာနဆိုင်ရာပေါင်းစုံ (အမျိုးသား)ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်အားကစားပြိုင်ကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများ စတင်ယှဉ်ပြိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဌာနဆိုင်ရာပေါင်းစုံ(အမျိုးသား)ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့်အသင်းများကို မြို့နယ်မှကျင်းပမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

ကျောက်တံခါး ဒီဇင်ဘာ ၃၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထပ်ပိုးကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကွင်းမြောက်ရပ်ကွက် မြတ်လေးလမ်းမုခ်ဦးရှေ့တွင် ကျင်းပသည်။



အဆိုပါလမ်းဖွင့်ပွဲအခမ်းအနားတွင် လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများပေးအပ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးနေလင်းဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆန်းအောင်တို့က ထပ်ပိုးကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် တက်ရောက်လာသော ဧည့်သည်တော်များနှင့် လမ်းသူလမ်းသားများက လမ်းသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ထပ်ပိုးကတ္တရာလမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၇၅၀၀၀၀၀ ဖြင့် ရွှေတန့်တစ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အရှည် ပေ ၈၃၀၊ အကျယ် ၁၀ ပေ၊ ဒု ၃ လက်မ ရှိကြောင်းသိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကဝမြို့နယ် ကျေးရွာဒေသများတွင် သက်မွေးဝမ်းကျောင်းပညာများဖြင့် မိသားစုဝင်ငွေများရရှိရေး သင်တန်းများပို့ချ

ကဝ ဒီဇင်ဘာ ၃၁

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက အုန်းနဲ့စံပြကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်နေအိမ်၌ သက်မွေးဝမ်းကျောင်း သင်တန်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာဒေသခံတောင်သူများအားပို့ချသည့် သက်မွေးဝမ်းကျောင်းသင်တန်းတွင် ပညာရပ်ငါးမျိုးဖြစ်သည့် သဘာဝမြေဩဇာပြုလုပ်နည်း၊ EM ဘိုကာရှီပြုလုပ်နည်း၊ ငါးအမိုင်နိုပြုလုပ်နည်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စုပေါင်းစီမံခန့်ခွဲမှုသင်တန်း၊ ကောက်ရိုးမှိုနှင့် ဗေဒါမှိုစိုက်ပျိုးနည်းသင်တန်းတို့ကို တိုင်းဒေသကြီး တောင်သူလယ်သမား အဖွဲ့အစည်းဥက္ကဋ္ဌ ဒေါ်သူဇာခိုင်နှင့် တာဝန်ရှိသူများက လက်တွေ့သရုပ်ပြပို့ချပေးခြင်းနှင့် ဒေသအခြေအနေများအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

✳ စာမျက်နှာ ၂၅ မှ

စိတ်ညစ်ရတဲ့အချက် တစ်ချက်မှမရှိဘူး။ သူ့အကြောင်းကိုလည်း အမှုမဲ့ အမှတ်မဲ့နေတော့တာပဲ။

"အဲသည်လိုနဲ့ လာခဲ့ကြတာ သည်အသက် သည်အရွယ်တိုင်ရောက်လာတယ်ဆိုပါတော့။ ဒါနဲ့ အရင်အပတ်က စာတစ်စောင်ရောက်လာလို့ ဖွင့်ပြီးဖတ်လိုက်တော့ သူ့ဆီက စာဖြစ်နေတယ်ဗျ၊ သူ့ယောကျ်ားက ညှဉ်းဆဲလွန်းတဲ့ဗျ၊ နောက်ပြီးတော့လည်း သူ့ကိုပစ်သွားသတဲ့၊ အကူအညီ တောင်းရှာတယ်။

"သည်စာကို ရပြီးတော့ ကျုပ်တို့ငယ်စဉ်က အဖြစ်အပျက်တွေကိုသွားပြီး တရေးရေးနဲ့ မြင်နေရတော့တာပဲဗျာ၊ ဖျောက်လိုက်လို့လည်း မရဘူး။ ချစ်တာထက် သနားတာတွေက များနေတယ်။ ဘယ်လိုလုပ်ရမယ် မသိဘူး။ စာပြန်ရေးရမလား ငွေပဲ ထောက်ပံ့ရမလားလို့ မပြောတတ်ဘူး။ သည်လို လုပ်ပြန်ရင်လည်း မယားကို သစ္စာမတည်ရာကျနေမယ်။ မယားသိမှဖြင့်လည်း ဘယ်ကောင်းမလဲဗျ။ သားသမီးတွေကလည်း လူပျိုပေါက် အပျိုပေါက်ကလေးတွေ ဖြစ်ကုန်ပြီ။ ဘယ်လိုလုပ်ရမယ် မသိဘူး။ ဒါကြောင့် သိပ်ပြီးစဉ်းစားနေတာပဲဗျာ"

ဤသို့ဆိုပြီးနောက်စကားကိုအဆုံးသတ်ကာ ဆိတ်ဆိတ်နေလေ၏။ နားထောင်နေသူ အလုပ်သင် ဝန်ထောက်လည်း တိတ်တိတ်နေကာ စဉ်းစားပြီးနောက် အတော်ကြာမှ အောက်ပါအတိုင်း ပြောဆိုလေ၏။

"သည်အချက်မျိုးမှာ အတော်စဉ်းစားရခက်တာကလား ဝန်ထောက်မင်း၊ ကျွန်တော်တို့လို မကြုံဖူး၊ မတွေ့ဖူးတဲ့ လူငယ်များကတော့ သာ၍ပင် အကြံပေးဖို့ ခက်သေးတယ်။ သို့ပေမဲ့ ကျွန်တော်ကြားဖူး၊ ဖတ်ဖူးသလောက် ပြောရမှာဖြင့် သည်လိုအချက်မျိုးဟာ ပြန်မဆက်တာ ကောင်းပါတယ်။ ပြန်မဆက်ပြန်ဘူး ဆိုရင်လည်း အင်မတန်ရိုင်းပြီး မကြင်နာတတ်တဲ့ လူမျိုးဖြစ်နေမယ်။ ကြင်နာလို့ ဆက်ပြန်ရင်လည်း ကိုယ့်မယားအပေါ်မှာ မတည်ကြည်ရာကျနေမယ်။ မယားချည်း မဟုတ်ဘူး။ သားသမီးတွေကလည်း ရှိနေသေးတယ်"

"ပထမတော့ ငွေထောက်ပံ့ခြင်း၊ စာပေးခြင်းတို့ကို ပြုလုပ်မယ်။ နောက် တော်တော်ကြာတော့ စာရေး၊ ငွေပေးတာနဲ့ တင်းတိမ်မှာ မဟုတ်ဘူး ဝန်ထောက်မင်း၊ လူချင်း တွေ့ဆုံဦးမယ်၊ နှစ်ယောက်စလုံးရဲ့ စိတ်ထဲမှာ ငါတို့ကွဲသွားကြပြီးတဲ့ နောက် သူဘယ်လိုပုံပန်း ရှိပါလိမ့်မလဲလို့ တွေးတောမယ်"

"တွေ့ချင်တဲ့စိတ် ပေါ်ပြီးနောက် တွေ့ဆုံရအောင် ကြံစည်ကြတော့မယ်။ တွေ့ဆုံရအောင်ကြံစည်ရင်း တွေ့ဆုံမယ်၊ တွေ့ဆုံကြပလားဆိုမှဖြင့် ရှေးနှောင်းဖြစ်တွေကို ပြောပြပြီးတော့ ငိုတဲ့လူက ငိုမယ်၊ ချော့တဲ့လူက ချော့မယ်။ သည်အခါကျတော့ မှားချင်မှားကုန်ကြလိမ့်မယ်။ မှားကြပြန်ရင် အမျိုးမျိုးကြံစည်ကြတော့မယ်။ သည်အခါမှာတော့ သားတွေ၊ မယားတွေနဲ့ ဆန့်ကျင်ဘက်ကြီးတွေ ဖြစ်ကြတော့မယ်။ ဆွေမျိုးအပေါင်းတို့လည်း မနေရ၊ ကိုယ်တိုင်လည်း စိတ်အေးအေး မနေရ၊ အလုပ်အကိုင်မှာလည်း ပျက်ကွက်နဲ့ စိတ်ဆင်းရဲဖို့ အကွက်တွေ ပေါ်လာဖို့ အကြောင်းရှိတယ်။ ဒါကြောင့်မို့ မီးကို ကစားပြီဆိုမှဖြင့် မလောင်ရင်ကောင်းပါရဲ့၊ လောင်မှဖြင့် အလွန်ပူစရာကြီးပဲ ဝန်ထောက်မင်း၊ သို့ပေမဲ့ မိမိစိတ်ကို ချုပ်နိုင်ရင်တော့ ကောင်းပါရဲ့၊ ကျွန်တော်လည်း ထင်တာပြောတာပါပဲ။ ဟုတ်၊ မဟုတ်ဆိုတာကိုတော့ ကျွန်တော်လည်း မကြုံဖူးလို့ မပြောနိုင်ပါဘူး"

ဤသို့ဆိုကာ စကားစပြတ်သွားလေ၏။ နှစ်ယောက်သား စဉ်းစားကာနေကြ၏။ လလည်း သာမြဲတိုင်းသာနေ၏။ အနီးအနား သစ်ပင်များတွင် မြည်နေကြသော ငှက်သံများလည်း ဆိတ်၍သွား၏။ လေညင်းရပ်နေ၏။ နှင်းများကျသဖြင့် ကုလားထိုင်မှာ စို၍နေ၏။ အတန်ကြာလျှင် အနီးအနား ဂါတ်ဝိုင်းမှ (၁၂)နာရီ ထိုးသံ ကြားသည်နှင့် နှစ်ယောက်သား အသီးသီးဝင်အိပ်ကြလေသတည်း။

(ငယ်ကအချစ်အနှစ်တစ်ရာ မမေ့သာ)

၁၉၃၁ ခုနှစ်၊ အောက်တိုဘာလ၊ ဂန္ဓလောက





## အမည်ပြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ မြို့နယ်၊ ငြိမ်းကိုယ်ပိုင် အထက်တန်းကျောင်း ဒသမတန်းမှ (အဖ) ဦးစောသွင်၏သား မောင်ပိုင်သုခကျော် [၁၂/ဥကမ(နိုင်)၂၅၂၆၅၂]အား ယနေ့မှစ၍ မောင်ပိုင်သုခ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ပိုင်သုခ**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ဦးငွေစိုး (ဘ)ဦးလှအောင် [၁၂/ရကန(နိုင်) ၀၅၂၄၃၇]သည် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ အမှတ်(၂၅/၉)နေ ဦးသက်တင်ဝင်း(ဘ)ဦးကျော်ဝင်း [၅/စကန(နိုင်) ၀၁၈၆၇၇]အား ရန်ကုန်မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ (၂၄-၄-၂၀၁၇)ရက်နေ့တွင် မှတ်ပုံတင်အမှတ်-၃၈၈၉/ ၂၀၁၇ ဖြင့် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးငွေစိုး(ဘ)ဦးလှအောင်**
**[၁၂/ရကန(နိုင်) ၀၅၂၄၃၇]**
**အမှတ်-၁၈၄၊ ရွှေသရဖီလမ်း၊ (၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ပတ်စ်ပို့ပျောက်

ကျွန်မ မထက်ထက်ခိုင် [၁၄/ရသယ(နိုင်)၀၀၂၁၄၉]၏ ပတ်စ်ပို့နံပါတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–790922988**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ်(၁၀၀၇/၁/၂)၊ အကျယ်အဝန်း(အလျား၂၀ပေxအနံ၆၀ပေ)ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ်ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ဝဇီယာ(၇)လမ်း၊ အမှတ်(၁၀၀၇/၁/၂)ဟုခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့မှာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးသိန်းမြင့်(N/OKA-၀၄၆၅၄၃) အမည်ဖြင့် အမည်ပေါက်ထားပြီး၊ အမည်ပေါက်ထံမှ တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ဌေးနိုင်[၁၁/ပဏက(နိုင်)၀၄၆၈၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြလှဝင်း(L.L.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၀၉၅၁)**
**အမှတ်–၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃**


# ဖျာပုံမြို့၌ ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်

ဖျာပုံ ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများပါဝင်သောအဖွဲ့က ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းကို ယနေ့နံနက် ၅ နာရီက ဖျာပုံမြို့ အမှတ်(၁၂)ရပ်ကွက် အထက(၁)ကျောင်းရှေ့ မှ (၅)လမ်း၊ မဟာဗန္ဓုလလမ်းမှ ခရိုင်အားကစားကွင်းအတွင်း လှည့်လည်လမ်းလျှောက်၍ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ ၂၀၇


## တိုက်ခန်းရောင်းမည်/ ငှားမည်

မရမ်းကုန်းမြို့နယ်၊ ဗဟိုလမ်းမ၊ မုဒိတာကွန်ဒို (၁)၊ (22'x40') 4th Floor, 1MBR, 2 BR,AC, WH, Fully Furnished, Lift **ဈေးနှုန်း– (ညှိနှိုင်း)**

**Ph–09–780123850**

## သွေးသည် အသက်

## မိဘမေတ္တာ

ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊မြောက်ပိုင်း၊ ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။

**09 422 848 224**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ ရတနာထိပ်ခေါင်လမ်း၊ မြေကွက်အမှတ်(၉၀၃/က)၊ (အလျား ၂၀ပေx အနံ၆၀ပေ)အကျယ်ရှိ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဗိုလ်ကြီးဉာဏ်ထွတ် (K/RGN–036574)အမည်ဖြင့် ချထားပေးသော ပါမစ်မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်ပျဉ်အိမ် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးတင်မော်[၁၂/သဃက(နိုင်)၀၇၇၀၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်မာမင်း**
**(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၆၅၁)**
**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း –၀၉–၄၂၀၀၃၁၃၅၂၊ ၀၉–၅၀၂၇၃၂၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၃)လမ်း၊ တိုက်အမှတ်(၂၆၅)၊ (၂)ခန်းတွဲ RC(၆)ထပ်တိုက်၏ ပဥ္စမထပ်(ဖလွှာ)/B (တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်ခြမ်း)အခန်း၊ ဧရိယာ(၅၄၀.၅)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်မေပွင့်ဦးမောင်[၇/ပခန(နိုင်) ၂၄၈၂၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ကုံ့ကော်ဦး[၁၂/လကန(နိုင်) ၂၃၅၁၀၂]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကုံ့ကော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L, D.I.L, D.I.P.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:–09–765602290**




## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၅၃၂စီ ခ မြေကွက်အမှတ်-၄/၁၂၅လူနေရပ်ကွက်အမှတ် ကာယ-၂၅၃၊ အကျယ်အဝန်း(၁၀၀x၁၂၅)ပေ၊ဧရိယာ-၀. ၃၀၂ ဧကရှိ ဒေါ်ဝင်းဝင်းကြည် အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်အမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုတရားဝင်လက်ဝယ် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းကြည် (၁၂/စခန(နိုင်)၀၄၄၇၁၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရံငွေအချို့ကို ပေးချေခဲ့ပြီးဖြစ်၍ အထက်ဖော်ပြပါမြေကွက်နှင့် ပက်သက်၍ပိုင်ရေးဆိုင်ခွင့် ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကောင်းသက်ကြိုင် (LL.B, DBL)** (စဉ်–၄၈၁၅၈) **ဒေါ်သိမ့်သိမ့်စိုးလွင် (LL.B)** (စဉ်–၄၈၁၄၅)

**အထက်တန်းရှေ့နေများ**
အမှတ်-၁၄၂/၁၄၄၊ ဒုတိယထပ်၊ လမ်း-၄၀(အောက်)၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၂၅၄၁၆၆၁၅၃


❂ ပေါ်တူဂီမှ

အိုးထရက်ဖို့ဒ်ကနေထွက်ခွာခဲ့ပြီး အလွတ်ပြောင်းရွှေ့ကြေးနဲ့ အယ်လ်နာဆား အသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် စီရိုနယ်လ်ဒိုဟာ အယ်လ်နာဆားအသင်းမှာ တစ်နှစ်လုပ်ခလစာ ပေါင် ၁၇၇ သန်းရရှိမှာဖြစ်တာကြောင့် ဘောလုံးသမိုင်းကြောင်းတစ်လျှောက် အမြင့်ဆုံးလုပ်ခလစာလည်း ဖြစ်ပါတယ်။ အသက် ၃၇ နှစ်အရွယ်ရှိ စီရိုနယ်လ်ဒိုဟာ မတူညီတဲ့ နိုင်ငံတစ်နိုင်ငံမှ ဘောလုံးလိဂ်ပြိုင်ပွဲတစ်ခုမှာ အတွေ့အကြုံတွေရယူဖို့ စိတ်အားထက်သန်နေတယ်လို့လည်း ပြောကြားခဲ့ပါတယ်။

အယ်လ်နာဆားအသင်းဟာ ဆော်ဒီပရီလီဂ်ပြိုင်ပွဲမှာ ချန်ပီယံ ကိုးကြိမ်အထိ ရယူထားနိုင်ခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက အခြားသော ဆော်ဒီအာရေဗျကလပ် အယ်လ်ဟီလာအသင်းက တစ်နှစ်လုပ်ခလစာပေါင် ၃၀၅ သန်းနဲ့ ခေါ်ယူခဲ့ပေမယ့် မန်ယူအသင်းမှာ ပျော်ရွှင်မှုရရှိနေတာကြောင့် အပြောင်းအရွှေ့ကိစ္စပျက်ခဲ့ရတာ ဖြစ်ပါတယ်။

ငွေကြယ်

# လားရှိုးမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၌ ယနေ့နံနက် ၇ နာရီတွင် လားရှိုးမြို့ ဟူးမွန်ကျေးရွာအုပ်စု ခေးခမ်းကျေးရွာရှိ ငြိမ်းချမ်းကမ္ဘာအောင်ဇေယျာ စေတီတော်မြတ်ကြီး ကျောင်းဝင်းအတွင်း၌ လားရှိုးမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ခင်မောင်လင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ကျေးရွာနေပြည်သူများဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ သန့်ရှင်းရေးပြုလုပ်နေမှုများအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ပြည်နယ်အစိုးရအဖွဲ့(ရှမ်း/မြောက်)ဥက္ကဋ္ဌ ဦးမျိုးကျော်၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး(လားရှိုး)ရဲမှူးကြီး အောင်မြင့်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး(လားရှိုး) ဒုတိယရဲမှူးကြီး ဝေဠုသတိုးတို့က ကြည့်ရှုအားပေးခဲ့ကာ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးခဲ့ကြောင်း သိရသည်။ ရဲပြန်ကြား

# နှစ်သစ်ရဲ့ နာမည်ကျော်စုံတွဲသစ် လီဂျောင်ဆပ်နဲ့ အိုင်ယူ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ လီဂျောင်ဆပ်နဲ့ တေးသံရှင်တစ်ဦးမှသည် သရုပ်ဆောင်တစ်ဦးအဖြစ် အောင်မြင်နေတဲ့ အိုင်ယူတို့ နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပြီးနောက် လတ်တလောမှာ အေဂျင်စီတွေဘက်က အတည်ပြုခဲ့တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အိုင်ယူနဲ့ လီဂျောင်ဆပ်တို့ချစ်သူတွေဖြစ်နေကြောင်း ဒေသတွင်းမီဒီယာတစ်ခုက ဖော်ပြခဲ့ပြီးနောက် သူတို့ရဲ့ အေဂျင်စီတွေဘက်က ဒီဇင်ဘာ ၃၁ ရက်မှာ အတည်ပြုခဲ့ပါတယ်။ လီဂျောင်ဆပ်နဲ့ အိုင်ယူတို့ဟာ ယခုနှစ် ခရစ္စမတ်ကိုလည်း ဂျပန်မှာ အတူကုန်ဆုံးခဲ့တာ ဖြစ်ပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ လီဂျောင်ဆပ်နဲ့ အိုင်ယူတို့ဟာ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတွေအဖြစ် အချိန်အတော်ကြာ ရင်းနှီးခဲ့ပြီးနောက် ချစ်သူတွေအဖြစ် လက်တွဲခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ **အေးပြည့်**


## ဦးမူဟာမတ်အီလီယစ်နှင့် အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ လူနေရပ်ကွက်အမှတ်(၈)၊ နဝရတ်(၁၀)လမ်း၊ မြေကွက်အမှတ်(၄၈/က)၊ မြေအကျယ်အဝန်း (အလျား ၂၀ပေx ၆၀ပေ)ရှိအိမ်နှင့်မြေသည် ဒေါ်မြင့်(ဘ)ဦးလှဖေ (AD–033096)[၁၂/သကတ(နိုင်)၀၅၂၂၄၃] အမည်ပေါက် ပိုင်ဆိုင်ပြီး ဒေါ်မြင့်သည် (၁-၅-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ဒေါ်မြင့် မကွယ်လွန်မီက အမှတ်(၂၇)၊ ၃-လွှာ အေ၊ (၁၅၆)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဦးမူဟာမတ်အီလီယစ်(ဘ) ဦးဆွေယာဒူလာ (AI–150533)အား ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် (၆-၂-၂၀၁၄)ရက်နေ့၌ စာချုပ်အမှတ်(၃၇၅၈/၂၀၁၄) ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ပေးခဲ့ပါသည်။ လွှဲအပ်ပေးသူ ဒေါ်မြင့်ကွယ်လွန်သွားပြီးဖြစ်သဖြင့် အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား အသုံးပြု၍ မည်သည့်ကိစ္စတစ်စုံတစ်ရာကိုမျှ ဆောင်ရွက်ခွင့်မရှိတော့ပါကြောင်း ဦးမူဟာမတ်အီလီယစ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်၏သမီးကြီး ဒေါ်စန်းစန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ငြိမ်းအောင်**
**LL.B., LL.M (International Law), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၉)**
**အမှတ်(၆၈၁)၊ ဝေဇယန္တာအနောက်(၁၅)လမ်း၊ ၆/ အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း–၀၉–၄၂၀၀၇၇၃၁၅**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်စိန်(ခ) ဘကြီးကောက်
## အသက်(၉၁)နှစ်

ပြင်ဦးလွင်မြို့နေ (ဦးဟုတ်စံ–ဒေါ်တုတ်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်မြမြတင်(ခ) Daisy၏ ခင်ပွန်း၊ မူဆယ်မြို့နေ ဦးကျော်စိန်–ဒေါ်ငြိမ်း တို့၏အစ်ကို၊ ဒေါ်ချို(ခ) ဒေါ်ပြုံး (ဦးတင်မောင်ဦး)–ဒေါ်ခင်ကျော့ကျော့လှိုင်၊ ဦးဝင်းမောင်မြင့်–ဒေါ်ခင်လဲ့လဲ့ခိုင်၊ (ဦးကျော်ကျော်မြင့်)–ဒေါ်ခင်အေးအေးမြိုင်၊ မောင်တင်ထွန်းအောင်–မဝင်းရတနာဌေးတို့၏ မွေးသဖခင်၊ မောင်ရှိန်းခန့်ဦး၊ မောင်အောင်မင်းခန့်–မရည်မွန်ဦး၊ မောင်ဟိန်းသန့်ထူး၊ မောင်ကောင်းရဲလင်းတို့၏ အဘိုး မောင်ထူးခန့်လင်း၏ အဘေး ဦးအောင်စိန်(ခ) ဘကြီးကောက်သည် ၃၀–၁၂–၂၀၂၂ (သောကြာနေ့) ည ၁၁:၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁–၁–၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာ အသိပေးအပ်ပါသည်။ [အမှတ် (၃၅)၊ ချယ်ရီ(၁)လမ်း၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီ တွင် ထွက်ပါမည်။]

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်
## ဦးပန်းဖြူလမ်း၊ တောင်ငူမြို့
## အသက်(၈၉)နှစ်

တောင်ငူမြို့၊ ခေမာလမ်းနေ (ဦးဘွဲ့နာ–ဒေါ်ကျင်)၊ (ဦးအုန်း–ဒေါ်ထွေး)တို့၏ သမီး၊ တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ (ဦးကြည်ဟုတ်–ဒေါ်စိန်ခဲ)တို့၏သမီးချွေးမ၊ ဦးပန်းဖြူလမ်းနေ ကျောင်းအုပ်ဆရာကြီး (ဦးလှမြင့်)၏ ချစ်လှစွာသောဇနီး၊ ဦးသောင်းလွင်၊ ဒေါ်နှင်းနှင်းလွင်၊ ဦးမျိုးမင်း–ဒေါ်ခင်ဝင်းကြည်၊ ဦးမင်းကြည်–ဒေါ်ခိုင်ခိုင်စိုး၊ ဦးကျော်လင်း (အမှုဆောင်ဒုတိယဥက္ကဋ္ဌ၊ CB Bank)–ဒေါ်ခိုင်ရွှေဝါ တို့၏ချစ်လှစွာသော မွေးသမိခင်ကြီး၊ ကိုငြိမ်းကြည်နိုင်၊ ကိုသက်ပိုင်ဖြိုး၊ ကိုစီစဉ်ကျော်လင်း၊ ကိုအခရာကျော်လင်းတို့၏ချစ်လှစွာသော ဘွားဘွားကြီး၊ ဦးဉာဏ်လင်း–ဒေါ်ခင်ထွေး၊ (ဦးသိန်းဟန်)တို့၏အဒေါ်၊ ဒေါက်တာအောင်ကိုမွန်၊ ကိုထက်လင်းနိုင်–မယမင်းသူ၊ မမေသက်မွန်တို့၏အဘွားလေး၊ (ဒေါ်ခင်ခင်) အသက်(၈၉)နှစ်သည် ၃၁–၁၂–၂၀၂၂ (စနေနေ့) နံနက် ၇ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂–၁–၂၀၂၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီ တွင် တောင်ငူမြို့ အနောက်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား ဝမ်းနည်းစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ လော်ကားလမ်း၊ မြေကွက်အမှတ် (၃၈၁)၊ (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်သည် မြို့မြေစာရင်း၌ ဦးစိုးမောင်မောင်နိုင် [၁၂/ဥကတ(နိုင်) ၁၃၀၀၀၃]** အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းမှတရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ **(၇)ရက်**အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက် အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဟေမာန်စိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၈၁)**

**တိုက်(A–2)၊ အခန်း (၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ ၄၈ U10ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၂၅၀၀၀၉၃၉၄၊ ၀၉–၂၅၀၂၀၁၂၅**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ အောင်ဇေယျလမ်း၊ မြေကွက်အမှတ် (၁၀၀၆)၊ (အလျား၄၀'x အနံ၆၀') အကျယ်အဝန်းရှိ ဦးခင်စန်း(HZA–၁၇၁၄၆၃)** အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမွေဆက်ခံပိုင်ခွင့်ရှိသူဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဇနီးဖြစ်သူ **ဒေါ်ခင်စန်းရီ[၁၂/သကတ(နိုင်)၀၅၁၀၉၄]**မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ **(၇)ရက်**အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဟေမာန်စိုး(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၅၈၁)**

**တိုက်(A–2)၊ အခန်း(၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ ၄၈ U 10 ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၂၅၀၀၀၉၃၉၄၊ ၀၉–၂၅၀၂၀၁၂၅**




## ဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးရွှေ
## မြို့နယ်ဥပဒေအရာရှိ(ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ
## အသက်(၇၃)နှစ်

မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း၊ အသင်းဝင် ဦးမျိုးရွှေ၊ မြို့နယ်ဥပဒေအရာရှိ(ငြိမ်း)သည် ၂၈–၁၂ ၂၀၂၂ရက် နံနက် ၃:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း**

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ အောင်မင်္ဂလာလမ်း၊ မြေကွက်အမှတ်(၁၀၅၄)ဟု ခေါ်တွင်သော အကျယ်အဝန်း အလျားxအနံ(၄၀x၆၀)ပေ ဧရိယာ(၂၄၀၀)စတုရန်းပေ ဒေါ်မြအေး (YDN–016791) အမည်ပေါက် ပါမစ်မူရင်း မြေကွက်အနက်မှ ခေါင်းရင်းခြမ်း (မြေကွက်အမှတ်–၁၀၅၃နှင့် ကပ်လျက်) အလျားxအနံ (၂၀x၆၀)ပေ၊ ဧရိယာ(၁၂၀၀) စတုရန်းပေ ပါမစ်မူရင်းမြေကွက်နှင့် (အဝီစိတွင်းရေ) အပါအဝင် မြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်လှလှရီ [၁၂/ပဘတ (နိုင်)၀၁၆၃၅၇]က လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးချစ်ဆွေ [၁၂/ဥကမ(နိုင်)၁၃၉၄၉၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၈–၁–၂၀၂၃)ရက်နေ့နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဝင့်ဝင့်ထွန်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၀၆၉)**

**အမှတ်(၁၈၉)၊ အောင်ကျက်သရေလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၉–၂၆၁၁၀၁၁၃၄**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သံသုမာလမ်း၊ မြေကွက်အမှတ်(၂၃၈/B)၊ ပေ(၄၀ x ၆၀)၊ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် မြေရှင်နှင့် ကန်ထရိုက် နှစ်ဦးသဘောတူကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ထားသော (၂)ခန်း တွဲ (၈ ၁/၂)ထပ် (ဓာတ်လှေကားပါ) မီနီကွန်ဒိုတိုက်၏ ကန်ထရိုက်ဘက်အခြမ်း မီနီကွန်ဒိုတိုက်ခန်းများအနက်မှ ကန်ထရိုက်တာ ဦးကျင်အောင်[၁၂/လသန(ဧည့်) ၀၀၀၉၇၇] တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည့် ပထမထပ် ပေ(၁၇x ၅၄) တိုက်မျက်နှာမူလျှင် (ညာဘက်)အခြမ်းနှင့် မြေညီထပ် ပေ(၁၇ x၅၀) တိုက်မျက်နှာမူလျှင် (ညာဘက်)အခြမ်းတို့ကို ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန် အတွက် (၃၀–၁၂–၂၀၂၂) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်နှင့် ကန်ထရိုက်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်မူရင်းများကို ကိုင်ဆောင်၍ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် မီနီကွန်ဒိုတိုက်ခန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သန်းမြင့်(LL.B, WIPO, Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၇၇၄)**

**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၉၆၇၆၈၃၂၀၄၊ ၀၉–၄၅၀၂၇၉၄၆၈**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ ရာဇသင်္ကြန်(၁)လမ်း၊ အမှတ်(၃၈/က) ပထမထပ်တိုက်ခန်း၊ အလျားx အနံ ပေ(၁၈x၅၄) အကျယ်အဝန်းရှိသည့် ကိုယ်ပိုင်မီတာဖြင့် ရေ၊ မီး အစုံပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူ ဦးထွန်းလင်းအောင် [၁၂/ဥကတ(နိုင်)၁၃၂၃၉၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်မြင့်ရွှေ (B.Sc, H.G.P, D.L, D.B.L, D.I.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၆၅)**

**အမှတ်(၁၁၁) (မြေညီထပ်)၊ ၃၉–လမ်း၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၅၄၈၄၉**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ)၊ မြေကွက်အမှတ်(၁၈၆ ၁/၂)၊ အကျယ်အဝန်း(ပေ ၄၀ x ပေ၆၀) အကျယ်ရှိ ဦးကျော်အောင်၊ ဦးထွန်းမြိုင်၊ ဦးသန်းထွန်းဝင်း အမည်ပေါက်သည့် နှစ်(၆၀) မြေငှားဂရန်မြေကွက်ထဲမှ (၁၃'x ၆၀')အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းသော် [၁၂/ဥကမ(နိုင်)၁၃၉၉၃၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အိအိအောင်(LL.B) (W.I.P.O)**

**အထက်တန်းရှေ့နေ(စဉ်–၅၄၂၈၂)**

**အမှတ်–၉၄၊ ပါရမီလမ်းမကြီး၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၄၂၃၄၃၈**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### သဃ်ၤန်းကျွန်းခရိုင်တရားရုံး
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်–၁၀၅၃

| | | |
|---|---|---|
| ဒေါ်ခင်ခင်အေး | နှင့် | ၁။ ဦးအောင်ဘွင့် |
| | | ၂။ ဦးတင်မြင့် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ(၁)လမ်း၊ အမှတ်–၃၇/ခ နေ(ယခုနေရပ်လိပ်စာမသိ)သူ (၂)တရားပြိုင် ဦးတင်မြင့် သိစေရမည်။

သင့်အပေါ်၌ တရားလိုက “ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၁၂ အရ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်၊ (၁၃၈၄ခုနှစ်၊ ပြာသိုလဆုတ် ၆ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃၀)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**

**ခရိုင်တရားသူကြီး**

**သဃ်ၤန်းကျွန်းခရိုင်တရားရုံး**

### သက်ဆိုင်သူများကန့်ကွက်နိုင်ရန်
### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ နွယ်နီ(၁၅)လမ်း၊ မြေကွက်အမှတ်(၈၁၄)ဟုခေါ်တွင်သော ဦးတင်အေး အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း(အလျား ၄၀ ပေ x အနံ ၆၀ ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ (အလယ်ခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇေယျာမင်း[၁၂/လမတ(နိုင်)၀၂၅၃၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသွယ်ဇင် [၁၂/ဥကမ(နိုင်)၁၈၉၃၃၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၃၁–၁၂–၂၀၂၂)ရက်နေ့တွင် ပေးချေထားပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သက်ဝေအောင်(LL.B)**

**အထက်တန်းရှေ့နေ(စဉ်–၅၀၀၁၆)**

**Ph:09 773562082, 09–780041939**

### ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခု/အနောက်ရပ်ကွက်၊ စလင်းလမ်း၊ မြေကွက်အမှတ်(၂၆/ဘီ)၏ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အမျိုးအစား၏ မြေညီထပ်၊ (ခြေရင်း)ဘက်ခြမ်း၊ အကျယ်အဝန်း ပေ(၁၂x၅၀)ရှိ လူနေတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးပြည့်စိုးအောင်[၁၂/သဃက(နိုင်)၀၆၁၃၇၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**REALITY KING LAW FIRM**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L,D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၅၇၇၅၁၂၄၁**

### မပိုင်စုလှိုင်(ခ)ရိုမာနဟ်ဘီနှင့် အများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)အနော်မာရပ်ကွက်၊ အနော်မာ(၁၃) လမ်း၊ အမှတ်(၅၆၃)နေ ကိုစိုးထက်အောင်(ခ)မော်လဝီရဟ်မသွလ္လာဟ်[၁၄/ ဝခမ(နိုင်) ၃၁၁၅၀၀]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ကိုစိုးထက်အောင်(ခ)မော်လဝီရဟ်မသွလ္လာဟ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ အင်ကြင်းမြိုင်ကျေးရွာနေ မပိုင်စုလှိုင် (ခ)ရိုမာနဟ်ဘီ[၁/မကတ(နိုင်)၁၃၇၇၃၉]တို့သည် (၄–၅–၂၀၂၁)ရက်နေ့တွင် အစ္စလာမ့်တရားတော်နှင့်အညီ နေကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ပြီး အတူတကွ ပေါင်းသင်းနေထိုင်နေစဉ် ဇနီး၏မိခင်ဖြစ်သူ ဒေါ်နွဲ့နွဲ့မူ၏တိုက်တွန်းမှုအရ (၂–၁–၂၀၂၂)ရက်နေ့တွင် ဇနီး၏မိဘနေအိမ်သို့ အလည်အပတ်ခေါ်ဆောင်သွားရာ ရက်အတန်ကြာနေထိုင်ပြီး ပြန်ရောက်မလာသဖြင့် လိုက်ခေါ်ခဲ့သော်လည်း တွေ့ဆုံပေးခြင်းမရှိဘဲ နည်းမျိုးစုံဖြင့် တိမ်းရှောင်နေမှုကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)သို့ အိမ်ထောင်ရေးကိစ္စတွေ့ဆုံညှိနှိုင်းဖြေရှင်းပေးပါရန် (၂၁–၁–၂၀၂၂)ရက်နေ့တွင် လျှောက်ထားခဲ့ပါသည်။ ယင်းအဖွဲ့ချုပ်(ဗဟို)မှ အကြိမ်ကြိမ်ဆင့်ခေါ်ခဲ့သော်လည်း လာရောက်ရှင်းလင်းဆောင်ရွက်ခြင်း မရှိပါ။ မပိုင်စုလှိုင်(ခ) ရိုမာနဟ်ဘီသည် ကျွန်ုပ်၏မိတ်ဆွေ ကိုစိုးထက်အောင်(ခ) မော်လဝီရဟ်မသွလ္လာဟ်၏ လက်ထပ်ထိမ်းမြားမှုအောက်တွင် တည်ရှိနေသည့် “တရားဝင်ဇနီး”ဖြစ်သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ အခြားသော နည်းလမ်းများဖြင့် တစ်ဖက်သတ်ကွာရှင်းခြင်းမျိုးကို သဘောတူလက်ခံမည် မဟုတ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေ၏ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ကိုစိုးထက်အောင်(ခ) မော်လဝီရဟ်မသွလ္လာဟ်** | **ဦးမြတ်သန်းဦး** |
| **[၁၄/ဝခမ(နိုင်) ၃၁၁၅၀၀]** | **[B.A(Eco),H.G.P,D–A(1)]** |
| **သာကေတမြို့နယ်၊ ရန်ကုန်မြို့။** | **အထက်တန်းရှေ့နေ(စဉ်–၁၀၂၂၀)** |
| **ဖုန်း–၀၉–၉၅၁၀၈၆၀၉၇** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း–၀၉–၇၈၃၅၄၂၉၀၀** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ **MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ ပြည်တွင်းစီးပွားရေးဖြစ်သည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်များ ရရှိနိုင်စေရန်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝတ်စုံပြည့် အစမ်းလေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝတ်စုံပြည့် အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်ရေးပြတပ်ရင်း၊ တပ်ခွဲများ၊ ယန္တရားတပ်ခွဲများ၊ ဂုဏ်ပြုယာဉ်များ၊ လေယာဉ်များ၊ ရဟတ်ယာဉ်များ ချီတက်အလေးပြုမှု၊ ကျောင်းသား ကျောင်းသူလေးများ၏ စာလုံးသရုပ်ဖော်ပြသမှု၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေမှု အပါအဝင် အစီအစဉ်အလိုက် လေ့ကျင့်ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❐

ယနေ့ ဖတ်စရာ



**အမေရိကန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချင်ကောင်း နိုင်ငံခြားရေးဝန်ကြီးဖြစ်လာ**

စာမျက်နှာ » ၁၃

## ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒို တစ်နှစ်လုပ်ခလစာ ပေါင် ၁၇၇ သန်းဖြင့် ဆော်ဒီအာရေဗျကလပ် အယ်လ်နာဆားအသင်းသို့ ပြောင်းရွှေ့

ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ၂၀၂၅ ခုနှစ်အထိ ဆက်ရှိနေမယ့်စာချုပ်တစ်ရပ်ချုပ်ဆိုကာ ဆော်ဒီအာရေဗျကလပ် အယ်လ်နာဆားအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ မန်ယူအသင်းနဲ့အတူ တစ်ပတ်လုပ်ခလစာပေါင် ငါးသိန်းနဲ့ စာချုပ်သက်တမ်း ခုနစ်လကျန်ရှိနေပေမယ့် အငြင်းပွားဖွယ်ရာအင်တာဗျူးကြောင့် အိုးထရက်ဖို့ဒ်ကနေ ချက်ချင်းထွက်ခွာဖို့ သဘောတူညီခဲ့တာဖြစ်ပါတယ်။




တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ မန်ယူအသင်းကို ဝေဖန်ခဲ့တဲ့ အငြင်းပွားဖွယ်ရာအင်တာဗျူးကြောင့် စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ✪